မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၆ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ် (၂၇၅)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# COVID–19 နှင့် ဆောက်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 နှင့် ဆောက်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ ဆောက်လုပ်ရေး အလုပ်သမား လက်သမားအဖွဲ့ခေါင်းဆောင် ဦးငွေးလွင်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးစဉ်။ သတင်းစဉ်

နေပြည်တော် ဇူလိုင် ၃

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် COVID–19 နှင့် ဆောက်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ ဆောက်လုပ်ရေးအလုပ်သမား လက်သမားအဖွဲ့ခေါင်းဆောင် ဦးငွေးလွင်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများကို အပြန်အလှန် ဆွေးနွေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**အစိုးရအနေဖြင့် ကိုဗစ်ဖြစ်ပွားနေသည့်အချိန်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ မရပ်တန့်သွားစေရန်၊ ဆောက်လုပ်ရေးလုပ်ငန်းများဆက်လက်လည်ပတ်ရင်း ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့် ပြည်သူများ၏ ကျန်းမာရေးမထိခိုက်စေရန်နှင့် ကိုဗစ်ရောဂါသည် ဆောက်လုပ်ရေးအလုပ်သမားများကြားတွင် မပြန့်ပွားစေရန်အတွက် သတိထားရ**

# ကချင်ပြည်နယ် ဖားကန့်မြို့နယ် မြေစာပုံပြိုကျမှုဖြစ်စဉ်နှင့် ပတ်သက်၍ ကနဦးအခြေအနေများကို စိစစ်လေ့လာခြင်းနှင့် ပံ့ပိုးကူညီမှုများပေးခြင်းများ ဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၃

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေခါကျေးရွာ၌ ဇူလိုင် ၂ ရက် နံနက် ၇ နာရီဝန်းကျင်တွင် မြေစာပုံပြိုကျမှုဖြစ်စဉ်ဖြစ်ပွားခဲ့ရာ ကချင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အောက်ရှိ ဖားကန့်မြို့နယ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့ဝင်များ၊ တပ်မတော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ညနေအထိ သေဆုံးသူရုပ်အလောင်း ၁၇၂ လောင်း ရှာဖွေတွေ့ရှိခဲ့ပြီး ဒဏ်ရာရရှိသူ ကျား ၄၃ ဦးကို ရှာဖွေကယ်ဆယ်ခဲ့သည်။

သေဆုံးသူများကို စိစစ်ခြင်းနှင့် မိသားစုဝင်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ သေဆုံးသူများကို သင်္ဂြိုဟ်ခြင်း၊ ဒဏ်ရာရရှိသူများကို ဆေးရုံများသို့ ပို့ဆောင်ပေးခြင်းနှင့် အခြားအရေးပေါ် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ဒဏ်ရာရရှိသူများအနက် ဝေခါတိုက်နယ်ဆေးရုံတွင် ကိုးဦး၊ ဖားကန့်မြို့နယ်ဆေးရုံတွင် ၁၇ ဦး၊ မြစ်ကြီးနားဆေးရုံတွင် ခြောက်ဦး စုစုပေါင်း ၃၂ ဦး ဆေးရုံ တက်ရောက်ကုသလျက်ရှိသည်။

မြေစာပုံပြိုကျမှုဖြစ်စဉ်နှင့် ပတ်သက်၍ ကနဦးအခြေအနေများကို စိစစ်လေ့လာခြင်းနှင့် ပံ့ပိုးကူညီမှုများပေးခြင်းများကို ဆောင်ရွက်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

*စာမျက်နှာ ၇ ကော်လံ ၁* ❄

**လုံးခင်း၊ ဖားကန့်ရတနာနယ်မြေအတွင်း မြေပြိုကျမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း**

စာ–၂

**အမျိုးသမီးများ စွမ်းပကားဖြင့် ကိုဗစ်–၁၉ ရန်ကို တိုက်ထုတ်ခြင်း**

ဆောင်းပါး စာ–၁၆

မြန်မာ့အလင်း

# ညီညွတ်ရေးနှင့် အလုပ်လုပ်ရေး

၁၉၄၇ ခုနှစ်၊ ဇွန် ဇူလိုင် မိုးဦးနေ့ရက်များ။ မြန်မာနိုင်ငံသည် လွတ်လပ်ရေးဆီ ဦးတည်လျက် တောင်ပေါ်မြေပြန့်မကျန် တိုင်းရင်းသားသွေးချင်းများအားလုံး တစ်ခဲနက်သွေးစည်းညီညွတ်လျက် ရှိကြသည်။ တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးအတွက် လမ်းညွှန်ပြဋ္ဌာန်းချက်များကို အဆိုတင်သွင်းဆွေးနွေးသည်။ မဝေးတော့သည့်အနာဂတ်မှာ လွတ်လပ်လာမည့် ပြည်ထောင်စုနိုင်ငံတော်ကို ပုံဖော်ခြင်းလည်း ဖြစ်သည်။ ဇူလိုင် ၁၃ ရက်နေ့ ရန်ကုန်မြို့တော်ခန်းမတွင်ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင်မူ လွတ်လပ်ရေးကို တစ်နှစ်အတွင်း ရစေရန် အာမခံကြောင်း ကတိစကားနှင့်အတူ လွတ်လပ်ရေးရပါက လွတ်လပ်ရေးနှင့် ထိုက်တန်အောင် အလုပ်ကြိုးစားလုပ်ကြစေလိုကြောင်းလည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တိုက်တွန်းပြောကြားခဲ့သည်။

ရန်ကုန်မြို့တော်ခန်းမ ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်ပြောကြားခဲ့သည့် မိန့်ခွန်းက နောက်ဆုံးမိန့်ခွန်း ဖြစ်ခဲ့သည်။ လွတ်လပ်တော့မည့် မြန်မာနိုင်ငံ၏ နိုင်ငံသူ နိုင်ငံသားများကို မှာကြားခဲ့သည့် ဗိုလ်ချုပ်၏မိန့်ခွန်းက အစဉ်ထာဝရ အမှတ်ရစရာ ဖြစ်ခဲ့သည်။ "တစ်နှစ်လောက် ကျုပ်တို့ကို စောင့်ကြည့်တဲ့အခါမှာ ကျုပ်တို့ဟာ ဘယ်လိုလူစားတွေလဲ၊ ရာဇဝင်မှာ အရေးခံမယ့် လူစားမျိုးတွေလား၊ ရာဇဝင်မှာ အဆဲခံမယ့် လူစားမျိုးတွေလားဆိုတာ ခင်ဗျားတို့ကိုယ်တိုင် သိပါလိမ့်မယ်" ဟု ပြောကြားခဲ့သည့်အတိုင်းပင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများက အသက်စွန့်ကာ ရာဇဝင်ရေးထိုးသွားခဲ့သည်။ မြို့တော်ခန်းမ ပြည်သူ့အစည်းအဝေးကြီးတွင် မြို့တော်ခန်းမ၏ လသာဆောင်ပေါ်မှနေ၍ ပြည်သူကို တိုက်ရိုက်ပြောကြားခဲ့သည့် ဗိုလ်ချုပ်၏ နောက်ဆုံးမိန့်ခွန်းမှာ စည်းလုံးညီညွတ်ကြရေးနှင့် ကြိုးပမ်းအလုပ်လုပ်ကြရေးဖြစ်သည်။ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီးသည့်နောက်တွင်လည်း ထိုအရေးနှစ်ပါးသည် မိမိတို့နိုင်ငံအတွက် အဓိကလမ်းညွှန်ချက် ဖြစ်နေဆဲ။

"လွတ်လပ်ရေးဆိုတိုင်း ပဒေသာပင် မြေကမပေါက်နိုင်ဘူးဆိုတာကို ခင်ဗျားတို့ကို ကျွန်တော်ရှင်းခဲ့ချင်တယ်၊ ဘာဖြစ်လို့လဲဆိုလို့ရှိရင် ခင်ဗျားတို့ စိတ်ထဲမှာ လွတ်လပ်ရေးရတော့မယ်ဆိုလို့ရှိရင်၊ စိတ်ကူးက ဘယ်လိုစိတ်ကူးကြသလဲ ဆိုလို့ရှိရင်၊ ပဒေသာပင်ကြီး ချက်ချင်းနေ့ချင်းညချင်း ပေါက်လာကြတော့မလို ခင်ဗျားတို့ ထင်ကြတဲ့လူတွေများကြတယ်" ... "ပဒေသာပင်ပေါက်အောင်ဆိုရင် ကျွန်တော်တို့ အလုပ်လုပ်မှဖြစ်မယ်ဆိုတာ ခင်ဗျားတို့ နားလည်စေချင်တယ်၊ အဲဒီတော့ လွတ်လပ်ရေး ရပင်ရသော်ငြားလည်း လွတ်လပ်ရေးရဲ့ တာဝန်တွေကို ကျွန်တော်တို့က မထမ်းဆောင်ချင်ဘူးဆိုရင် ခင်ဗျားတို့ရတဲ့ လွတ်လပ်ရေးဟာ ဒီကနေ့ရပြီး မနက်ဖြန်ခါ တခြားလက်ပြန်ပါသွားမှာပဲဆိုတာ ခင်ဗျားတို့ သိစေချင်တယ်" ဆိုသည့် ဗိုလ်ချုပ်၏ မိန့်မှာချက်များသည် လွတ်လပ်ရေးအကြိုကာလအတွက်သာမက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးတည်ကြိုးပမ်းနေကြရသည့် ပစ္စုပ္ပန်ကာလအတွက်လည်း လိုက်နာဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပြီ။ မိမိတို့နိုင်ငံကဲ့သို့ပင် ဒုတိယကမ္ဘာစစ်အပြီး ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ခဲ့ကြသည့် နိုင်ငံများ၊ မရှေးမနှောင်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို လွတ်လပ်ခဲ့ကြသည့် နိုင်ငံများတို့မှာ ၎င်းတို့၏ အမျိုးသားအကျိုးစီးပွားတို့ကို ကြိုးပမ်းဖော်ဆောင်ခဲ့ကြရင်း အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်နေကြပြီဖြစ်သည်။ သူများခြေလှမ်း တစ်လှမ်းလှမ်းလျှင် မိမိတို့ ခြေလှမ်း လေး၊ ငါး၊ ဆယ်လှမ်း လှမ်း၍ လိုက်နိုင်မှ နောင် ၁၀ နှစ်၊ အနှစ် ၂၀ တွင် တန်းတူဖြစ်မည်ဟူ၍ ဗိုလ်ချုပ်က မိန့်ကြားခဲ့သည့်အတိုင်း မျက်မှောက်ကာလတွင်မူ လေး၊ ငါး၊ ဆယ်လှမ်းမက လှမ်းနိုင်ကြဖို့ လိုနေပြီဖြစ်သည်။

လွတ်လပ်ရေးအကြိုကာလ မိမိတို့ ဘိုးဘွားတို့လက်ထက်က စည်းလုံးညီညွတ်မှုမျိုး၊ ရုန်းကန်ကြိုးပမ်းအလုပ်လုပ်ခဲ့ကြသည့် ဖွဲ့သတ္တိမျိုး တစ်ဖန်ပြန်လည်ရယူကာ မိမိတို့ ရည်မှန်းထားသည့် နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်ကြပါစေကြောင်း။ ။

## လုံးခင်း၊ ဖားကန့်ရတနာနယ်မြေအတွင်း မြေပြိုကျမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ်၊ ၈၄/၂၀၂၀
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်)

**လုံးခင်း၊ ဖားကန့်ရတနာနယ်မြေအတွင်း မြေပြိုကျမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်း၊ ဖားကန့်ရတနာနယ်မြေတွင် ၂-၇-၂၀၂၀ ရက် (နံနက်ပိုင်း)၌ မြေပြိုကျခဲ့၍ ရေမဆေးကျောက်ရှာဖွေသူများ သေဆုံး/ထိခိုက်ဒဏ်ရာရမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန်အတွက် **"လုံးခင်း၊ ဖားကန့်ရတနာနယ်မြေအတွင်း မြေပြိုကျမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဦးအုန်းဝင်း — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(ခ) ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ဒေါက်တာဝင်းမြတ်အေး — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

(ဃ) ဒေါက်တာခက်အောင် — အဖွဲ့ဝင်
ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

(င) ဦးမင်းသူ — အတွင်းရေးမှူး
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
ဝန်ကြီးဌာန

(စ) ဦးထွန်းဇော် — တွဲဖက်အတွင်းရေးမှူး
အတွင်းရေးမှူး
ကချင်ပြည်နယ်အစိုးရအဖွဲ့

၂။ "လုံးခင်း၊ ဖားကန့်ရတနာနယ်မြေအတွင်း မြေပြိုကျမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့" ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြေပြိုကျခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားရသည့်အကြောင်းအရင်းကို စုံစမ်းဖော်ထုတ်ရန်၊
(ခ) ဖြစ်စဉ်နှင့်စပ်လျဉ်းသည့် တာဝန်ရှိသူအဆင့်ဆင့်ကို စုံစမ်းဖော်ထုတ်ရန်၊
(ဂ) ဖြစ်စဉ်တွင် သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများ၏ မိသားစုများအတွက် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ စီစဉ်ဆောင်ရွက်ပေးရန်၊
(ဃ) နောင်အလားတူဖြစ်စဉ် မဖြစ်ပွားစေရေးအတွက် လုံခြုံရေးအပါအဝင် ဆောင်ရွက်ရမည့် အစီအမံများကို အကြံပြုတင်ပြရန်၊

၃။ "လုံးခင်း၊ ဖားကန့်ရတနာနယ်မြေအတွင်း မြေပြိုကျမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့" ၏ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို နိုင်ငံတော်သမ္မတရုံးသို့ ဆောလျင်စွာအစီရင်ခံတင်ပြရန် ဖြစ်ပါသည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် နှစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၂၀ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် နှစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် နှစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၉-၆-၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၅/၂၀၁၇) နှင့် ၁၅-၅-၂၀၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၃/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် (၂) ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၆၈၈၄<br>ဗိုလ်မှူးကြီး<br>သန်းထွန်းအောင် | အစား | ကြည်း ၂၄၉၉၃<br>ဗိုလ်မှူးကြီး<br>ဝင်းတင်စိုး |

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

| | | | |
|---|---|---|---|
| (၂) | ကြည်း ၂၇၁၈၉<br>ဗိုလ်မှူးကြီး<br>အောင်စိုးမိုး | အစား | ကြည်း ၂၁၈၉၇<br>ဗိုလ်မှူးကြီး<br>ဝင်းတင့် |

( လှသိန်း )
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## စိုက်ပျိုးသီးနှံဈေးကွက်အဆင်ပြေစေရေး သမဝါယမကဏ္ဍဖြင့် ဆောင်ရွက်ပေး

**မကွေး ဇွန် ၃**

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် သမဝါယမအသင်းသား တောင်သူများ စိုက်ပျိုးထုတ်လုပ်သောသီးနှံများကို ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ကုန်စည်ရောင်းဝယ်ဖောက်ကားမှု မှန်ကန်စွာလည်ပတ်နိုင်ရေးအတွက် သမဝါယမကဏ္ဍမှ No Profit No Loss အစီအစဉ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများမှ သမဝါယမအသင်းစုချုပ်များနှင့် ချိတ်ဆက်၍ ဆိပ်ဖြူဒေသထွက်ကုန် ကြက်သွန်နီ(လတ်ကြီး/လတ်သန့်) ပိဿာချိန် ၁၈၀၀၀ ကျော်အား တစ်ပိဿာလျှင် ငွေကျပ် ၄၉၀ နှုန်းဖြင့် ဝယ်ယူကာ ယင်းဒေသများရှိ အသင်းသား ပြည်သူများအား သက်သာစွာ စားသုံးနိုင်ရန်အတွက် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။



ထို့ပြင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ပခမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အသင်းသား တောင်သူများ စိုက်ပျိုးထုတ်လုပ်သော ကြက်သွန်နီ ပိဿာချိန် ၁၀၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသင်းသားပြည်သူများ ဈေးနှုန်းချိုသာစွာ စားသုံးနိုင်ရေးအတွက် ရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူသာလျှင် အဓိက

❖ *ရှေ့ဖုံးမှ*

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြောမည့်နေ့တွင် အားလုံး သိရှိပြီးဖြစ်သည့်အတိုင်း ဝမ်းနည်းစွာဖြင့် ဖားကန့်ကိစ္စအား ကြားကြမည် ဖြစ်ပါကြောင်း၊ ဖားကန့်အကြောင်းနှင့် တစ်ဆက်တည်းပြောလိုသည်မှာ မိမိတို့နိုင်ငံအတွက်လည်း ဝမ်းနည်းစရာကိစ္စတစ်ခု ဖြစ်ပါကြောင်း၊ နောက်တစ်ခုမှာ မိမိတို့အခြေခံပြည်သူများ၏ စားဝတ်နေရေးခက်ခဲမှုနှင့် ပတ်သက်နေသည့် ကိစ္စတစ်ခု ဖြစ်ပါကြောင်း၊ ဖားကန့်တွင် ကျောက်တူးခြင်းမှာ မိမိတို့ ပြည်သူအများစုသည် ဝမ်းစာအတွက် သွားရောက်လုပ်ကိုင်ခြင်း ဖြစ်ပါကြောင်း၊ ယခုကွယ်လွန်သွားသည့် သူများထဲတွင် တရားမဝင်တူးနေသူများ အများစု ပါဝင်ပါကြောင်း။

## ဆောက်လုပ်ရေးကဏ္ဍ များစွာအရေးကြီး

ယင်းကဲ့သို့ တရားမဝင် ကျောက်တူးနေခြင်းမှာ တရားဝင်အလုပ်ရှာရန် ခက်ခဲနေသည့် အခြေအနေတွင် မိမိတို့နိုင်ငံသည် အတိုင်းအတာတစ်ခုအထိ ရှိနေသည်ကို လက်ခံရင်ဆိုင်ရမည် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ တရားဝင်အလုပ်အကိုင်ရရှိရေးကို အလေးထားပါကြောင်း၊ ယင်းသို့ တရားဝင်အလုပ်အကိုင်ရရှိရေး အလေးထားသည့်အထဲတွင် ဆောက်လုပ်ရေး ကဏ္ဍသည် များစွာအရေးကြီးပါကြောင်း၊ ယင်းသို့ ပြောကြားရခြင်းမှာ အထူးသဖြင့် ကိုဗစ်နှင့် ပတ်သက်သည့် လုပ်ငန်းများတွင် ဆောက်လုပ်ရေး ကဏ္ဍသည် အထူးပါဝင်သည်ကို ပြောကြားလိုပါကြောင်း၊ ဆောက်လုပ်ရေး သည် ရပ်ထား၍လည်းမရပါကြောင်း၊ နိုင်ငံ၏ အခြေခံအဆောက်အအုံများ နှင့်လည်း ဆက်နွှယ်နေပါကြောင်း။

ထို့ပြင် ဆောက်လုပ်ရေးဘက်တွင် ကျန်းမာရေးစည်းမျဉ်း စည်းကမ်းနှင့် ကိုက်ညီစေရန် လုပ်ဆောင်ပေးနိုင်သည့် အခွင့်အလမ်းများစွာ ရှိပါကြောင်း၊ တချို့လုပ်ငန်းများတွင် ခွာ၍ လုပ်ကိုင်ရန် မလွယ်ကူပါကြောင်း၊ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများကို တိတိကျကျ လိုက်နာရန် တချို့လုပ်ငန်းများတွင် မလွယ်ကူပါကြောင်း၊ သို့သော် ဆောက်လုပ်ရေးသည် ယင်းအပိုင်းတွင် ကိုင်တွယ်၍ အထိရောက်ဆုံး ကဏ္ဍတစ်ခုဖြစ်သည့်အတွက် ဆောက်လုပ်ရေးကို စောစီးစွာ ပြန်လည် လုပ်ကိုင်ခွင့်ပေးခြင်း ဖြစ်ပါကြောင်း။

## အားလုံးပူးပေါင်းဆောင်ရွက်ရမည်

ဆောက်လုပ်ရေးသည် အမြဲလိုအပ်နေပါကြောင်း၊ ဆောက်လုပ်ရေး သည် အမျိုးမျိုးရှိပါကြောင်း၊ အခြေခံအားဖြင့် လမ်း၊ တံတားသည် ပြည်သူများ အတွက် များစွာအရေးကြီးပါကြောင်း၊ အဆောက်အဦများ ဆောက်လုပ် ခြင်းသည် ပြည်သူများအတွက် အလုပ်ရနိုင်ပြီး တက်လမ်းလည်း ပွင့်စေသည့် လုပ်ငန်းတစ်ခု ဖြစ်စေလိုပါကြောင်း၊ ယနေ့ ဆွေးနွေးရန်လာသူများတွင် ဦးကျော်လင်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဖြစ်ပါ ကြောင်း၊ ဦးဌေးလွင်သည် ဆောက်လုပ်ရေးတွင် ထဲထဲဝင်ဝင် လုပ်ကိုင်နေသူ ဖြစ်ပါကြောင်း၊ ဦးရှိန်ဝင်းသည် ဆောက်လုပ်ရေးလုပ်ငန်းဘက်မှ လုပ်ငန်းရှင် တစ်ယောက်ဖြစ်ပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါ ကြောင်း၊ အလုပ်သမားများနှင့် လုပ်ငန်းရှင်များ အားလုံးပူးပေါင်း ဆောင်ရွက် နိုင်စေရန် နိုင်ငံတော်အစိုးရမှ စီမံခန့်ခွဲပေးရပါကြောင်း။

အစိုးရအနေဖြင့် ကိုဗစ်ဖြစ်ပွားနေသည့်အချိန်တွင် ဆောက်လုပ်ရေး လုပ်ငန်းများ မရပ်တန့်သွားစေရန်၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆက်လက် လည်ပတ်ရင်း ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေကြသည့် ပြည်သူများ၏ ကျန်းမာရေးမထိခိုက်စေရန်နှင့် ကိုဗစ်ရောဂါသည် ဆောက်လုပ် ရေးအလုပ်သမားများကြားတွင် မပြန့်ပွားစေရန်အတွက် သတိထားရပါ ကြောင်း၊ ကိုဗစ်အလွန်ကာလကိုလည်း ကြည့်ရပါကြောင်း၊ ယင်းမှာ အမြဲတမ်း သတိပြုရမည့်ကိစ္စဖြစ်ပါကြောင်း၊ ကိုဗစ်ကာလကြောင့် နိုင်ငံ၏ စက်ယန္တရား ကြီးသည် ရပ်တန့်သွားမည် မဟုတ်ပါကြောင်း၊ ဆက်လက်လည်ပတ်ရမည် ဖြစ်ပါကြောင်း၊ ဆက်လက်လည်ပတ်ရာတွင် တိုးတက်သည့်ဘက်ကို လည်စေ လိုပါကြောင်း ပြောကြားသည်။

## ကိုဗစ်-၁၉ သက်ရောက်မှု

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်းက ဆောက်လုပ်ရေးကဏ္ဍကြီးတစ်ရပ်လုံးအပေါ် သက်ရောက်မှု အနေဖြင့် ဆောက်လုပ်ရေးကဏ္ဍကြီးတစ်ရပ်လုံးကို မှီခိုနေသည့် လူဦးရေမှာ ၂၀၁၈ စာရင်းအရ ၁ ဒသမ ၃၇ သန်း ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် အဓိက ထိခိုက်သူများသည် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ အထွေထွေလုပ်သား စသည့် အောက်ခြေလုပ်သားအများစု ဖြစ်ပါကြောင်း၊ ၎င်းလုပ်သားအားလုံး နီးပါးသည် တန်စား၊ ပေစား၊ ကျင်းစားနှုန်းဖြင့် ပုတ်ပြတ်လုပ်သားများ ဖြစ်ပါ ကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ သက်ရောက်မှုသည် ဆောက်လုပ်ရေးလုပ်ငန်း များ ရပ်ဆိုင်းသွားချိန်တွင် အခြေခံလူတန်းစားများ၏ စားဝတ်နေရေးကို တိုက်ရိုက်ထိခိုက်ပါကြောင်း။

ဆောက်လုပ်ရေးကဏ္ဍတွင် အဓိကအားဖြင့် နိုင်ငံတော်အစိုးရဘတ်ဂျက် ဖြင့် ရင်းနှီးမြှုပ်နှံသည့် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှု များဖြင့် ဆောင်ရွက်သည့် ဆောက်လုပ်ရေးလုပ်ငန်းများဟူ၍ နှစ်မျိုး ရှိပါ ကြောင်း၊ နိုင်ငံတော်အစိုးရဘတ်ဂျက်ဖြင့် ရင်းနှီးမြှုပ်နှံသည့် ဆောက်လုပ်ရေး လုပ်ငန်းများတွင် နိုင်ငံတော်၏ ပြည်တွင်းသုံးငွေဖြင့် ငွေလုံးငွေရင်းကဏ္ဍ ရင်းနှီးမြှုပ်နှံခြင်းလုပ်ငန်းနှင့် နိုင်ငံတကာချေးငွေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ဟူ၍ နှစ်မျိုး ရှိပါကြောင်း၊ ပြည်တွင်းသုံးဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းတန်ဖိုးသည် ပြည်ထောင်စုဝန်ကြီးဌာနများမှ နှစ်စဉ် ငွေကျပ်ဘီလီယံ ၅၀၀၀ ကျော်ရှိပြီး နိုင်ငံတကာချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းမှာ နှစ်စဉ်ငွေကျပ် ဘီလီယံ ၂၀၀၀ ကျော် ရှိပါကြောင်း။

ပြည်တွင်းသုံးဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် ဆောက်လုပ်ရေး လုပ်ငန်းများအနေဖြင့် ကိုဗစ်-၁၉ စတင်သည့် မတ်လကုန်ပိုင်းမှစ၍ ဧပြီလ တစ်လလုံး ဆောက်လုပ်ရေးလုပ်ငန်းများ အားလုံးနီးပါး ရပ်ဆိုင်းသွားခဲ့ ပါကြောင်း၊ သို့သော်လည်း မေလပထမပတ်မှစ၍ ပြည်တွင်းသုံးငွေဖြင့် ဘတ်ဂျက်ချမှတ်သည့် လုပ်ငန်းအားလုံးနီးပါး ပြန်လည်စတင်နေပြီး ယခုအခါ နိုင်ငံတော်၏ ပြည်တွင်းသုံးငွေနှင့် ဆောင်ရွက်သည့် လုပ်ငန်းအားလုံးနီးပါး ပုံမှန်အခြေအနေအတိုင်း ပြန်လည်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

## ငွေကြေးလည်ပတ်မှုအခက်အခဲများ ကြုံတွေ့

တွေ့ကြုံရသည့် အခက်အခဲများအနေဖြင့် လုပ်ငန်းအများစုသည် ပုံမှန် အတိုင်း စက်တင်ဘာလကုန်တွင် ပြီးစီးမည်ဖြစ်ပြီး လုပ်ငန်းအနည်းစုသည် ကိုဗစ်-၁၉ ကြောင့် အချိန်ကာလနောက်ကျခြင်းနှင့် လက်ရှိမိုးရာသီရောက်ရှိ နေခြင်းကြောင့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ ၃ လကို ထပ်တိုးဆောင်ရွက်ခွင့် တောင်းခံထားသောကြောင့် အချို့လုပ်ငန်းများကို လုပ်ငန်းပြီးစီးချိန်တွင် စစ်ဆေးရေးအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ စစ်ဆေးမပေးနိုင်၍ ငွေထုတ်ပေးမှုနောက်ကျနေခြင်းများကြောင့် ကုမ္ပဏီ ငယ်များ၏ ငွေကြေးလည်ပတ်မှု အခက်အခဲများ ကြုံတွေ့နေရပါကြောင်း။

နိုင်ငံတကာချေးငွေဖြင့် ဆောင်ရွက်သည့် ဆောက်လုပ်ရေးစီမံကိန်းများ အနေဖြင့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှု ပိုမိုရှိပါကြောင်း၊ ပြည်ပမှ စက်ယာဉ် ယန္တရားနှင့် ဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းမှု နောက်ကျခြင်းနှင့် နိုင်ငံခြားသား ပညာရှင်များလာရောက်ရန် အခက်အခဲများကြောင့် အဓိက ထိခိုက်ရခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတကာချေးငွေအနေဖြင့် ADB, World Bank, JICA တို့မှ ထပ်မံ ကမ်းလှမ်းထားမှုများရှိပါကြောင်း၊ ကက်ဘိနက်နှင့် ပြည်ထောင်စုလွှတ်တော်မှ သဘောတူခွင့်ပြုပါက အဆိုပါ Project များ ၂၀၂၁ ခုနှစ်တွင် စတင်နိုင်မည်ဖြစ်ပါကြောင်း။

## သက်ရောက်မှုကြီးမားခဲ့

ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်သည့် ဆောက်လုပ်ရေး လုပ်ငန်းများအနေဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်လုပ်ငန်းအတွက် တည်ဆောက်ခြင်း၊ သာသနာရေးဆိုင်ရာ အဆောက် အဦ တည်ဆောက်ခြင်းနှင့် Developer များဟူ၍ ၃ ပိုင်း ရှိပါကြောင်း၊ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်လုပ်ငန်းအတွက် တည်ဆောက်သူများနှင့် သာသနာ ရေးဆိုင်ရာ အဆောက်အဦတည်ဆောက်သူများသည် ကိုဗစ်-၁၉ စတင် သည့် မတ်လ၊ ဧပြီလများတွင် လုပ်ငန်းများ ရပ်ဆိုင်းသွားသော်လည်း မေလမှ စတင်၍ ပြန်လည်ဆောင်ရွက်နေကြပြီ ဖြစ်ပါကြောင်း၊ သို့သော် ပုံမှန်အခြေအနေအောက် ၄၀ ရာခိုင်နှုန်းခန့် လျော့နည်းနေပါကြောင်း၊ အဓိက အထိနာသည့် အပိုင်းမှာ Developer များက ရင်းနှီးမြှုပ်နှံသည့်အပိုင်း ဖြစ်ပါ ကြောင်း၊ အိမ်ရာအရောင်းအဝယ်သည် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် စတင်အေးစက် နေပြီး ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ကာလအတွင်း ရပ်ဆိုင်းသလိုဖြစ်သွား၍ ဘဏ်ချေးငွေဖြင့် ဆောင်ရွက်နေသည့် Developer များအတွက် သက်ရောက်မှု ကြီးမားခဲ့ပါကြောင်း။

ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး ဆောင်ရွက်ချက်များအနေဖြင့် ကိုဗစ် စတင်သည့် မတ်လကုန်ပိုင်းတွင် လုပ်သားများအား ကိုဗစ်-၁၉ အန္တရာယ် အသိပညာပေးခြင်း၊ လုပ်ငန်းခွင်ဝင်ရောက်ချိန် အပူချိန်တိုင်းတာခြင်း၊ လက်ဆေးခြင်း၊ Social Distancing စသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြား ချက်များပေးခြင်း၊ Mask များ၊ သာမိုမီတာများ ဖြန့်ဝေပေးခြင်း၊ လက်ဆေး ကန်များ တည်ဆောက်စေခြင်း၊ အများသုံးရေအိုးစင်များ ဖြုတ်သိမ်းထားခြင်း၊ စားသောက်နေရာများကို ၆ ပေစီခြား၍ ပြန်လည်စီစဉ်ခြင်း၊ ကိုဗစ်-၁၉ ကာလအတွင်း အခြေခံစားသောက်ကုန်များ ဖြန့်ဝေပေးခြင်း၊ ဆေးရုံများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ ကိုဗစ်-၁၉ ရောဂါ ကုသရေး အတွက် အလှူငွေများ၊ Mask၊ သာမိုမီတာ၊ PPE ဝတ်စုံများ လှူဒါန်းခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် Facilities Quarantine ဧရိယာအသုံးပြုနိုင်ရန် ဝန်ကြီးဌာနများမှ တိုက်ခန်း ၂၃၆၈ ခန်းအား ညှိနှိုင်း အသုံးပြုခွင့်ပေးထားပါကြောင်း။

## အလုပ်အကိုင်အခွင့်အလမ်းများ တိုးလာနိုင်

အင်ဂျင်နီယာများနှင့် ဗိသုကာများကဏ္ဍတွင် ကိုဗစ်-၁၉ ကြောင့် Stay Home ကာလအတွင်း လစာငွေ လျှော့ယူရမှုမျိုးရှိသော်လည်း ယခုအခါ ပုံမှန် ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း၊ သွင်းအားစုလုပ်ငန်းများအနေဖြင့် သံချောင်း၊ ဘိလပ်မြေ၊ အုတ်၊ သဲ၊ ကျောက် Demand များ ပုံမှန်၏ ၃၀ ရာခိုင်နှုန်း လျော့ကျနေသော်လည်း ပစ္စည်းဈေးနှုန်းများမှာ ပုံမှန်ဈေးနှုန်းဖြစ်ပါ ကြောင်း၊ အောက်တိုဘာ၊ နိုဝင်ဘာလခန့်တွင် ပုံမှန်အခြေအနေ ပြန်လည် ရောက်ရှိမည်ဟု ခန့်မှန်းပါကြောင်း၊ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများသည် အလုပ်အကိုင်သင်တန်းပေးရန် မလိုအပ် ပါကြောင်း၊ လက်သမားအကူ၊ သံချည်သံကွေးအကူ၊ ပန်းရန်အကူနှင့် အထွေထွေ လုပ်သား စသည်ဖြင့် ချက်ချင်းဝင်ရောက် လုပ်ကိုင်နိုင်သောကြောင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရန် အလွယ်ဆုံးဖြစ်ပါကြောင်း၊ နိုင်ငံတော် ဘတ်ဂျက်ဖြင့်လည်းကောင်း၊ PPP အစီအစဉ်ဖြင့် လည်းကောင်း၊ Project များဖော်ဆောင်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးလာနိုင် ပါကြောင်း။

CERP အပေါ် ဆောင်ရွက်ခြင်းအနေဖြင့် တံတားဂိတ် ၆၈ ဂိတ်နှင့် လမ်းဂိတ် ၂၄ ဂိတ်တို့အား ဇွန်လ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ လမ်း အသုံးပြုခ ၅၀ ရာခိုင်နှုန်း ဖြေလျှော့ပေးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး အစီအစဉ်အရ PPP လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်ရန် လမ်းတံတားစီမံကိန်း ၄ ခုအား EOI ဖိတ်ခေါ်ထားခြင်းတို့ ဆောင်ရွက်ထားပါကြောင်း။

အထွေထွေတင်ပြချက်အနေဖြင့် အိမ်ရာဝယ်လိုအား တက်လာရန် အတွက် ဘဏ်များမှ အရစ်ကျချေးငွေစံနှုန်းများများ ဖော်ဆောင်ပေးရန်နှင့် နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းများကို နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဖော်ဆောင်ပေးရန် တင်ပြလိုပါကြောင်း၊ တစ်နှစ်လျှင် နိုင်ငံတော်ဘတ်ဂျက် ဘီလီယံ ၂၅၀ ခွင့်ပြုပေးနိုင်ပါက စတုရန်း ပေ ၆၅၀ အိပ်ခန်း ၂ ခန်းပါ အငှားတိုက်ခန်း ၁၀၀၀၀ တည်ဆောက်ပေးနိုင်မည် ဖြစ်ပါကြောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက်ဆောက်လုပ်ရေးအလုပ်သမား လက်သမားအဖွဲ့ခေါင်းဆောင် ဦးဌေးလွင်က မိမိအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လက်သမား ဆရာ လုပ်ပါကြောင်း၊ လုပ်သက် နှစ်(၂၀)ကျော်ရှိပြီဖြစ်ပါကြောင်း၊ လက်ရှိ အခြေအနေတွင် ရန်ကုန်မြို့ရှိ မြန်မာ့ဂုဏ်ရည်လမ်းတွင် (၆)ထပ်တိုက်များ ဆောက်လုပ်နေသည့် ဆောက်လုပ်ရေးဆိုက်ထဲတွင် အလုပ်လုပ်နေပါကြောင်း၊ ယင်းဆိုက်ထဲတွင် မိမိနှင့်အတူ သံချည်၊ သံကွေး၊ ပန်းရန်၊ လက်သမား (၂၀၀) ခန့် အလုပ်ဆင်းပါကြောင်း၊ မိမိတို့အနေဖြင့် တစ်ရက်လျှင် လုပ်အားခ (၁၁၀၀၀) ရပါကြောင်း၊ လုပ်သားအများစုမှာ တစ်ရက် (၉၀၀၀) မှ (၁၅၀၀၀) ခန့်အထိ ရကြပါကြောင်း။

◆ ဖားကန့်အကြောင်းနှင့် တစ်ဆက်တည်းပြောလိုသည်မှာ မိမိတို့နိုင်ငံအတွက်လည်း ဝမ်းနည်းစရာကိစ္စတစ်ခုဖြစ်၊ နောက်တစ်ခုမှာ မိမိတို့အခြေခံပြည်သူများ၏ စားဝတ်နေရေးခက်ခဲမှုနှင့် ပတ်သက်နေသည့် ကိစ္စတစ်ခုဖြစ်၊ ဖားကန့်တွင် ကျောက်တူးခြင်းမှာ မိမိတို့ပြည်သူအများစုသည် ဝမ်းစာအတွက် သွားရောက်လုပ်ကိုင်ခြင်းဖြစ်၊ ယခုကွယ်လွန်သွားသည့် သူများထဲတွင် တရားမဝင်တူးနေသူများ အများစုပါဝင်

◆ မိမိတို့အနေဖြင့် ပြည်သူများ တရားဝင်အလုပ်အကိုင်ရရှိရေးကို အလေးထား၊ ယင်းသို့ တရားဝင်အလုပ်အကိုင်ရရှိရေး အလေးထားသည့်အထဲတွင် ဆောက်လုပ်ရေး ကဏ္ဍသည် များစွာအရေးကြီး

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

### ကိုဗစ်မဖြစ်ရန် စစ်ဆေးကြပ်မတ်

ကိုဗစ်ဖြစ်သည့်အတွက် လုပ်ငန်းခွင်များ ဧပြီလမှ မေလအထိ လုံးဝရပ်ဆိုင်းထားသည့်အချိန်တွင် မိမိတို့စားသောက်ရေးအတွက် မိမိတို့ လုပ်ငန်းရှင်များအနေဖြင့် ဆန်၊ ဆီ၊ ကြက်ဥများ ပေးပါကြောင်း၊ နိုင်ငံတော်ကပေးသည့် ဆန်၊ ဆီများလည်း ရပါကြောင်း၊ ထို့ကြောင့် စားသောက်ရေး အဆင်ပြေခဲ့ပါကြောင်း၊ လုပ်ငန်းများ ပြန်စသည့်အခါ ဆိုက်ထဲမဝင်မီတွင် ကိုယ်ပူချိန်တိုင်းရပါကြောင်း၊ ကိုယ်အပူချိန်ပုံမှန်ဆိုပါက ဆိုက်ထဲဝင်ခွင့် ရရှိပါကြောင်း၊ ဝင်ခွင့်ရသည်နှင့် လက်ဆေး၍ နှာခေါင်းစည်းတပ်ရပါကြောင်း၊ အလုပ်ခွင်တွင် တစ်ယောက်နှင့် တစ်ယောက် (၆) ပေလောက်စီခြားပြီး အလုပ်လုပ်ကြရပါကြောင်း၊ ထမင်းစားချိန်တွင်လည်း (၆)ပေခွာပြီး စားကြရပါကြောင်း၊ ကိုဗစ်မဖြစ်ရန်အတွက် ကြီးကြပ်သည့် တာဝန်ခံအရာရှိနှင့် အဖွဲ့က စစ်ဆေးကြပ်မတ်ကြပါကြောင်း။

အလုပ်သွား အလုပ်ပြန်တွင် အလုပ်ရှင်က ဒိုင်နာကားများ စီစဉ်ပေးပါကြောင်း၊ စက်ဘီးနှင့် လာသည့်သူများလည်း ရှိပါကြောင်း၊ တချို့မှာ ဘတ်စ်ကားဖြင့် လာကြပါကြောင်း၊ ယခု အလုပ်ရှိနေသည့်အတွက် မိမိတို့ စားသောက်ရေး အဆင်ပြေပါကြောင်း၊ အလုပ်(၃)ရက်ခန့် မဆင်းရပါက မိမိတို့အများစုသည် စားစရာမရှိတော့ပါကြောင်း၊ ယင်းအခါတွင် မိမိတို့ နီးစပ်ရာတွင် ပိုက်ဆံချေးပြီး သုံးရပါကြောင်း၊ ကလေးများ ကျောင်းဖွင့်ချိန်တွင် ပိုက်ဆံချေးပြီး သုံးရခြင်းများပါကြောင်း၊ ယခုအခြေအနေတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်အများစုသည် ရပ်ဆိုင်းထားသည့်အတွက် အလုပ်မရှိသည့် လုပ်သားများ တော်တော်လေး အခက်အခဲများ ရှိနေသည်ကို တွေ့ရပါကြောင်း။

မိမိတို့ ဆောက်လုပ်ရေးလုပ်သားများအတွက် တင်ပြလိုသည်မှာ မိမိတို့ လုပ်သားများသည် အလုပ်(၃)ရက်ခန့် မလုပ်ရပါက စားစရာအခက်အခဲဖြစ်ကြသည့်အတွက် ဆောက်လုပ်ရေးဆိုက်များ များလာစေရန် စီစဉ်ပေးရန်နှင့် မိမိတို့အလုပ်မရှိချိန်နှင့် ကျောင်းဖွင့်ချိန်တွင် ငွေချေး၍ ရအောင်စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့ ဆောက်လုပ်ရေးလုပ်သားများသည် နယ်မှ ရန်ကုန်သို့လာပြီး အလုပ်လုပ်ကြသူများ ဖြစ်သည့်အတွက် ရန်ကုန်တွင် နေစရာအိမ် မရှိကြပါကြောင်း၊ အလုပ်ရှင်များ စီစဉ်ပေးသည့် နေရာများတွင် နေရသည့်သူများက အဆင်ပြေပြီး အချို့အနေဖြင့် ကျူးကျော်တဲများတွင် ပြန်ငှားနေကြပါကြောင်း၊ မိမိတို့ လုပ်သားများ စုစည်းပြီး နေ၍ရသည့် မြို့ပြင်များတွင် မြေဝိုင်းများ စီစဉ်ပေးစေလိုပါကြောင်း၊ မိမိတို့ဘာသာ တဲထိုးပြီး နေမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းက နိုင်ငံတော်က ထုတ်ပြန်လိုက်သည့် CERP COVID-19 စီးပွားရေးဆိုင်ရာ သက်သာခွင့်အစီအမံ Guide Line အတိုင်း နိုင်ငံတော်နှင့်အတူ MCEF အသင်းချုပ်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဆောက်လုပ်ရေးလုပ်ငန်းရှင်များ လိုက်နာရသည့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စည်းမျဉ်းစည်းကမ်း၊ ဆောက်လုပ်ရေးလုပ်ငန်းများဆိုင်ရာ ကြီးကြပ်မှုကော်မတီမှ ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့ပါကြောင်း၊ MCEF အသင်းချုပ်နှင့်တကွ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ရှိသည့် အသင်းခွဲများမှတစ်ဆင့် လုပ်ငန်းခွင်အသီးသီးသို့ အကြောင်းကြားခဲ့ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အပူချိန်တိုင်းကိရိယာ၊ ဆပ်ပြာ၊ လက်ဆေးကန်၊ တစ်ရှူးပါ အဝတ် Mask ၊ Hand Spray ၊ လက်သုတ်တစ်ရှူး၊ လက်အိတ်၊ အမှိုက်ပုံး၊ ရေဆိုးမြောင်း၊ မိလ္လာစနစ်၊ ပညာပေးပိုစတာများကို စီမံပြုလုပ်စေခဲ့ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်တိုင်းတွင် COVID-19 ကြီးကြပ်ရေးတာဝန်ခံတစ်ဦး ခန့်အပ်စေပါကြောင်း။

### ပညာပေးမှုများ ဆောင်ရွက်ထား

ပညာပေးပိုစတာများကပ်ခြင်း၊ လက်ဆေးကန် အလုံအလောက်ထားပေးခြင်း၊ စနစ်တကျ လက်ဆေးနိုင်ရန်အတွက် ဆပ်ပြာ၊ ရေ၊ တစ်ရှူးအလုံအလောက် ထောက်ပံ့ပေးရန်တို့ကိုလည်း လမ်းညွှန်ထားရှိပါကြောင်း၊ စားဖိုဆောင်ဝန်ထမ်းများ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စများအနေဖြင့် ဖျားနာ၊ ချောင်းဆိုး၊ အသက်ရှူရခက်၊ အင်အားကုန်ခန်းခြင်း စသည်တို့ကို အထူးသတိပြုရမည်ဖြစ်ကြောင်း၊ ပညာပေးမှုများ ဆောင်ရွက်ထားရှိပါကြောင်း၊ လူစုလူဝေးများ ရှောင်ကြဉ်ရန်နှင့် ပိုစတာ လက်ကမ်းစာစောင်များ သက်ဆိုင်ရာလုပ်ငန်းခွင်၌ ဖြန့်ချိရန်၊ အသံဖိုင်များ နားထောင်နိုင်ရန် ပြုလုပ်စေလျက်ရှိပါကြောင်း၊ အလုပ်သမားများအကြား ကောလာဟလသတင်းအမှားများ ပျံ့နှံ့မှုမရှိစေရေး ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မတ်လ ၂၃ရက် COVID-19 စတင်ချိန်ကာလတွင် ရန်ကုန်တိုင်းဒေသကြီး၌ ဆေးဝါးကုသရန်အတွက် ဝေဘာဂီ၊ ကူးစက်ဆေးရုံတွင် လူနာလက်ခံရန် အရေအတွက် ၂၀၀ သာ ရှိပါကြောင်း၊ ပြည်သူများ ကုသရန်အတွက် အခက်ခဲမရှိစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ဦးဆောင်ပြီး လှည်းကူးမြို့နယ်၊ ဖောင်ကြီးဝန်ထမ်း လေ့ကျင့်ရေးကျောင်းကို Covid-19 Medical Center (အောက်မြန်မာပြည်) ပြောင်းလဲ တည်ဆောက်ရာ၌ ICU (၄)ဆောင်၊ X-ray, CT Scan (၁)ဆောင် အပါအဝင် ကျန်းမာရေးဝန်ထမ်းအဆောင်၊ လူနာဆောင် စုစုပေါင်း (၁၄)ဆောင်နှင့် ခြံစည်းရိုးပေ (၁၀၀၀၀) ခန့်၊ လမ်း၊ Infrastructure အားလုံးကို ဧပြီ ၂ ရက်မှ မေလ ၁ ရက်အပြီး တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ တည်ဆောက်ခဲ့သည့် ကုန်ကျစရိတ် ငွေကျပ်သိန်း(၁၀၀၀၀) ကိုလည်း အပြီးလှူဒါန်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို အပ်နှံပြီးဖြစ်ပါကြောင်း၊ COVID-19 အောက်မြန်မာပြည်ခံတပ်ကို MCEF အသင်းချုပ်အနေဖြင့် အမျိုးသားတာဝန်တစ်ရပ်အနေဖြင့် အခက်အခဲကြားက အချိန်တိုအတွင်း အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့ပါကြောင်း။

### အထွေထွေလုပ်သား ခွဲခြားစာရင်း ကောက်ယူမည်

Covid ကာလ နေပြည်တော်တွင် ဆောက်လုပ်မည့် အငြိမ်းစားဝန်ထမ်းအိမ်ရာ ၁၈၉ လုံးကို MCEF အသင်းချုပ်နှင့် MLCA အသင်းချုပ်တို့သည် ဧပြီလက စတင်ဆောက်လုပ်ပြီး စက်တင်ဘာလတွင် ပထမအသုတ် ပြီးစီးအောင် အကောင်ထည်ဖော် ဆောက်လုပ်နေပါကြောင်း၊ COVID-19 ကာလအတွင်း ပြည်ပက ပြန်ရောက်လာသည့် နိုင်ငံသားများထဲမှ ဇွန်လ ၂၂ ရက်အထိ ဆောက်လုပ်ရေးနှင့် ပတ်သက်သည့် လုပ်သားစာရင်းကို ပြည်ထောင်စုအလုပ်သမားဝန်ကြီးဌာနမှရရှိပြီး အမျိုးသား ၄၁၁၃ ဦး၊ အမျိုးသမီး ၉၇၀ ၊ သတင်းစာ၊ ဂျာနယ်၊ ဆိုရှယ်မီဒီယာမှတစ်ဆင့် CV From တောင်းခံပြီး ပြည်နယ်၊ တိုင်းအသီးသီးလုပ်ငန်းရှင်များက အလုပ်အကိုင်များပေးနိုင်ရန် လုပ်ဆောင်နေပါကြောင်း၊ အင်ဂျင်နီယာ၊ Skill Labour ၊ အထွေထွေလုပ်သား ခွဲခြားစာရင်း ကောက်ယူမည်ဖြစ်ပြီး အထွေထွေလုပ်သားထဲမှ Skill Labour ဖြစ်လိုသူများကို သင်တန်းပေးသွားမည် ဖြစ်ပါကြောင်း၊ မကြာမီ နေပြည်တော် MCEF အသင်းချုပ်ပိုင် မြေ(၅)ဧကပေါ်တွင် ဂျပန်နိုင်ငံ ဟော့ကိုင်းရိုးအစိုးရအဖွဲ့နှင့် ပူးပေါင်းပြီး ဂျပန်နည်းပညာ ဆောက်လုပ်ရေးသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

COVID-19 ကာလတွင် လုပ်ငန်းအားလုံးနီးပါး ထိခိုက်နစ်နာခဲ့ရပါကြောင်း၊ ကုန်သွယ်မှု၊ ကုန်ထုတ်လုပ်မှု၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းတို့ ဖြစ်ပါကြောင်း၊ ထိခိုက်သွားသည့်လုပ်ငန်းများ(၆)လမှ (၃)နှစ် အထိအချိန်ယူပြီး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးအကြီးဆုံး အခန်းကဏ္ဍက ပါဝင်သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးကဏ္ဍသည် အလုပ်အကိုင်အခွင့်အရေး အမြန်ဆုံးနှင့် အများဆုံး ဖန်တီးနိုင်သည်ကို တွေ့ရပါကြောင်း။

> **ယခုအထိ ဆောက်လုပ်ရေးပိုင်းတွင် ကိုဗစ်ရောဂါ ပြန့်ပွားမှုမရှိသေး၊ ဆောက်လုပ်ရေးပိုင်းတွင် ကိုဗစ်နှင့်ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှု အားကောင်းသည်ဟု ပြောရမည်ဖြစ်၊ ယင်းကို ဆက်လက်ထိန်းသိမ်းထားရန်လိုအပ်**

COVID-19 ကာလတွင် ပထမဦးစားပေးလုပ်ဆောင်ရန် ပြည်သူလူထု၏ အခြေခံလိုအပ်ချက် လုပ်ငန်း (Infrastructure) လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရပ်ကွက်၊ ရပ်ရွာထဲအထိ အမြန်ဆုံးဦးစားပေးဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ COVID-19 ကာလအတွင်း ပြည်သူလူထု၏ အခြေခံလိုအပ်ချက်ဖြည့်ဆည်းနိုင်ပြီး ရပ်ရွာနေ ပြည်သူများအထိ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေနိုင်မည် ဖြစ်ပါကြောင်း။

စက်ရုံ၊ အလုပ်ရုံများသည် အလုပ်အကိုင်အခွင့်အရေးများစွာ ဖန်တီးပေးသည့်အတွက် စက်မှုဇုန်စီမံကိန်းများကို ဖော်ထုတ်အားပေးခြင်းဖြင့် စက်ရုံ၊ အလုပ်ရုံတည်ဆောက်ရမည်ဖြစ်ပြီး ဆောက်လုပ်ရေးအလုပ်သမားများအတွက်လည်း အလုပ်အကိုင်အခွင့်အရေး ထပ်မံရရှိမည်ဖြစ်ပါကြောင်း။

COVID-19 ကာလတွင် နိုင်ငံတော်ဘတ်ဂျက်မသုံးဘဲ လက်ရှိဝန်ထမ်းများ Down Payment အနည်းဆုံးနှင့် လစဉ်အရစ်ကျသက်သာသော ငွေပေးချေမှုနှင့်အတူ ၎င်းဝန်ထမ်းများ ပင်စင်ယူသည့်အခါ တိုက်ခန်းအလွယ်တကူပိုင်ဆိုင်နိုင်ရေးအတွက် MCEF အသင်းချုပ်အနေဖြင့် Pilot Project တစ်ခုကို နိုင်ငံတော်အစိုးရအဖွဲ့သို့ တင်ပြမည်ဖြစ်ပါကြောင်း။

### ဘတ်ဂျက်တချို့ လျှော့ချမှုများ ပြုလုပ်ခဲ့

COVID-19 ကာလတွင် ပြည်ထောင်စုဝန်ကြီးဌာန၏ ဘတ်ဂျက်တချို့ လျှော့ချမှုများ ပြုလုပ်ခဲ့ရပါကြောင်း၊ နောက်လာမည့် ဘတ်ဂျက်နှစ်တွင် လျှော့ချထားသည့် အသုံးစရိတ်များ ပြန်ဖြည့်တင်းပေးရန်နှင့် တင်ဒါအောင် ကန်ထရိုက်တာများကိုသာ လုပ်ငန်းပြန်ချပေးရန် တင်ပြအပ်ပါကြောင်း၊ ဒုတိယဝန်ကြီး တင်ပြထားသည့်အတိုင်း ပြီးစီးရမည့် သက်တမ်းကာလ (၃)လတိုးပေးရန် တင်ပြအပ်ပါကြောင်း။

COVID-19 ကာလ တင်ဒါလုပ်ငန်းများ အချိန်မီပြီးစီးရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး အစိုးရအဖွဲ့ရုံးမှ တစ်ပတ်တစ်ကြိမ် MCEF ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး တင်ဒါငွေကြေးထုတ်ယူမှုအခက်အခဲ၊ အခြားလုပ်ငန်းအခက်အခဲများကို ညှိနှိုင်းဖြေရှင်းခြင်းဖြင့် တင်ဒါလုပ်ငန်းများ အမြန်ပြီးစီးအောင်မြင်လာမည် ဖြစ်ပါကြောင်း။

နှစ်အလိုက် နိုင်ငံတော်ဘတ်ဂျက်များ ပြည့်မီအောင်ချပေးသော်လည်း တင်ဒါမအောင်မြင်ဘဲ နှစ်ကုန်လျှင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရသည်ကို တွေ့ရပါကြောင်း၊ အသင်းချုပ်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တင်ဒါလုပ်ငန်းရှင် ကန်ထရိုက်များကို ကော်မတီတစ်ရပ်ဖွဲ့ပြီး နိုင်ငံတော်သမ္မတ၏ ၁/၂၀၁၇ တင်ဒါစည်းကမ်း၏ လိုအပ်ချက်များကို ပြင်ဆင်ရေးဆွဲခဲ့သည်မှာ မကြာမီပြီးစီးတော့မည် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ NECC ကလည်း တင်ဒါစည်းကမ်းလိုအပ်ချက်များ ပြင်ဆင်နေသည်ဟု သိရပါကြောင်း၊ အောက်ခြေမြေပြင်တွင် အမှန်တကယ် လုပ်ကိုင်နေသည့် တင်ဒါလုပ်ငန်းရှင် ကန်ထရိုက်များ ပြင်ဆင်ထားသည့် တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် NECC က ပြင်ဆင်သည့် တင်ဒါစည်းမျဉ်းစည်းကမ်းတို့ ပေါင်းစပ်ပြီးမှသာ တင်ဒါစည်းမျဉ်းစည်းကမ်းအသစ်ကို ထုတ်ပြန်ပေးရန် တင်ပြအပ်ပါကြောင်း။

### ချေးငွေရရှိလျှင် အဆင်ပြေ နိုင်မည်

COVID-19 ကာလတွင် တရားဝင်ခွင့်ပြုချက်ကျပြီး တည်ဆောက်ဆဲ ဆောက်လုပ်ရေးလုပ်ငန်း (၂)မျိုး ရှိပါကြောင်း၊ (၁) ပုဂ္ဂလိကနှင့် နိုင်ငံတော် အကျိုးတူပြုလုပ်ထားသည့် လုပ်ငန်းများ BOT,PPP စီမံကိန်းများနှင့် (၂) ပုဂ္ဂလိကပိုင်မြေပေါ်တွင် Developer များ ဆောက်လုပ်သည့် Apartment၊ Condominium ဆောက်လုပ်ရေးလုပ်ငန်းများသည် Covid-19 ကာလ အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါကြောင်း၊ တည်ဆောက်ဆဲလုပ်ငန်းများ ရပ်ဆိုင်းမသွားရန်နှင့် ဆောက်လုပ်ရေးလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရပ်တန့်မသွားစေရန် နိုင်ငံတကာတွင် နိုင်ငံတော်ကသာ ဦးဆောင်၍ Project တန်ဖိုး၏ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ သက်သာသည့် အတိုးနှုန်းနှင့် နှစ်လတ်ချေးငွေများ ချပေးခဲ့သည်ကို တွေ့ရပါကြောင်း၊ မိမိတို့ နိုင်ငံတွင် လုပ်ငန်းများအားလုံးကို တစ်ပြိုင်တည်း ငွေချေးရမည်ဖြစ်သည့်အတွက် နိုင်ငံတော်က ငွေလုံးငွေရင်းနှင့် စိုက်ထုတ်ချေးရန် ခက်ခဲနေသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားမှ သက်သာသောအတိုးနှုန်းဖြင့် ရရှိခဲ့ပါက ပုဂ္ဂလိကဘဏ်များကတစ်ဆင့် တာဝန်ယူပြီး Project တန်ဖိုး၏ အနည်းဆုံး ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ချေးငွေရရှိလျှင် အဆင်ပြေနိုင်မည် ဖြစ်ပါကြောင်း။

ရန်ကုန်မြို့တွင် ဆောက်လုပ်ပြီး၊ ဆောက်လုပ်ဆဲ ကွန်ဒိုတိုက်ခန်း အရေအတွက် အခန်းပေါင်း (၁၅၀၀၀)ခန့် ရှိပါကြောင်း၊ နိုင်ငံခြားသားကွန်ဒိုတိုက်ခန်းရောင်းချနိုင်မှုရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်း အိမ်ခန်း ၆၀၀၀ ဖြစ်ပါကြောင်း၊ တစ်ခန်းလျှင် ငွေကျပ်သိန်း (၂၅၀၀) ပျမ်းမျှနှင့် ရောင်းချနိုင်ပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ နိုင်ငံခြားငွေရရှိမည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးလည်ပတ်မှုကို အထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် ကွန်ဒိုတိုက်ခန်းအများအပြား ရောင်းချနိုင်ရန် နိုင်ငံတော်အစိုးရကပါ ပါဝင်ကူညီဆောင်ရွက်ပေးနေကြပါကြောင်း၊ ဥပမာ တံဆိပ်ခေါင်းခွန် လျှော့ပေါ့ပေးခြင်း၊ သက်သာသော Mortgage Loan ပေးခြင်း၊ 10 Years Multi-Visa ထုတ်ပေးခြင်း၊ Second Home ပေးခြင်းများ ပြုလုပ်ပေးခဲ့သည့်အတွက် နိုင်ငံခြားငွေ အများအပြား တိုးတက်ရရှိနေကြပါကြောင်း။

နိုင်ငံသားများအတွက် COVID-19 ကာလတွင် နိုင်ငံတော်က ငွေကြေးစိုက်ထုတ်ပေးခြင်းထက် လိုအပ်နေသည့် ဥပဒေများ ဖြေလျှော့ပေးခြင်းက ဝယ်သူများအတွက် ပို၍ထိရောက်မှုရှိပါကြောင်း၊ နိုင်ငံသားများအတွက် တိုက်ခန်း ၆၀ ရာခိုင်နှုန်း အိမ်ခန်း ၉၀၀၀ အတွက် ရောင်းရမည်ဆိုပါက ငွေကျပ် ၂၂၅ ဘီလီယံရရှိမည်ဖြစ်ပြီး ယင်းငွေများသည် နိုင်ငံတွင်းစီးပွားရေးလည်ပတ်မှုတွင် ပါဝင်နိုင်မည်ဖြစ်ပါကြောင်း။

### အခွန်ငွေများ ထူးခြားစွာတိုးတက်

ဝင်ငွေခွန်နှုန်းထား လျှော့ချခြင်းနှင့် ပတ်သက်ပြီး ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ်တစ်နှစ် စမ်းသပ်လျှော့ပေါ့ပေးခဲ့သည့်အတွက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့ကို အထူးပင်ကျေးဇူးတင်ပါကြောင်း၊ ဝင်ငွေခွန်လျှော့ပေါ့ ကောက်ခံခြင်းကြောင့် အခွန်ငွေများ ထူးခြားစွာ တိုးတက်ရရှိရုံမျှမက အခွန်ထမ်းဦးရေများစွာ တိုးလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယခင်နှစ် ကာလတူ ပထမ(၃)လပတ်တွင် အခွန်ထမ်းဦးရေ တိုးတက်မှုရာခိုင်နှုန်း၂၅၈ ဒသမ ၃၁၉ ရာခိုင်နှုန်း၊ ကောက်ခံရရှိသည့် ဝင်ငွေပေါင်းသန်း ၃၇၀၀၀ တိုးတက်မှုရာခိုင်နှုန်း ၆၆ ဒသမ ၄၅၃ ရာခိုင်နှုန်း၊ တံဆိပ်ခေါင်းခွန် ရရှိငွေ ၉၆၂၉ သန်း တိုးတက်မှုရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်း အသီးသီးအခွန်ငွေ တိုးတက်လာသည်ကို တွေ့ရပါကြောင်း၊ နောက်ထပ် ယခင်နှစ်ကာလတူ ဒုတိယ(၃)လပတ်တွင်လည်း ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်များ တိုးတက်ရရှိသည်ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ သိရှိခဲ့ရပါကြောင်း၊ ကိုဗစ်ကာလတွင် အခက်အခဲကြုံတွေ့ခဲ့ရပါကြောင်း၊ မကြာမီ လာမည့် စက်တင်ဘာ (၃၀)တွင် တစ်နှစ်သက်တမ်း ကုန်တော့မည်ဖြစ်သည့်အတွက် နောက်ထပ် တစ်နှစ်သက်တမ်းတိုးပေးရန်အတွက် မေတ္တာရပ်ခံတင်ပြအပ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဝင်ငွေခွန်လျှော့ပေါ့နှုန်းထားများကို ၃ ရာခိုင်နှုန်း၊ ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၁၅ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်း အသီးသီးသတ်မှတ်ခဲ့သော်လည်း Covid ကာလတွင် ဝယ်ယူသူများအတွက် ဝင်ငွေခွန် အထူးလျှော့ချပေးရန် ပို၍လိုအပ်ပါကြောင်း၊ ဝယ်ယူသူများအနေဖြင့် ဝယ်ယူသည့်တန်ဖိုးငွေအားလုံးအတွက် ၃ ရာခိုင်နှုန်းထက် မပိုသောနှုန်းထား သတ်မှတ်ပေးပါရန် တင်ပြအပ်ပါကြောင်း၊ တံဆိပ်ခေါင်းခွန် ၄ ရာခိုင်နှုန်းပေါင်းပါက နိုင်ငံတော်အခွန်ငွေ ၇ ရာခိုင်နှုန်း ရရှိမည်ဖြစ်ပါကြောင်း။

### ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးခြင်း ပြုလုပ်ပေးရန် တင်ပြ

နိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များသည် နိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ၊ ကပ်ရောဂါဖြစ်သည့်အခါတွင် ပြည်သူများနှင့် တစ်သားတည်း အတူနေပြီး မိမိတို့စွမ်းနိုင်သည့်ဘက်က ကူညီဆောင်ရွက်ပေးခဲ့ကြပါကြောင်း၊ နိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များ COVID-19 ကာလ စီးပွားရေးနာလန်ထူနိုင်ရန် အမှန်တကယ် လုပ်ငန်းအသစ်တည်ထောင်သူများ၊ လုပ်ငန်းတိုးချဲ့လုပ်ကိုင်လိုသူများကို ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး (MIC)တွင် ၎င်းတို့၏ Business Plan တင်ပြ၍

*စာမျက်နှာ ၅ သို့*



# နိုင်ငံရေးနှင့်စည်းကမ်းကို ခွဲခြားနားလည်

**နိုင်ငံရေးနှင့် စည်းကမ်းကို ခွဲခြားနားလည်ပါ။ စည်းကမ်းမရှိရင် အလုပ်မဖြစ်ဘူး။ စည်းကမ်းတစ်ခုဖောက်ဖျက်ချင်တယ်ဆိုရင် ဒီစည်းကမ်း ဖောက်ဖျက်လို့ ခံရမယ့်အပြစ်ကို နားလည်စေရမယ်။ အမိန့်ပြင်အောင် စည်းကမ်းနဲ့ကြိုးစားပါ။ မပြင်ခင် ဒီအမိန့်အတိုင်း လိုက်နာနေပါ။ နိုင်ငံရေးနှင့် စည်းကမ်း ခွဲခြားနားလည်ခြင်းဖြစ်တယ်။**

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့ အမှုထမ်းပေါင်းစုံသမဂ္ဂနှင့် ညစာစားပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

*စာမျက်နှာ ၄ မှ*

တရားဝင်မှတ်တမ်းပြုပြီးပါက ၎င်းတို့ရင်းနှီးမြှုပ်နှံမှုအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးခြင်း ပြုလုပ်ပေးရန် တင်ပြအပ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုတွင် မြေကဲ့သို့ မရွှေ့မပြောင်းနိုင်သော အခြေခံပစ္စည်းပါလာပါက တံဆိပ်ခေါင်းခွန် ၄ ရာခိုင်နှုန်း နိုင်ငံတော်က ကောက်ခံရရှိမည်ဖြစ်ပါကြောင်း။

နိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီအသစ်များ များစွာထူထောင်ပေါ်ထွက်လာပါက ဝန်ထမ်းအလုပ်သမားများစွာ အလုပ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ နောင်လာမည့် (၂)နှစ်၊ (၃)နှစ်တွင် အောင်မြင်လာမည့် နိုင်ငံသား တိုင်းရင်းသားကုမ္ပဏီအသစ်များသည် အမြတ်ခွန်များကို နှစ်ပေါင်းမြောက်မြားစွာ ကုမ္ပဏီမပျက်မချင်း နှစ်စဉ်အစိုးရသို့ ပေးနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံသားကုမ္ပဏီအသစ်များ တိုးတက်ပေါ်ပေါက်လာခြင်း၊ နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်း များပြားလာခြင်း၊ ရေတိုရေရှည်ကာလတွင် နိုင်ငံတော်အခွန်များ တိုးတက်ရရှိခြင်း စသည်တို့သည် နိုင်ငံတော်စီးပွားတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်ပါကြောင်း။

### ကမ္ဘာနှင့်အဝန်း စီးပွားရေး ကျဆင်း

နိဂုံးချုပ်အနေဖြင့် COVID–19 ကာလကြောင့် ကမ္ဘာနှင့်အဝန်း စီးပွားရေးကျဆင်းနေပါကြောင်း၊ ယခုနှစ် မြန်မာနိုင်ငံအပေါ်တွင်လည်း စီးပွားရေးတိုးတက်နှုန်းကို ကမ္ဘာက ၀ ဒသမ ၅ GDP ရှိမည်ဟု သတ်မှတ်သော်လည်း COVID–19 ကိုအခြေပြုပြီး စိတ်ဓာတ်မကျရန် လိုအပ်ပါကြောင်း၊ Zero Setting ထား၍ နိုင်ငံ၏ အတိတ်ကတိမ်းစောင်းခဲ့သော စီးပွားရေးမူဝါဒများကို တည့်မတ်ပြီး စီးပွားရေးလုပ်ငန်းများပေါ်တွင် ထုတ်ပြန်ထားသည့် ဥပဒေများထဲမှ လိုအပ်သည့် ဖြေလျှော့မှုများကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ပေးမည်ဆိုပါ မကြာမီအချိန်အတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးသည် တစ်ဟုန်ထိုးတိုးတက်ပြောင်းလဲရန် သေချာပါကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုအထိ ဆောက်လုပ်ရေးပိုင်းတွင် ကိုဗစ်ရောဂါ ပြန့်ပွားမှုမရှိသေးပါကြောင်း၊ ဆောက်လုပ်ရေးပိုင်းတွင် ကိုဗစ်နှင့်ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှု အားကောင်းသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ယင်းကို ဆက်လက်ထိန်းသိမ်းထားရန် လိုအပ်ပါကြောင်း၊ လူသားများ၏ သဘာဝအရ အချိန်ကြာလာသည်နှင့်အမျှ လက်ဆေးသည့်နေရာ၊ Mask တပ်သည့် နေရာ၊ တစ်ယောက်နှင့် တစ်ယောက် ခပ်ခွာခွာနေရမည့် နေရာတို့တွင် ပေါ့ဆလာတတ်ပါကြောင်း၊ အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အလုပ်သမားများသည် လူစုပြီး ထမင်းစားခြင်း၊ စကားပြောခြင်းတို့ကို ပြုလုပ်လေ့ရှိသဖြင့် လူစုပြီး ထမင်းမစားရန်၊ စကားမပြောရန် အမြဲတမ်း သတိပေးနေရပါကြောင်း၊ အခြားလုပ်ငန်းများနှင့် ရုံးဌာနများတွင် ယင်းပုံစံအတိုင်း ပြုမူဆောင်ရွက်လေ့ရှိပါကြောင်း၊ ယခုအချိန်တွင် ယင်းအပြုအမူများကို သတိထားရန် လိုအပ်ပါကြောင်း၊ တောင်သူလယ်သမားများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ချိန်တွင် ခပ်ခွာခွာနေကြသော်လည်း ထမင်းစားချိန်တွင် လူစုပြီးထမင်းစားခြင်းသည် ကောင်းမွန်သည့် အလေ့အထဖြစ်သော်လည်း ယခုအချိန်တွင် မပြုလုပ်ကြရန် အရေးကြီးပါကြောင်း။

အလုပ်သမားများ များပြားသည့်နေရာတွင် တစ်ဦးတစ်ယောက်သာ ရောဂါဖြစ်သွားမည် ဆိုပါက များစွာပြဿနာတက်နိုင်ပါကြောင်း၊ လူအများသို့ ရောဂါမြန်မြန်ကူးစက်သွားနိုင်ပါကြောင်း၊ ထို့ကြောင့် အားလုံးက အလေးထားရန် လိုအပ်ပါကြောင်း။

### အလုပ်အကိုင်အခွင့်အလမ်းများရရှိ

အလုပ်အကိုင်ပိုင်းနှင့်ပတ်သက်၍ ဒုတိယဝန်ကြီး တင်ပြသွားသကဲ့သို့ အလုပ်အကိုင်ဖန်တီးပေးရေးသည် များစွာအရေးကြီးသည့်အတွက် မိမိတို့နိုင်ငံတွင် ဆောက်လုပ်ရေးကဏ္ဍသည် အလုပ်အကိုင်အများဆုံးပေးနိုင်သည်ကို လက်ခံပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဆောက်လုပ်ရေးကဏ္ဍရှိ ဆောက်လုပ်ရေးလုပ်ငန်း ၃ မျိုးလုံးကို နည်းအမျိုးမျိုးဖြင့် အားပေးလျက်ရှိပါကြောင်း၊ တတ်နိုင်သည့်ဘက်မှ ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဆောက်လုပ်ရေး အလုပ်သမားများအတွက်လည်း အကျိုးရှိမည်၊ ကိုယ်ပိုင်နေအိမ်ဖြင့် နေထိုင်ချင်သည့် ပြည်သူများနှင့် ဝန်ထမ်းများအတွက်လည်း အကျိုးရှိမည်၊ မိမိအနေဖြင့် ဝန်ထမ်းများ၏ အရေးကြီးဆုံးလိုအပ်ချက်ကို မေးကြည့်သည့်အခါ ဝန်ထမ်းတော်တော်များများက ဝန်ထမ်းဘဝမှ အငြိမ်းစားယူသည့်အခါ ကိုယ်ပိုင်နေအိမ်ဖြင့် နေထိုင်နိုင်သည့် အနေအထားရှိချင်ကြသည်ဟု ပြန်လည်ဖြေကြားကြပါကြောင်း၊ တစ်သက်လုံး ပင်ပင်ပန်းပန်းဖြင့် အလုပ်လုပ်ကိုင်ခဲ့ရပြီး အငြိမ်းစားယူသည့်အခါ မည်သို့နေထိုင်ရမည်ကို မသိသည့်အနေအထားမျိုး မဖြစ်ချင်ကြပါကြောင်း၊ မိမိအနေဖြင့်လည်း နားလည်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ထမ်းဆောင်ပြီးသည့်အခါ အေးအေးဆေးဆေးဖြင့် အသက်ကြီးသည့်အခါ သိက္ခာရှိရှိဖြင့် နေထိုင်နိုင်ရန် ဝန်ထမ်းအိမ်ရာများကို ဦးစားပေးပြီး ဆောက်လုပ်လျက်ရှိပါကြောင်း၊ ယင်းကဲ့သို့ ဆောက်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အတွက်လည်း ဆောက်လုပ်ရေးအလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကြပါကြောင်း။

ကိုဗစ်ကာလတွင် အချို့လုပ်ငန်းများ မတွင်ကျယ်ရခြင်း၏ အဓိကအကြောင်းရင်းသည် နိုင်ငံခြားမှ ကျွမ်းကျင်ပညာရှင်များ မလာနိုင်ခြင်းကြောင့်ဟု သိရှိရပါကြောင်း၊ ယခုအချိန်တွင် လိုအပ်သည့်နေရာများ၌ ပြန်လည်ဝင်ရောက်ရန် နည်းနည်းချင်း ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ မိမိအနေဖြင့် တွေးမိသည်မှာ မိမိတို့နိုင်ငံတွင် ကျွမ်းကျင်လုပ်သားများရှိရန် များစွာလိုအပ်ပါကြောင်း၊ ဆောက်လုပ်ရေးဘက်တွင် အလုပ်အကိုင်ဖန်တီးရန် လွယ်ကူပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျွမ်းကျင်မှုကို မြှင့်တင်ပေးသည့်ပုံစံဖြင့် လုပ်ကိုင်စေချင်ပါကြောင်း၊ အလုပ်သင်ရင်းဖြင့် မြင့်လာသည့်သဘော ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူများ၏ အလုပ်အကိုင် အရည်အချင်း၊ ကျွမ်းကျင်မှုကို မြှင့်တင်ပေးသည့် ပုံစံမျိုးဖြင့် လုပ်စေချင်ပါကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရန် နိုင်ငံတော်ကလည်း တစ်ဖက်က တာဝန်ယူရမည်ဖြစ်ပြီး အခြားတစ်ဖက်ကလည်း လုပ်ငန်းရှင်များကလည်း တာဝန်ယူရန် လိုအပ်ပါကြောင်း၊ အလုပ်သမားများကိုယ်တိုင်လည်း ယင်းစိတ်ဓာတ်မျိုး ရှိစေချင်ပါကြောင်း။

ဆောက်လုပ်ရေးအလုပ်သမားများသည် တစ်နိုင်ငံလုံးကို ဖြန့်ပြီးသွားကြပါကြောင်း၊ မိမိ ခရီးသွားသည့်အခါ မကွေးတိုင်းဒေသကြီးအတွင်းရှိ အညာကအမျိုးများ ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်နေကြသည်ကို နေရာတိုင်းတွင် တွေ့ရပါကြောင်း၊ လမ်း၊ အဆောက်အဦနှင့် တံတားများ ဆောက်လုပ်နေစဉ် မိမိနှင့် လမ်းမှာတွေ့၍ နှုတ်ဆက်ပါက မကွေး၊ နတ်မောက်နှင့် ရေနံချောင်းမြို့တို့မှ အများစုဖြစ်ပါကြောင်း၊ ချင်းပြည်နယ် ရောက်ခဲ့စဉ်ကလည်း မကွေးဘက်မှ လာရောက်လုပ်ကိုင်နေသူများကို တွေ့ရှိရပါကြောင်း၊ ယခုအချိန်အခါတွင် ယင်းအလုပ်သမားများသည် အိမ်ပြန်သွားကြသည့်အတွက် အလုပ်များကျန်ရစ်ခဲ့ပါကြောင်း၊ ကျန်ရစ်ခဲ့သည့် အလုပ်များကိုလည်း ကိုဗစ်–၁၉ ကို ထိန်းထိန်းသိမ်းသိမ်းလုပ်နိုင်မည့်ကာလ ရောက်သည်နှင့်အမျှ အမြန်ပြန်ပြီး စရန် လိုအပ်ပါကြောင်း။

### ချေးငွေများ မှန်မှန်ကန်ကန် ပြန်ပေးရမည်

ဒေသခံများ၏ ဆောက်လုပ်ရေး လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးပြီး အလုပ်သမားများ အလုပ်ပြန်လည်ရရှိပြီး ဝင်ငွေရရှိလာမည်ဖြစ်ပါကြောင်း၊ ယင်းကိစ္စများသည် အားလုံးဝိုင်းဝန်းပြီး လုပ်ဆောင်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံတကာချေးငွေဖြင့် လုပ်ကိုင်ရသည့် လုပ်ငန်းများရှိပါကြောင်း၊ နိုင်ငံတကာချေးငွေနှင့် ပတ်သက်ပြီး အမြဲသတိပေးခဲ့ပါကြောင်း၊ ချေးပြီး ပြန်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ပြန်ပေးရသည့်အခါ နိုင်ငံတကာတွင် ၂ မျိုးရှိပါကြောင်း၊ ထောက်ပံ့ငွေဖြင့် လုပ်သည့်အခါရှိသကဲ့သို့ ချေးငွေဖြင့် လုပ်သည့်အခါများလည်း ရှိပါကြောင်း၊ ချေးငွေဖြင့် လုပ်သည့်အခါ တစ်နေ့တစ်ချိန်တွင် ပြန်ပေးရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ သိက္ခာအရသာမက နိုင်ငံတစ်နိုင်ငံအပေါ်တွင် စီးပွားရေးအရ ယုံကြည်မှုရှိလာရန် ချေးငွေများကို မှန်မှန်ကန်ကန် ပြန်ပေးရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉နှင့် ပတ်သက်ပြီး ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများ၏ ချေးငွေများလျှော်ပေးရန် အစီအစဉ်လုပ်ဆောင်နေပါကြောင်း၊ ယင်းအစီအစဉ်များကိုလည်း ကျေးဇူးတင်ပါကြောင်း၊ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုအားနည်းသည့် နိုင်ငံများအတွက် အထောက်အကူဖြစ်စေပါကြောင်း၊ မူအားဖြင့် မိမိတို့ချေးထားသည့်ငွေကို မိမိတို့ပြန်ပြီးဆပ်နိုင်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆပ်နိုင်အောင် မိမိတို့ကလည်း ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ဆောင်သည့်အခါ ဆောက်လုပ်ရေးလုပ်နေသည့် လုပ်ငန်းတစ်ခုသာမက မိမိတို့ နိုင်ငံစီးပွားရေးယန္တရားလည်ပတ်မှုကို တွန်းအားပေးနေသည့် နည်းတစ်နည်းအဖြစ် စိတ်မှာထားပြီးလုပ်စေလိုပါကြောင်း၊ ကျဉ်းကျဉ်းလေး ကြည့်၍မရပါကြောင်း၊ မိမိတို့ စီးပွားရေးယန္တရားကြီး ဆက်စပ်ပြီး လည်ပတ်သွားနိုင်ရန် စဉ်းစားရပါကြောင်း၊ ထိုသို့စဉ်းစားရာတွင် ဆောက်လုပ်ရေးလုပ်ငန်းကို အင်မတန် အလေးထားပါကြောင်း။

ဆွေးနွေးတင်ပြချက်များသည် မိမိတို့ ပြောကြားချက်များနှင့် ကိုက်ညီပါကြောင်း၊ (၂) ရက်၊ (၃) ရက်အလုပ် မလုပ်ရပါက ပြဿနာဖြစ်သွားပါကြောင်း၊ တစ်နေ့လုပ်မှ တစ်နေ့ရပါကြောင်း၊ ယင်းကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ရေရှည်တွင် မိမိတို့၏ ပြည်သူများ၊ အလုပ်သမားများ စီးပွားရေးအရ လုံခြုံရေးဖြစ်ပါကြောင်း၊ ချမ်းသာရေးဆိုသည်မှာ နောက်တစ်ဆင့်ဖြစ်ပါကြောင်း၊ အခြေခံလုံခြုံရေး ရှိရန်လိုပါကြောင်း၊ မိမိအမြဲတမ်းပြောသည်မှာ နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်မှုသည် လုံခြုံရေးအပေါ်တွင် ဆိုင်ပါကြောင်း၊ လုံခြုံရေးသည် ပြည်သူများ၏ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေး၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံရေးဖြစ်ပြီး ဆက်စပ်နေပါကြောင်း၊ ဥပမာအားဖြင့် သားသမီးများ ကျောင်းတက်သည့်အခါတွင် မည်သည့်နေရာမှ စရိတ်ရှာရမည်ကို စိတ်ပူနေရပါက စိတ်ပိုင်းဆိုင်ရာ လုံခြုံရေးမရှိပါကြောင်း၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးမရှိခြင်းနှင့် ဆက်နွှယ်သွားပါကြောင်း။

ယင်းတို့ကို မိမိတို့အနေဖြင့် စဉ်းစားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်ကာလတွင် ပုံမှန်ဝင်ငွေမရှိသည့် မိမိတို့ပြည်သူများအတွက် အထူးအစီအစဉ်များ လုပ်ဆောင်ထားပါကြောင်း၊ ယင်းကိုလည်း အားလုံးသိရှိပြီး ဖြစ်ပါကြောင်း၊ အခြေခံစားနပ်ရိက္ခာများ ဖြန့်ဝေပြီးနောက်ပိုင်းတွင် ငွေအရ ပံ့ပိုးခြင်းများရှိပါကြောင်း၊ ပုံမှန်ဝင်ငွေမရှိသည့် ပြည်သူများအတွက် စိတ်လုံခြုံမှု အတိုင်းအတာအထိ စိတ်ချရစေရန် နိုင်ငံမှ တတ်နိုင်သမျှ ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ အရေးကြီးဆုံးမှာ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် ပုံမှန်သွားနေပြီး ပြည်သူများသည် စီးပွားရေးအရ၊ ရုပ်ပိုင်းဆိုင်ရာအရ လုံလောက်သည်အထိ ရောက်ရန်ဖြစ်ပါကြောင်း။

ဦးဌေးလွင် ပြောသွားသည့်အချက်တွင် အသက်မွေးဝမ်းကျောင်းပညာအကြောင်း ပါဝင်ပါကြောင်း၊ လရောင်တောတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ပါကြောင်း၊ စိုက်ပျိုးရေးဆိုသည်မှာ တောင်ယာလုပ်ကိုင်သည်တင်မက ပန်းခြံ၊ ဥယျာဉ် လုပ်ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်ကဲ့သို့ မြို့ကြီးတွင် လမ်းဘေးတချို့နေရာတွင် သစ်ပင်များစိုက်ပျိုးထားပါကြောင်း၊ သို့သော် စိုက်ပျိုးထားသည်မှာ မလှပပါကြောင်း၊ တင့်တင့်တယ်တယ် မရှိလှပါကြောင်း၊ ယင်းမှာ စိုက်ပျိုးရေးပညာအားနည်းနေ၍ ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးပညာဆိုသည်မှာ သစ်ပင်တစ်ပင်ကို အသေးမှ အကြီးဖြစ်သည်သာမက မည်သို့ပုံစံဖြင့် စိုက်မည်၊ ကြာကြာခံစေရန် မည်သို့ ဆောင်ရွက်မည်၊ မည်သည့် သစ်ပင်သည် ပို၍အဆင်ပြေမည်၊ လမ်းတွင်ဆိုပါက အရိပ်လည်းရပြီး ကြည့်ကောင်းစေရန်၊ ကားများနှင့်လည်းလွတ်စေရန်၊ လိုအပ်ချက်အရ မည်သို့ဖြစ်အောင် လုပ်ရမည်ကို စဉ်းစားတတ်စေရန်နှင့် ပန်းများပြုစုပျိုးထောင်သည့်အခါတွင် မည်သည့်ပန်းသည် မည်သည့်နေရာတွင် စိုက်ပျိုး၍ ကောင်းမည်ကို စဉ်းစားတတ်ရမည်ဖြစ်ပါကြောင်း၊ စားသောက်ပင်များသာမက ပတ်ဝန်းကျင်လှပရန်အတွက် ပန်းများလည်းလိုအပ်ပါကြောင်း၊ ပတ်ဝန်းကျင်လှပခြင်းဆိုသည်မှာ လူများ၏ စိတ်ကို အေးငြိမ်းချမ်းသာစေပါကြောင်း၊ ယင်းမှာလည်း အရေးကြီးပါကြောင်း။

### တက္ကသိုလ်ပညာနှင့် တန်းတူအဆင့်ရှိ

အသက်မွေးဝမ်းကျောင်း ပညာကျောင်းများကို မိမိအနေဖြင့် အားပေးလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် အသက်မွေးဝမ်းကျောင်းပညာကို ဖွံ့ဖြိုးတိုးတက်သည့် ကဏ္ဍတစ်ခု ဖြစ်သွားစေလိုပါကြောင်း၊ ကမ္ဘာကြီးရှိ အတိုးတက်ဆုံးနိုင်ငံတချို့တွင် အသက်မွေးဝမ်းကျောင်းပညာသည် တက္ကသိုလ်ပညာနှင့် တန်းတူအဆင့်ရှိပါကြောင်း၊ ပြည်သူများသည် အသက်မွေးဝမ်းကျောင်းပညာကျောင်းထွက်ဆိုသည်မှာ တက္ကသိုလ်ဘွဲ့ရများနှင့် တန်းတူ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့်တန်းတူ သတ်မှတ်ထားခြင်းရှိပါကြောင်း၊ လက်သမားနှင့်ပတ်သက်၍ ကြုံကြိုက်တိုင်း ပြောသည့်ကိစ္စတစ်ခုရှိပါကြောင်း၊ ယင်းမှာ ကမ္ဘာပေါ်တွင် အသက်မွေးဝမ်းကျောင်းပညာစနစ် အအောင်မြင်ဆုံးနိုင်ငံထဲတွင် ဆွစ်ဇာလန် နိုင်ငံပါဝင်ပါကြောင်း၊ ဆွစ်ဇာလန်နိုင်ငံသည် နိုင်ငံသေးငယ်သော်လည်း ကမ္ဘာပေါ်တွင် အချမ်းသာဆုံး နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ပညာရေးစနစ်တွင် အသက်မွေးဝမ်းကျောင်းပညာ များစွာအောင်မြင်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်းကျောင်းသို့သွားသည့် ကလေးရှိသကဲ့သို့ တက္ကသိုလ်သွားသည့် ကလေးများ ရှိပါကြောင်း၊ ယင်းကလေးများကြားထဲတွင် မည်သူကသာသည် ဆိုသည့် ခွဲခြားမှု မရှိပါကြောင်း။

မိမိဆွစ်ဇာလန်ရောက်သည့်အခါ အသက်မွေးဝမ်းကျောင်းပညာကျောင်းမှ ကျောင်းသား တချို့နှင့်တွေ့ချင်သည့်အတွက် စီစဉ်ပေးပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာ ကျောင်းတက်နေသည့် ကလေးတစ်ယောက် ပါဝင်လာပါကြောင်း၊ မတူညီသည့် အသက်မွေးဝမ်းကျောင်းပညာကျောင်း (၄)ကျောင်းတွင် သင်ကြားသည့် ဘာသာရပ်များလည်း မတူညီပါကြောင်း၊ မိမိတွေ့ခဲ့သည့် ကလေး (၄) ယောက်တွင် ၎င်းကလေးတစ်ယောက်ကို သဘောကျပါကြောင်း၊ ၎င်းကလေးကို မည်သည့်အတွက်ကြောင့် လက်သမားပညာသင်ချင်သည်ဟူ၍ ဆုံးဖြတ်ရခြင်းကို မေးကြည့်ပါကြောင်း၊ ၎င်းက မိမိအနေဖြင့် ဂီတဝါသနာပါကြောင်း၊ ဂီတပညာရှင် ဖြစ်ချင်ပါကြောင်း၊ သို့သော် အသက် (၁၀)နှစ် (၁၁)နှစ်တွင် ပါရမီ မပါသည်ကို သိရှိသည်ဟူ၍ ဖြေကြားပါကြောင်း၊ ၎င်းကလေးမှာ များစွာရင့်ကျက်ပါကြောင်း၊ ၎င်းအသက်(၁၁)နှစ်ခန့်တွင် ၎င်းကိုယ်၎င်း သိနေပြီဖြစ်ပါကြောင်း၊ သို့သော် ၎င်းသည် ဂီတကို မြတ်နိုး၍ ဂီတလောကထဲတွင် နေချင်ပါကြောင်း၊ ထို့ကြောင့် ၎င်းစိတ်ထဲတွင် ကမ္ဘာပေါ်တွင် အကောင်းဆုံးတယောများ လုပ်မည်ဟု ဆုံးဖြတ်လိုက်ပါကြောင်း၊ ကမ္ဘာပေါ်တွင် အကောင်းဆုံးတယောများ လုပ်ရန်မှာ အခြေခံလက်သမားပညာ စတင်သင်ကြားရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လက်သမားပညာ သင်တန်းကျောင်းကိုသွားခြင်းဖြစ်သည်ကို ပြောသည့်အတွက် မိမိအနေဖြင့် များစွာသဘောကျပါကြောင်း၊ ၎င်းကလေးသည် အမြော်အမြင်ရှိပြီး စိတ်ဓာတ်ခိုင်မာပါကြောင်း၊ ၎င်းအနေဖြင့် ယင်းကိစ္စတစ်ခုကို လုပ်၍ရမည်၊ မရမည်ကို လူကြီးတစ်ယောက်ကဲ့သို့ ရင့်ကျက်စွာ စဉ်းစား၍ ၎င်းလမ်းကို ၎င်းကိုယ်တိုင် ရွေးချယ်ပါကြောင်း၊ လက်သမားအလုပ်ကို စတင်သင်ကြား၍ တစ်ဆင့်ချင်း တက်သွားပြီး

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

တစ်နေ့တစ်ချိန်တွင် ကမ္ဘာကျော်တူရိယာများ ထုတ်လုပ်သည့် အတတ်ပညာရှင်ကြီး ဖြစ်နိုင်သည်ဆိုသည့် ယုံကြည်ချက်လည်း ၎င်းတွင်အပြည့်အဝ ရှိပါကြောင်း၊ ယင်းကဲ့သို့ အသက်မွေးဝမ်းကျောင်းပညာကျောင်းများလည်း မိမိတို့နိုင်ငံတွင် တိုးပွားလာစေရန် ဆောင်ရွက်ပေးလိုပြီး ကြိုးစားနေပါကြောင်း၊ သို့သော် အချိန်အနည်းငယ်ယူရပါကြောင်း၊ ကျောင်းတစ်ကျောင်း တည်ထောင်ရန်မှာ အချိန်ယူစဉ်းစား၍ နေရာရှာပြီး လိုအပ်သည့် ဆရာ၊ ဆရာမများကို ရှာရပါကြောင်း၊ သို့သော် ယင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ လက်သမားဆရာသာမက တစ်ချိန်တစ်ခါတွင် ကမ္ဘာကျော်တူရိယာလုပ်သည့် ဆရာကြီးဖြစ်သွားနိုင်သည်ဆိုသည့်အတွေး မိမိခေါင်းထဲတွင် အမြဲရှိပါကြောင်း၊ တက်လမ်းများစွာ ရှိစေမည့် ပညာရေးစနစ်ကိုလည်း ဖန်တီးပေးလိုပါကြောင်း၊ မိမိတို့နိုင်ငံသည် ယခုအချိန်တွင် ပုံမှန်ဝင်ငွေမရှိသည့် အလုပ်သမားများသည် ပုံမှန်ဝင်ငွေရရှိပြီး ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုရရှိသည့် အခြေအနေကိုလည်း ဖန်တီးပေးလိုပါကြောင်း၊ ယင်းနှင့်ပတ်သက်၍လည်း နိုင်ငံတော်မှ အတတ်နိုင်ဆုံး ဆောင်ရွက်ပါကြောင်း၊ သို့သော် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့်လည်း ပါဝင်ရန် လိုအပ်ပါကြောင်း။

### အသက်မွေးဝမ်းကျောင်းပညာများသည်လည်း အလွန်အရေးကြီး

လုပ်ငန်းရှင်ဘက်က တင်ဒါကိစ္စ၊ အခွန်အကောက်ကိစ္စ၊ ချေးငွေကိစ္စ၊ ယင်းကိစ္စများနှင့် ဆက်နွှယ်နေသည့် စည်းမျဉ်းစည်းကမ်း၊ ဥပဒေများကို တင်ပြသွားပါကြောင်း၊ နိုင်ငံတော်အပိုင်းက လုပ်ပေးနိုင်သည့်ကိစ္စအားလုံးကို သုံးသပ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ Video Conferencing တစ်နာရီအတွင်း ပြောသည့်ကိစ္စရပ်အားလုံးကို အလေးအနက်ထားပါကြောင်း၊ ယခု ဆွေးနွေးချက်များကို သက်ဆိုင်ရာဌာနများက သေသေချာချာ ပြန်လည်သုံးသပ်ပြီး မည်သို့ကူညီနိုင်မည်၊ နိုင်ငံတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်နိုင်မည်၊ ပံ့ပိုးနိုင်မည်ကို စဉ်းစားပါကြောင်း၊ တင်ပြသွားသည့်အထဲတွင် အရေးကြီးသည့်အချက်က အလုပ်သမားများ၏ နေရေးထိုင်ရေးပြဿနာ၊ နေစရာမရှိသည့်ကိစ္စဖြစ်ပါကြောင်း၊ ယင်းကိစ္စအတွက် မည်သို့ကူညီရမည်ကို လုပ်ငန်းရှင်များနှင့် နိုင်ငံတော်ဘက်က ကြည့်ရှုပေးရန် လိုအပ်ပါကြောင်း၊ နောက်တစ်ခုမှာ အလုပ်သမား သားသမီးများ၏ ပညာရေးဖြစ်ပါကြောင်း၊ ပညာရေးကို အထူးအလေးထားပါကြောင်း၊ ပညာရေးသည် မိမိတို့နိုင်ငံ၏ အနာဂတ်ဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူပြည်သားများ၏ ကလေးများ ပညာရေးကို မည်သို့ပံ့ပိုးပေးနိုင်မည်ကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ ငွေရေးကြေးရေး မလုံလောက်သဖြင့် ပညာမသင်ပေးနိုင်သည့်အဖြစ်မျိုး မဖြစ်စေလိုပါကြောင်း၊ ပညာရေးစနစ်သည် မိမိတို့နိုင်ငံ၏ တကယ့်လိုအပ်ချက်နှင့် ကိုက်ညီရန်အတွက် ကြိုးစားရပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာများသည်လည်း အလွန်အရေးကြီးပါကြောင်း၊ ယင်းမှာ ယခုခေတ်၏ လိုအပ်ချက်ဖြစ်ပါကြောင်း၊ တက္ကသိုလ်ဘွဲ့ရမှ ပညာတတ်သည်ဆိုသည့်ခေတ်က ခေတ်ဟောင်းကြီးဖြစ်နေပြီဖြစ်ပါကြောင်း၊ စီးပွားရေးအရ အင်မတန်မှ တိုးတက်အောင်မြင်ပါသည်ဆိုသည့် အချို့နိုင်ငံများတွင် တက္ကသိုလ်ဘွဲ့ရ ပညာရေးကို အဓိကထားခဲ့သဖြင့် ပြဿနာများပေါ်လာသည်ကို ကြုံတွေ့ရပါကြောင်း၊ တက္ကသိုလ်ကရသည့် ဘွဲ့များသည် ယခုခေတ်လိုအပ်ချက်များနှင့် မကိုက်ညီပဲဖြစ်နေပါကြောင်း။

ထို့ကြောင့် တိုးတက်ပြီးသားနိုင်ငံများက အသက်မွေးဝမ်းကျောင်းပညာဘက်ကို ပြောင်းလဲရန် ကြိုးစားနေခြင်းများရှိပါကြောင်း၊ သို့သော်လည်း အခြေခံမကောင်းသည့်အခါတွင် သိပ်မလွယ်ကူပါကြောင်း၊ ၎င်းတို့၏ ပြည်သူများက တက္ကသိုလ်ပညာဘွဲ့ရမှ ပညာတတ်သည်ဟု သတ်မှတ်ထားပါက အသက်မွေးဝမ်းကျောင်းပညာကို အောင်မြင်တိုးတက်အောင် လုပ်ဆောင်ရာတွင် လွန်စွာခက်ခဲလာပါကြောင်း။

### တတ်နိုင်သမျှ အားပေးပံ့ပိုးပေးသွားမည်

ယင်းနေရာတွင် မိမိတို့နိုင်ငံက အခွင့်သာသည်ဟု ပြောလိုပါကြောင်း၊ မိမိတို့ ပြည်သူများသည် လက်တွေ့ကျကျဖြင့် အသက်မွေးဝမ်းကျောင်းပညာကို လိုလားကြပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာကို လူငယ်များရော မိဘများကပါ လိုလားသည့်ဘက်ကို ဦးတည်နေကြောင်း တွေ့ရသည့်အတွက် နိုင်ငံအတွက် အလွန်ကောင်းသည့် လက္ခဏာဟု ယူဆပါကြောင်း၊ မိမိတို့အနေဖြင့်လည်း တတ်နိုင်သမျှ အားပေးပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း။

တစ်နေ့လုပ်မှ တစ်နေ့စားရသည့် မိမိတို့ပြည်သူများသည် အလုပ်အကိုင် ၂ ရက်၊ ၃ ရက် ရပ်သွားပြီဆိုပါက ဒုက္ခရောက်ကြရပါကြောင်း၊ ပြည်သူများ၏ စီးပွားရေးလုံခြုံမှု၊ ဝင်ငွေလုံခြုံမှု မည်သို့ ဖြေရှင်းရမည်ကို စဉ်းစားရပါကြောင်း၊ ပုံမှန်ဝင်ငွေမရှိသည့် ပြည်သူများ ပုံမှန်ဝင်ငွေရရှိအောင် မည်သို့ဆောင်ရွက်ရမည်ဆိုသည့်ကိစ္စသည် ပို၍ အရေးကြီးပါကြောင်း၊ ထောက်ပံ့ပေးခြင်းသည် တစ်နည်းအားဖြင့် ကုသပေးခြင်းဖြစ်ပါကြောင်း၊ ကုသခြင်းထက် ကာကွယ်ခြင်းသည် အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံသည် COVID ကို ကိုင်တွယ်သည့်နေရာတွင် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုရှိသည်ဟု ပြော၍ရပါကြောင်း၊ ကာကွယ်ရေးကို စောစောစီးစီးကတည်းက စတင်ပြီး အာရုံစိုက်ခဲ့သည့်အတွက်ကြောင့် ဖြစ်ပါကြောင်း၊ ဇန်နဝါရီလ ၄ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက COVID ကာကွယ်ရေးခြေလှမ်းများကို စတင်လှမ်းခဲ့ပါကြောင်း၊ COVID ကာကွယ်ရေး ခြေလှမ်းများလှမ်းရာတွင် အစောဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်ဟု ပြော၍ရပါကြောင်း၊ ထို့ကြောင့်လည်း ယခုအခြေအနေအထိ ထိန်းချုပ်ထားနိုင်ခြင်းဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း ထိန်းချုပ်ထားရမည်ဖြစ်ပါကြောင်း။

ပြည်သူများ၏ လုံခြုံမှု၊ လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန်အတွက် မဖြစ်သင့်သည်များ မဖြစ်အောင် ယခုချိန်ကစပြီး ကာကွယ်သည့် ခြေလှမ်းများကိုလည်း လှမ်းရပါကြောင်း၊ ပြဿနာဖြစ်ပြီးမှ ကုသခြင်းထက် ကာကွယ်သည်က ပိုကောင်းပါကြောင်း၊ ပုံမှန်ဝင်ငွေမရှိသည့်အတွက် ဝင်ငွေပြတ်သွားပြီး ဒုက္ခရောက်သည့်အခါမှ ကူညီခြင်းထက် ဝင်ငွေမပြတ်အောင် မည်သို့နည်းလမ်းများ ချမှတ်ရမည်ကို နိုင်ငံတော်အစိုးရနှင့် လုပ်ငန်းရှင်များဘက်က ဝိုင်းပြီးစဉ်းစားပေးစေလိုပါကြောင်း။

မိမိတို့၏ အလုပ်သမားများဘက်ကလည်း အကြံဉာဏ်များပေးလိုလျှင် ပွင့်ပွင့်လင်းလင်း ရဲရဲတင်းတင်း ပေးစေလိုပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာကျောင်းများ ပို၍ဖွင့်ပေးရန်မှာ နိုင်ငံတော်၏ ဆန္ဒ၊ မူဝါဒနှင့်ကိုက်ညီပါကြောင်း၊ အမြန်ဆုံးလုပ်ဆောင်ပေးမည်ဖြစ်ပါကြောင်း။

### စည်းလုံးမှု ပိုပြီးရှိလာမည်

နိဂုံးချုပ်အားဖြင့်ပြောရလျှင် ဆောက်လုပ်ရေးလုပ်ငန်းသည် နိုင်ငံအတွက် အရေးကြီးပါကြောင်း၊ ပုံစံအမျိုးမျိုးဖြင့် အရေးကြီးကြပါကြောင်း၊ ဆက်သွယ်ရေးသည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံအတွင်းတွင် ဆက်သွယ်ရေးကောင်းမှ စီးပွားရေးလည်း ဖွံ့ဖြိုးနိုင်မည်ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး နီးစပ်မှုရှိနိုင်မှ မိမိတို့၏ ပြည်သူပြည်သားများ ကြားထဲတွင်လည်း စည်းလုံးမှု ပိုပြီးရှိလာမည်ဖြစ်ပါကြောင်း၊ တချို့နေရာများတွင် တစ်ရွာနှင့်တစ်ရွာ တစ်မျှော်တစ်ခေါ်သွား၍မရသည့်အတွက် တစ်ရွာနှင့်တစ်ရွာ သိပ်ပြီး ရင်းနှီးမှုမရှိကြပါကြောင်း၊ ဆက်သွယ်ရေးကောင်းလာလျှင် မိမိတို့ ပြည်သူများကြားတွင်လည်း ပို၍ပူးပေါင်းဆောင်ရွက်မှုများ ရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်၏ တိုးတက်မှုကို အားပေးရာရောက်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ စားဝတ်နေရေးနှင့် ပတ်သက်လျှင် ပထမ မှန်မှန်စားနိုင်ရန် လိုအပ်ပါကြောင်း၊ ဝတ်ရေးတွင် လှလှပပသားသားနားနား ဝတ်ခြင်းထက် သိက္ခာအရ လုံလုံခြုံခြုံဝတ်နိုင်ရန် လိုအပ်သလောက်ရှိရမည်ဖြစ်ပါကြောင်း၊ နေရေးတွင် မိမိအိမ်သို့ ပြန်သွားပြီဆိုလျှင် မိမိအတွက် လုံခြုံသည့်နေရာ၊ မိမိ၏ ပိုင်နက်ဆိုသည့် စိတ်ဓာတ်ဖြင့် ပြည်သူများ မိမိကိုယ်ကိုမိမိ ယုံကြည်မှုရှိလာစေရန် လိုအပ်ပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းဘက်တွင် အောင်မြင်အောင် ဝိုင်းဝန်းပြီးကူညီပေးကြသူအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ အားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း ပြောကြားသည်။ **သတင်းစဉ်**

■ *ကျောဖုံးမှ*

(ခ) COVID–19 Fund သို့ ဖြည့်တင်းပေးရာတွင် ကျပ် (၁၀၀) ဘီလီယံ ကို (၃) ကြိမ် ခွဲ၍ ပထမအကြိမ် ကျပ် (၃၅) ဘီလီယံ၊ ဒုတိယအကြိမ် ကျပ် (၃၅) ဘီလီယံ၊ တတိယအကြိမ် ကျပ် (၃၀) ဘီလီယံ ဖြည့်တင်းပေးမည် ဖြစ်ပါသည်။

၃။ COVID–19 Fund မှ ဆက်လက်ထုတ်ချေးမည့် ချေးငွေများအတွက် ချေးငွေလျှောက်ထားနိုင်သည့် လုပ်ငန်းအမျိုးအစားများ၊ ချေးငွေအတိုးနှုန်းနှင့် ချေးငွေသက်တမ်း စသည့် ချေးငွေစည်းကမ်း သတ်မှတ်ချက်များကို Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးကော်မတီက ထုတ်ပြန်ကြေညာမည်ဖြစ်ပါသည်။

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း တွေ့ဆုံညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်း တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အစည်းဝေးသို့ ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာ၊ အထွေထွေ အတွင်းရေးမှူး မင်းဗညားစန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ ကို ပိုမိုကျယ်ပြန့်စွာ ကျင်းပနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားများအားလုံး ပွဲတော်သို့လာရောက်ဆင်နွှဲခဲ့ကြသည့် အတွေ့အကြုံများသည် ပြည်ထောင်စုသားများ၏ ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပါကြောင်း၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းက ဦးဆောင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိုင်းရင်းသားလုပ်ငန်းရှင်အသင်းအဖွဲ့များ ဖွဲ့စည်း၍ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်နိုင်ခြင်းဖြင့် ဒေသခံတိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက် ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုမှတစ်ဆင့် တိုင်းရင်းသားဒေသများတွင် အကြီးစားစီးပွားရေးလုပ်ငန်းများကို ပြည်ပနိုင်ငံများက လာရောက် ပူးပေါင်းရင်းနှီးမြှုပ်နှံခြင်းဖြင့် ကမ္ဘာ့ရေစီးကြောင်းတွင် လိုက်ပါဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းသား လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကာ တိုင်းရင်းသား ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှမော်ဦးက ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာ က မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းအနေဖြင့် တိုင်းရင်းသားများ၏ စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်ပေးမှု အခြေအနေ၊ တိုင်းရင်းသား ဒေသများတွင် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို တိုင်းရင်းသားအစုအဖွဲ့များဖြင့် ဒေသ၏ အရင်းအမြစ်များကို ဖော်ထုတ်ဆောင်ရွက်နေသည့်အခြေအနေ၊ အနာဂတ်တွင် စီးပွားရေးလုပ်ငန်းများကို လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာစွဲ မဆောင်ရွက်ဘဲ လူမျိုးပေါင်းစုံ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သွားနိုင်မှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးလှမော်ဦးက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး ကိုဗစ်–၁၉ ကာလနှင့် ကာလအလွန် ဦးစားပေးအလိုက် ဆောင်ရွက်နိုင်မှု အခြေအနေများ၊ သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ၂၀၂၀ မှတ်တမ်းစာအုပ် ရိုက်နှိပ်ထုတ်ဝေနိုင်ရေး၊ မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များ အသင်းအနေဖြင့် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားအပြီးတွင် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ အလှူငွေသွားရောက်လှူဒါန်းသည်။ လှူဒါန်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ တိုင်းရင်းသား လုပ်ငန်းရှင်များအသင်းကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးလဖိုင်ခွန်ဆာ က ငွေကျပ်သိန်း ၂၀၀ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ(၃)ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား Online စနစ်ဖြင့် ကျင်းပ

နေပြည်တော် ဇူလိုင် ၃

**၂၀၂၀ ပြည့်နှစ် ဇူလိုင်လ(၃)ရက်နေ့တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို Online အခမ်းအနားအဖြစ် ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ကျင်းပသည်။**

အခမ်းအနားသို့ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် ပညာရှင်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင် အမျိုးသမီးအဖွဲ့(၁၁)ဖွဲ့မှ ကိုယ်စားလှယ်များ၊ Online မှ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသမီး ကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ UN အဖွဲ့မှ ကိုယ်စားလှယ်များ၊ အမျိုးသမီးအဖွဲ့အစည်းများတက်ရောက်ကြသည်။



အမျိုးသမီးများနေ့ အထိမ်းအမှတ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည့် မိန့်ခွန်းသဝဏ်လွှာကို video clip ဖြင့် ထုတ်လွှင့်စဉ်။

အဆိုပါ အခမ်းအနားကို video clip ဖြင့် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသီချင်းထုတ်လွှင့်ပြီး အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ထို့နောက် အမျိုးသမီးများနေ့ အထိမ်းအမှတ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည့် မိန့်ခွန်းသဝဏ်လွှာကို video clip ဖြင့် ထုတ်လွှင့်သည်။

## ဆက်လက်ထိန်းထားရန်လို

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုနှစ် (၂၀၂၀) ပြည့်နှစ်သည် ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါကြောင့် စိန်ခေါ်မှုများသည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများ၊ ပွဲအခမ်းအနားများကို ပုံစံအသစ်ဖြင့် ဆောင်ရွက်နေကြရပါကြောင်း၊ တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရန် ဦးစားပေး ဆောင်ရွက်နေကြရင်း ကန့်သတ်မှုများ၊ ပိတ်ပင်မှုများကို မလွှဲသာမရှောင်သာ ပြုလုပ်ရသည့်အတွက် လူမှုစီးပွားရေးဆိုင်ရာ အကျိုးဆက်များကို နိုင်ငံအလိုက် အနည်းနှင့်အများ ခံစားနေကြရပါကြောင်း၊ အမျိုးသမီးများသည် အမျိုးသားများထက် ကိုဗစ်-၁၉ ၏ နောက်ဆက်တွဲ ဆိုးကျိုးများကို ပိုမိုခံစားကြရပြီး ကျား၊ မ အခြေပြု အကြမ်းဖက်မှုများ၊ အိမ်တွင်းအကြမ်းဖက်မှုများ များပြားလာသည်ဟု ဆိုကြကြောင်း၊ မိမိတို့နိုင်ငံတွင်အကြမ်းဖက်မှုများ ယခုထိများပြားလာသည်ကို မတွေ့ရသေးခြင်းကို ဆက်လက်ထိန်းထားရန်လိုပါကြောင်း။

အိမ်တွင်မိသားစု ပြုစုစောင့်ရှောက်ရသော တာဝန်ကို အမျိုးသမီးအများစုက တာဝန်ယူဆောင်ရွက်ရလေ့ ရှိပါကြောင်း၊ မိသားစုဆိုသည်မှာ လူမှုအသိုင်းအဝိုင်း၏ အခြေခံဖြစ်ပါကြောင်း၊ မိသားစုဝင်များက ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ မိသားစုစိတ်ဓာတ်နှင့် ကိုယ်ချင်းစာတရားသည် မြန်မာလူမျိုးများ၏ အခြေခံစံနှုန်းများဖြစ်ပါကြောင်း၊ မိသားစုစိတ်ဓာတ်၊ ကိုယ်ချင်းစာတရားနှင့်အတူတကွ ကြိုးစားဆောင်ရွက်ကြမည်ဆိုပါက ကိုဗစ်-၁၉ ၏ နောက်ဆက်တွဲ အခက်အခဲများကို ကျော်လွှားနိုင်ကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် အရေးကြီးသည့် တစ်ချက်မှာ ရင်ဆိုင်ရသည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်ရန် ပြောင်းလဲနိုင်စွမ်းပင် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးလုပ်ငန်းများ၊ လုပ်ငန်းဆောင်ရွက်မှု၊ လူမှုရေး ဆောင်ရွက်မှုပုံစံများကို ပုံစံအသစ်နှင့် ပြောင်းလဲပြီး ချိတ်ဆက်ကြရမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ကာလတွင် အခွင့်အလမ်းများ ပေါ်ပေါက်လာခြင်းလည်းရှိပါကြောင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်ပြီး Online ဖြင့် ရောင်းချနေကြကြောင်း၊ Online သင်တန်းများ ဖွင့်လှစ်ခြင်း၊ အထည်ချုပ်စက်ရုံများအနေဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အကာအကွယ်ပစ္စည်းများ ချုပ်ခြင်းကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကျေးလက်နှင့် မြို့ပြ အခြေခံအနေအထားများ မတူပါကြောင်း၊ ပုံစံသစ်နှင့် ရှေ့ဆက်သည့်နေရာတွင် မတူသော်လည်း မျှတနိုင်ရန်၊ မည်သူမျှမကျန်ရစ်စေရန် နိုင်ငံတော်ဘက်က လိုအပ်သည့် အကာအကွယ်ပေးမှုများ၊ လူမှုရေးဝန်ဆောင်မှု၊ ချေးငွေထောက်ပံ့မှုများ၊ အတိုးနှုန်းသက်သာသည့် ချေးငွေများနှင့် အခြေခံလူတန်းစား မိသားစုဝင်များအတွက် ဝန်ထုပ်ဝန်ပိုး သက်သာစေမည့် အစီအစဉ်များ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများအတွက် ထောက်ပံ့ပေးသည့် အစီအစဉ်များ အပြင် စီးပွားရေးထိခိုက်မှု သက်သာစေရန် စီမံချက် COVID-19 Economic Relief Plan (CERP) ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိက ကဏ္ဍဘက်ကလည်း နိုင်ငံတော်နှင့် ပူးပေါင်းနိုင်ရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ကျား‌မ တန်းတူညီမျှရေးကို မြှင့်တင်ရန် အဓိကကျသည့် နှစ်တစ်နှစ်ဖြစ်သည့်အတွက် အမျိုးသမီးများ၏အခန်းကဏ္ဍ နောက်ကျန်မနေစေရန်လည်း ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

အမျိုးသမီးများအနေဖြင့် နိုင်ငံ၏လိုအပ်ချက်များကို အမျိုးသားများနှင့်တန်းတူ မည်သည်တို့ကို ဖြည့်ဆည်းပြီး နိုင်ငံတော်၊ ပုဂ္ဂလိကနှင့် လူမှုအဖွဲ့အစည်းများကလည်း မည်သို့ကူညီ ဆောင်ရွက်ပေးမည်ကို စဉ်းစားကြရန်လိုပါကြောင်း၊ လူမှုအဖွဲ့အစည်းများအနေဖြင့် အမျိုးသမီးများ၏ လိုအပ်ချက်၊ အခက်အခဲများကို တင်ပြခြင်း၊ လိုအပ်မည့် ကျွမ်းကျင်မှုများကို သင်ကြားပေးခြင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းများကို ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောလိုပါကြောင်း။

## အားလုံးဝိုင်းဝန်း ကြိုးစားကြစေလို

နိဂုံးချုပ်အနေဖြင့် လူမှုအဖွဲ့အစည်းများ တည်ဆောက်မည့် နေရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အလွန်အရေးပါ ပါကြောင်း၊ မိသားစုစိတ်ဓာတ်၊ ကိုယ်ချင်းစာစိတ်ဓာတ်များနှင့် ကြံ့ကြံ့ခံနိုင်ရန် တည်ဆောက်ကြရမည် ဖြစ်ပါကြောင်း၊ အမျိုးသမီးများနှင့် နိုင်ငံ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့်နေရာတွင် ပါဝင်ဆောင်ရွက်နိုင်ရန် အားလုံးဝိုင်းဝန်း ကြိုးစားကြစေလိုပါကြောင်း၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် အင်အားနှင့် ကြံ့ကြံ့ခံနိုင်သည့် စိတ်ဓာတ်ခွန်အားများကို မျိုးဆက်သစ်အသီးသီးကို ဆက်လက်ဆင့်ကမ်းအမွေပေးသွားကြရန် တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ တေးဂီတနှင့် တွဲဖက်၍ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းသရုပ်ပြခြင်းကို video clip ဖြင့် ပြသသည်။

## စကားဝိုင်းဆွေးနွေး

ဆက်လက်၍ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စကားဝိုင်းဆွေးနွေးပွဲအား "ကိုဗစ်-၁၉ တုံ့ပြန်ဆောင်ရွက်မှုတွင် အမျိုးသမီးများ၏ ပါဝင်မှုနှင့်စိန်ခေါ်မှုများ" “Role and Challenges of Women in Covid-19 Response" ခေါင်းစဉ်ဖြင့် ဆောင်ရွက်ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဦးဆောင်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် UMFCCI မှ တွဲဖက်အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့က ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲတွင် စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍဆိုင်ရာ ကိုဗစ်-၁၉ တုံ့ပြန်ရေးတွင် အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍနှင့် ၎င်းတို့တွေ့ကြုံရသော အခက်အခဲများ၊ ကျော်လွှားနိုင်သော နည်းလမ်းများကို ဖော်ထုတ်နိုင်ရေးစသည်တို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပြီး စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားလျက်ရှိသော Coronavirus Disease 2019 (COVID -19) ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းများ၌ ရှေ့တန်းမှနေ၍ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမျိုးသမီး ကျန်းမာရေးဝန်ထမ်းများ အပါအဝင် အရာထမ်း၊ အမှုထမ်းအားလုံးကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် ပေးအပ်သည့် ဂုဏ်ပြုမှတ်တမ်းလွှာကို ကျန်းမာရေးဝန်ထမ်းများ အားလုံးကိုယ်စား ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်ထံ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပေးအပ်သည်။

မြန်မာအမျိုးသမီးများနေ့ အကြိုစကားဝိုင်းဆွေးနွေးပွဲများကို တစ်ပတ်ကြိုတင်၍ ကျန်းမာရေး ကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် စီးပွားရေး ကဏ္ဍများအလိုက် သက်ဆိုင်ရာ ပညာရှင်များနှင့် ဆွေးနွေးခဲ့ကြပြီး ထိုအကြိုညှိနှိုင်း ဆွေးနွေးပွဲရလဒ်များအပေါ် ယနေ့စကားဝိုင်းတွင် အမျိုးသမီးများ ကိုဗစ်-၁၉ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးလိုအပ်သော မူဝါဒများ၊ လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❄ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများသည် ယနေ့ ညနေပိုင်းက မြစ်ကြီးနားမြို့သို့ ရောက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးတွင် မြေစာပုံပြိုကျမှုများကြောင့် တက်ရောက် ကုသလျက်ရှိသူ ခြောက်ဦးနှင့် ယခုဖြစ်စဉ် မတိုင်မီက မြေစာပုံပြိုကျမှုများကြောင့် ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက်ကုသလျက်



ရှိသူ နှစ်ဦးတို့အား အားပေးစကားများ ပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။ **(အပေါ်ပုံ)** ထောက်ပံ့မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## တောင်သူလယ်သမားများသို့ အသိပေးတင်ပြခြင်း

ယနေ့ကာလတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ ပြည်တွင်းဈေးကွက်အတွင်းသို့ တင်ပို့ရောင်းချရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်ရန်အတွက် သမဝါယမကဏ္ဍမှ ကူညီဆောင်ရွက်ပေးမည့်အစီအစဉ်အား အသိပေးတင်ပြအပ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမအသင်းစုချုပ်များနှင့် ညှိနှိုင်းပြီး ပို့ဆောင်၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို အစွမ်းကုန် ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ယင်းကိစ္စရပ်များကို ဆောင်ရွက်ရာတွင် သမဝါယမ၏ မူတစ်ရပ်ဖြစ်သော No Profit, No Loss ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ တောင်သူလယ်သမားများအနေဖြင့် မိမိတို့၏ စိုက်ပျိုးထုတ်ကုန်များ ရောင်းချလိုပါက ရှမ်းပြည်နယ်အတွက် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန (ဖုန်း ၀၈၁-၂၁၂၁၆၇၂) နှင့် ရှမ်းပြည်နယ်သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ (ဖုန်း ၀၉-၅၂၁၄၃၇၃) သို့လည်းကောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် တိုင်းဒေသကြီး၊ ပြည်နယ်သမဝါယမဦးစီးဌာနများနှင့် အသင်းစုချုပ်များ၊ သမဝါယမဦးစီးဌာန (ရုံးချုပ်) (ဖုန်း ၀၆၇-၄၁၀၃၄၁) သို့ ဆက်သွယ်အကူအညီရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**သမဝါယမဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀) ကျင်းပ

**နေပြည်တော် ဇူလိုင် ၃**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်များအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀) ကို ဇူလိုင် ၂ ရက်မှ ၃ ရက်အထိ နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်အောင်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က ဝန်ကြီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးကာ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ကြပြီး တစ်နှစ်ထက်တစ်နှစ်ပိုမိုကောင်းမွန်အောင် အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာရည်မှန်းချက်ဖြစ်သည့် "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်ပြည်မ အကြားအလပ်မရှိစေရေးအတွက် အရှိန်အဟုန် မြှင့်တင် ဆောင်ရွက်ပေးရန်" ဖြစ်ကြောင်း၊ အဓိက လုပ်ငန်းတာဝန်ကြီး နှစ်ရပ်ဖြစ်သည့် နယ်စပ်ဒေသများတွင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံအဆောက်အဦများ တည်ဆောက်ပေးခြင်းနှင့် နယ်စပ်ဒေသရှိလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် ကိစ္စရပ်များကို နိုင်ငံတော်၏ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသည့်အပြင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၊ INGOs နှင့် NGOs များ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ မူဝါဒ (၄) ရပ်၊ ရည်မှန်းချက် (၇) ရပ်၊ လုပ်ငန်းစဉ် (၁၈) ရပ်တို့ကို အခြေခံ၍ ဝန်ကြီးဌာန၏ နှစ် (၃၀) စီမံကိန်း၊ နှစ်ရှည်၊ နှစ်လတ်၊ နှစ်တိုစီမံကိန်းများကို နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ၏ မဏ္ဍိုင် (၃) ရပ်၊ ရည်မှန်းချက် (၅) ရပ်၊ မဟာဗျူဟာ (၂၈) ရပ်တို့နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း။

**ဝိုင်းဝန်းဆွေးနွေး**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများနှင့် ပတ်သက်၍ အားသာချက်၊ အားနည်းချက်၊ ဒေသခံပြည်သူလူထုအတွက် အကျိုးသက်ရောက်မှုများ၊ စာရင်းစစ် စစ်ဆေးတွေ့ရှိချက်၊ အကြံပြုချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးသည့် ကိစ္စရပ်များ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဝန်ကြီးဌာန၏ မူလရန်ပုံငွေ၊ သဘာဝဘေးအန္တရာယ် အရေးပေါ်ရန်ပုံငွေအပြင် နိုင်ငံတော်သမ္မတ၏ အရေးပေါ်ရန်ပုံငွေ ခွင့်ပြုချက်များဖြင့် ဆောင်ရွက်နေသည့် အခြေအနေများ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ဝန်ကြီးဌာနမှ လျာထားဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ထားရေး၊ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများအလိုက် အုပ်ချုပ်ရေး၊ သက်သာချောင်ချိရေး၊ ဝန်ထမ်းရေးရာဆိုင်ရာ ကိစ္စရပ်များ၊ တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်သည့် ဒီဇိုင်းများ၊ BQ များ၊ တွက်ချက်မှုနှုန်းထားများ၊ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီများ၏ အရည်အချင်းအပေါ် အကဲဖြတ်ရန် ကိစ္စရပ်များကို စုပေါင်းဝိုင်းဝန်းဆွေးနွေးကြရန် ရှင်းလင်းမှာကြားသည်။

**အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်နေ**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများ အနေဖြင့် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့က ထုတ်ပြန်သည့် ကိုဗစ်-၁၉ နှင့်သက်ဆိုင်သော အမိန့်နှင့် ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပြီး ကိုဗစ်-၁၉ အလွန်တွင် ဝန်ကြီးဌာနအနေဖြင့် New Normal ပုံစံဖြင့် ကိုဗစ်-၁၉ နှင့် အတူယှဉ်တွဲ




ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀) တွင် အမှာစကားပြောကြားစဉ်။

လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ "ကြီးကြပ်မှု ကောင်းလေ၊ လုပ်ငန်းအရည်အသွေး တိုးတက်လေပဲ" ဆိုသည်ကို ယုံကြည်ခံယူပြီး စီမံကိန်းလုပ်ငန်းများကို ကြီးကြပ်ပေးကြရန် လိုအပ်ကြောင်း၊ စီမံကိန်းများ ရေးဆွဲရာတွင် နိုင်ငံ့အကြီးအကဲများ၏ လမ်းညွှန်ချက်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်၊ လွှတ်တော်ကတိကဝတ်ဖြစ်ခဲ့သည့် လုပ်ငန်းများ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့များ၏ တင်ပြချက်များကို နိုင်ငံတော်မှ ခွဲဝေပေးသည့် ရန်ပုံငွေနှင့်ချိန်ဆ၍ အကောင်းဆုံးဖြစ်အောင် လုပ်ကိုင်နေကြခြင်း ဖြစ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ရလျှင်ရချင်း နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်ချက် (၁/၂၀၁၇) နှင့်အညီ ဘဏ္ဍာရေးနှစ်အစတွင် တင်ဒါခေါ်ယူ လုပ်ငန်း အပ်နှံခြင်းများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးနိုင်သည်ကို သိရှိရပါကြောင်း၊ သို့ဖြစ်၍ စီမံကိန်း လုပ်ငန်းများကို စတင်ဆောင်ရွက်ချိန်မှ ပြီးစီးသည့် အချိန်အထိ အချိတ်အဆက်မိမိ ဆောင်ရွက်ရန်၊ နိုင်ငံတော်နှင့် ပြည်သူကို အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများကို ရွေးချယ်ပြီး နိုင်ငံတော်၏ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေး တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်၏ ခွင့်ပြုတန်ဖိုးနှင့် ညီမျှသည့် လုပ်ငန်းအရည်အသွေးရရှိရေး ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

**စည်းလုံးခြင်းသည် အင်အား**

မိုးရာသီသို့ စတင်ဝင်ရောက်လာပြီဖြစ်သဖြင့် သဘာဝဘေးအန္တရာယ်များလည်း ပေါ်ပေါက်လာနိုင်ပြီး သဘာဝဘေးဖြစ်ပေါ်သည်နှင့် တစ်ပြိုင်နက် အချိန်နှင့်တစ်ပြေးညီ ဝန်ကြီးရုံးသို့ တင်ပြသွားရန်နှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုလည်း တင်ပြသွားကြရန်၊ ဝန်ထမ်း ကျင့်ဝတ်၊ ဝန်ထမ်း စည်းမျဉ်း စည်းကမ်းများ လိုက်နာရေး၊ ဝန်ထမ်းသက်သာချောင်ချိရေး၊ အဂတိတရား ကင်းရှင်းရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်ရေး၊ မိမိကွပ်ကဲမှုအောက်ရှိ ဝန်ထမ်းများအားလုံး မူးယစ်ဆေးဝါးနှင့် အရက်ကင်းရှင်းပြီး ကျန်းမာကြံ့ခိုင်စေရေး တို့ကို စဉ်ဆက်မပြတ် စိတ်ဝင်တစား ကြည့်ရှုစောင့်ရှောက်ပေးသွားရန်၊ ဝန်ကြီးဌာန၏ ဆောင်ပုဒ်ဖြစ်သည့် "စည်းလုံးခြင်းသည် အင်အား" ဆိုသည့်အတိုင်း အထက်အောက်ဆက်ဆံရေး၊ အချင်းချင်းဆက်ဆံရေး၊ အပြန်အလှန် ယုံကြည်မှု၊ လေးစားမှု၊ နားလည်မှု၊ ခွင့်လွှတ်မှု၊ သည်းခံမှုတို့ဖြင့် ပေါင်းသင်းဆက်ဆံ လုပ်ကိုင်သွားကြရန်၊ ဆင့်ကဲ ဆင့်ကဲ တာဝန်ရှိသူ အားလုံးက မိမိအဆင့်နှင့် လျော်ညီစွာ ပြုမူဆက်ဆံနေထိုင်ကြရန်၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး တိုးတက်ဖြစ်ထွန်းမှုများသည် အမျိုးသားရင်ကြားစေ့ရေး၊ ထာဝရငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပိုမိုအားကောင်းလာစေပြီး မိမိတို့ မျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာမည်ဟု ယုံကြည်ချက်၊ ခံယူချက်ထားရှိပြီး တာဝန်သိ၊ တာဝန်ယူ၊ တာဝန်ခံခြင်း တည်းဟူသော တာ (၃) တာနှင့်အတူ စေတနာ၊ ဝီရိယတို့ဖြင့် လုပ်ငန်းများ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရေး တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးမှုဆိုင်ရာ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို အသေးစိတ် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က နိုင်ငံတော်အစိုးရ၏ ညွှန်ကြားချက်၊ မူဝါဒများနှင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် အားသာချက်၊ အားနည်းချက်များနှင့် ရှေ့ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အစီအမံများ အကြံပြုချက်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် မြေလမ်း (၂၂၅/၇) မိုင်၊ ကျောက်လမ်း (၂၃၅/၂) မိုင်၊ ကတ္တရာလမ်း (၂၂/၅) မိုင်၊ ကွန်ကရစ်လမ်း (၅/၄)မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း (၁၅၅/၁.၅) မိုင်၊ ဂဝံ/ဖြူနှံကျောက်ခင်းလမ်း (၃၁/၀)မိုင်၊ တံတား (၉၄၃)စင်း စသည်ဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် ၈၅ ဒသမ ၄၄ ဘီလီယံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

● *ကျောဖုံးမှ*

နိုင်ငံတကာတွင် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ၂၀၀၉ ခုနှစ်တွင် မက္ကစီကိုနိုင်ငံ၌ H1N1 pdm/09 virus တွေ့ရှိမှုနှင့် ပတ်သက်၍လည်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အပါအဝင် နိုင်ငံတကာမှ အဆိုပါရောဂါပိုးနှင့် ပတ်သက်သည့် လေ့လာစောင့်ကြည့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် ၂၀၁၀ ခုနှစ်မှစ၍ ဝက်များတွင် ဝက်တုပ်ကွေးရောဂါ (Swine Flu – H1N1) အပါအဝင် နယ်စပ်ဖြတ်ကျော်တိရစ္ဆာန်ကူးစက်ရောဂါများဖြစ်သည့် ဝက်နားရွက်ပြာရောဂါ (Porcine Respiratory and Reproductive Syndrome – PRRS – NA strain & EU strain)၊ ဆာကိုဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝက်အားနည်းရောဂါ (Porcine Circovirus Type 2 – PCV2)၊ ဝက်ဝမ်းလျှောရောဂါ (Porcine Epidemic Diarrhea – PED)၊ အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever – ASF)၊ ဝက်ဝမ်းကျရောဂါ (Classical Swine Fever) နှင့် ကူးစက်လွယ် အစာအိမ်အူရောင်ရောဂါ (Transmissible Gastro-enteritis – TGE) များကို အချိန်နှင့်တစ်ပြေးညီ စူးစမ်းထောက်လှမ်းခြင်း၊ ဓာတ်ခွဲခန်းတွင် အတည်ပြုစစ်ဆေးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ၂၀၁၇ မှ ၂၀၂၀ ပြည့်နှစ်အထိ မြို့နယ် (၂၃၀)မှ ဝက်နမူနာပစ္စည်း စုစုပေါင်း(၂၇,၃၆၃)ခု ကောက်ယူစစ်ဆေးခဲ့ပါသည်။ စစ်ဆေးချက်များအရ **ဝက်တုပ်ကွေးရောဂါ (Swine Flu – H1N1) ရောဂါပိုးအား တွေ့ရှိခဲ့ခြင်းမရှိဘဲ** အခြားဝက်ရောဂါများဖြစ်သည့် ဝက်နားရွက်ပြာရောဂါ (Porcine Respiratory and Reproductive Syndrome – PRRS – NA strain & EU strain)၊ ဆာကိုဗိုင်းရပ်စ်ကြောင့်ဖြစ်သော ဝက်အားနည်းရောဂါ (Porcine Circovirus Type 2 – PCV2)နှင့် အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever – ASF) များသာ တွေ့ရှိခဲ့ပါသည်။ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တွင် အာဖရိကဝက်အပြင်းဖျားရောဂါ (African Swine Fever – ASF) ပိုးကို စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါရောဂါသည် (က)စာရင်းဝင် ကူးစက်ရောဂါဖြစ်သောကြောင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) သို့ သတင်းပေးပို့ထားပြီးဖြစ်ပါသည်။ အာဖရိက ဝက်အပြင်းဖျားရောဂါသည် ဝက်များတွင်သာ ကူးစက်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပြီး လူသို့ ကူးစက်နိုင်သည့် ရောဂါမဟုတ်ကြောင်း အများပြည်သူသိရှိနိုင်စေရန် သတင်းထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်းနှင့် **ဝက်တုပ်ကွေးရောဂါ (Swine Flu – H1N1)ပိုးသည် မြန်မာနိုင်ငံတွင် ကူးစက်ပျံ့နှံ့ခြင်းမရှိကြောင်း** အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

◆ *ကျောဖုံးမှ*

စီစဉ်ပေးမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ရာ ယနေ့ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာမြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားဦးရေစုစုပေါင်း ၆၆၄၈ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်၊ ဖားကန့်တွင် မြေစာပုံပြိုကျမှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## သတင်းထုတ်ပြန်ချက် (၈/၂၀၂၀)

၁။ ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်ရှိ ကျောက်မျက်ရတနာနယ်မြေအတွင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂ ရက်နေ့ နံနက်ပိုင်းတွင် မြေစာပုံပြိုကျမှုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသည့်အတွက် လူ့အခွင့်အရေးကော်မရှင်အနေဖြင့် လွန်စွာမှပင်ဝမ်းနည်းရသကဲ့သို့ ဖြစ်စဉ်အပေါ် အံ့သြတုန်လှုပ်ရပါသည်။ လူ့အသက်ဆုံးရှုံးရခြင်းသည် အသက်ရှင်သန်ခွင့်ဟူသည့် လူ့အခွင့်အရေးဆုံးရှုံးရခြင်း ဖြစ်ပါသည်။

၂။ ကြားသိရသည့်သတင်းများအရ အဆိုပါ ဝမ်းနည်းဖွယ်အဖြစ်အပျက်တွင် လူပေါင်း ၁၆၀ ကျော် အသက်ဆုံးရှုံးခဲ့သည်ဟု သိရှိရပါသည်။ ယင်းကဲ့သို့ လူ့အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရသည့် မြေစာပုံပြိုကျမှုဖြစ်စဉ်များသည် ယခုမှ စတင်ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ ယခင်ကလည်း ပြိုကျမှုဖြစ်စဉ်များရှိခဲ့ပြီး အသက်ဆုံးရှုံးမှုများလည်း ရှိခဲ့ပါသည်။ ယခုဖြစ်စဉ်သည် အဆိုးရွားဆုံးဖြစ်သည်ဟု ဆိုရပေမည်။

၃။ ကျောက်မျက်ရတနာနယ်မြေအတွင်း မြေစာပုံများကိုအမှီပြု၍ ဝမ်းစာရှာဖွေလုပ်ကိုင်နေကြသူများအနေဖြင့် ယင်းတို့၏ ဘဝရှင်သန်ရေးအတွက် အသက်ကိုအရင်းပြုကာ အန္တရာယ်များကြားမှ လှုပ်ရှားရုန်းကန်နေကြရသည်ကို ယခုဖြစ်စဉ်အရ ကောင်းစွာသိရှိနားလည်နိုင်ပါသည်။ အဆိုပါနယ်မြေတွင် ကျောက်မျက်တူးဖော်ရေးလုပ်ပိုင်ခွင့်ရရှိထားသူ ကုမ္ပဏီများအနေဖြင့် ဆယ်စုနှစ်ချီ၍ လုပ်ပိုင်ခွင့်များရရှိကာ တူးဖော်လုပ်ကိုင်နေကြပြီး ဝင်ငွေဒေါ်လာသန်းပေါင်းများစွာ ရရှိနေကြသော်လည်း လူ့အခွင့်အရေးကိုအလေးထားပြီး ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကိုကာကွယ်ရန် ကြိုတင်ပြင်ဆင်ထားမှုများ အားနည်းသည်ကို တွေ့ရှိရပါသည်။

၄။ ကုလသမဂ္ဂစီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ (UN Guiding Principles on Business and Human Rights, UNGPs) တွင် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လူ့အခွင့်အရေးကို အလေးထားရန် အစိုးရနှင့် စီးပွားရေးလုပ်ကိုင်သူများတွင် တာဝန်ရှိသည်ဟု တိုက်တွန်းထားပါသည်။

၅။ သို့ပါ၍ စီးပွားရေးလုပ်ငန်းများအနေဖြင့် အထိမ်းအကွပ်လျော့ရဲစွာ လုပ်ကိုင်ဆောင်ရွက်နေခြင်းများကို ထိန်းသိမ်းရန်၊ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လူ့အခွင့်အရေးနှင့် ပတ်သက်သော ပြင်ဆင်လုပ်ဆောင်ရန်ရှိသည်များကို လုပ်ဆောင်ရန်၊ ယခုဖြစ်စဉ်တွင် အသက်ဆုံးရှုံးသွားရသူများနှင့် ထိခိုက်နစ်နာသူများကိုလည်း သင့်လျော်သော ပြန်လည်ကုစားပေးမှုကို စာနာ ထောက်ထား စဉ်းစားပေးရန် အချိန်သင့်ပြီဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ရှုမြင်ပါသည်။

၆။ မြေစာပုံပြိုကျမှုတွင် အသက်ဆုံးရှုံးသွားကြသူများအတွက် ပူဆွေးသောကရောက်နေကြသော မိသားစုများနည်းတူ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် များစွာကြေကွဲဝမ်းနည်းရပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်

# (၉၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကို Video Conferencing ဖြင့် ကျင်းပသွားမည်

**နေပြည်တော် ဇူလိုင် ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနသည် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နှစ်စဉ်အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနား ကျင်းပလျက်ရှိရာ ယခုနှစ် (၉၈) ကြိမ်မြောက် အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် Video Conferencing ဖြင့် ဇူလိုင် ၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ယမန်နှစ်က (၉၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနား ကျင်းပစဉ်။

မြန်မာနိုင်ငံတွင် သမဝါယမလုပ်ငန်းများ စတင်ခဲ့သည်မှာ နှစ်ပေါင်း ၁၁၅ နှစ်ကျော်ခဲ့ပြီး သမဝါယမဦးစီးဌာနအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် LIFT Fund, World Bank, တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank, ကိုရီးယားသမ္မတနိုင်ငံ Shinhan Bank, Canadian Cooperative Association (CCA), နယ်သာလန်နိုင်ငံ အခြေစိုက် Agriterra, ဂျာမနီနိုင်ငံအဖွဲ့အစည်းတစ်ခုဖြစ်သော DGRV တို့နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ပြောသည်။

" သမဝါယမဦးစီးဌာနမှာ မှတ်ပုံတင်ထားတဲ့ မြန်မာနိုင်ငံသမဝါယမအသင်းများရဲ့ Apex Body ဖြစ်တဲ့ ဗဟိုသမဝါယမအသင်းဟာ ၁၉၉၃ ခုနှစ်မှာ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်မှာ အဖွဲ့ဝင်အဖြစ်ပါဝင်ခဲ့ပါတယ်။ နှစ်စဉ်ဇူလိုင်လ ပထမပတ် စနေနေ့တိုင်းမှာ ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့မှာ နေပြည်တော်ရှိ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ သမဝါယမထုတ်ကုန်ပစ္စည်းတွေကို ဈေးရောင်းပွဲတော်တွေ၊ ပြခန်းတွေ ခင်းကျင်းပြသပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါတယ်။ ယခုနှစ် ဇူလိုင်လ ၄ ရက်မှာ ကျရောက်တဲ့ (၉၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့မှာတော့ လက်ရှိဖြစ်ပေါ်တဲ့ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ဈေးရောင်းပွဲတော်တွေ၊ ပြခန်းတွေ ခင်းကျင်းပြီးတော့ ကျင်းပနိုင်ခြင်း မရှိသော်လည်း တိုင်းဒေသကြီး၊ ပြည်နယ် သမဝါယမဦးစီးဌာနများ၊ အသင်းများနဲ့ ချိတ်ဆက်ပြီး Video Conferencing နဲ့ ကျင်းပမှာဖြစ်ပါတယ်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဆောင်ပုဒ်ကတော့ **"Cooperatives for Climate Action – ဂေဟစနစ်များ မပျက်စီးဖို့ သမဝါယမများ ဆောင်ရွက်စို့"** ဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ကျရောက်တိုင်း အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် ဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ သဝဏ်လွှာကို ပေးပို့မြဲဖြစ်ရာ ယခုနှစ် ပေးပို့သည့် သဝဏ်လွှာတွင် "လူသားများအားလုံးသည် သမိုင်းတွင်ရစ်သည့် ကမ္ဘာနှင့် အဝန်း စီးပွားရေးပြိုလဲမှုများ၊ ကြီးမားသော အသက်ဆုံးရှုံးမှုများ ကြုံတွေ့နေရပြီး ကြောက်မက်ဖွယ် ကမ္ဘာ့ကပ်ရောဂါဆိုး၏ အရိပ်အမည်းကြီးအောက်တွင် ရောက်ရှိနေကြကြောင်း၊ ကမ္ဘာတစ်ဝန်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှင့်မှုသည် ၁၉၉၀ ပြည့်နှစ်နှင့် ယှဉ်လျှင် ၅၀ ရာခိုင်နှုန်းတိုးမြင့်လာပြီး ယနေ့အချိန်အခါတွင်လူပေါင်းသန်းရှစ်ရာသည် မိုးခေါင်ရေရှားခြင်း၊ အဆိပ်အတောက်များပါသည့် လေထုညစ်ညမ်းခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်းတို့အပေါ် ခုခံကာကွယ်နိုင်သည့် စွမ်းအားလျော့နည်းလာပြီး ပြင်းထန်သော သဘာဝဘေးအန္တရာယ်များကို မကြာခဏ ကြုံတွေ့နေကြရကြောင်း၊ ကျွန်ုပ်အနေဖြင့် ရာသီဥတုကောင်းမွန်အောင် ဝိုင်းဝန်းဆောင်ရွက်ရေးကို ရည်ရွယ်ချက်တစ်ရပ်အဖြစ် အလေးထားကာ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခါသမယတွင် ဆောင်ရွက်စေလိုကြောင်း၊ ကမ္ဘာမြေကြီးကို ကာကွယ်ရာတွင် တစ်ဦးတစ်ယောက်မှမကျန်စေဘဲ လက်ချင်းယှက်ကာ ပူးပေါင်းကြိုးပမ်းအားထုတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ကမ္ဘာ့သမဝါယမ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်သူဦးရေသည် တစ်ဘီလီယံကျော်ရှိပြီး ကမ္ဘာတွင် အလုပ်အကိုင် ဆောင်ရွက်လျက်ရှိသော လူဦးရေ၏ ၁၀ ရာခိုင်နှုန်းခန့်ကို သမဝါယမများက အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးပေးလျက်ရှိကြောင်း၊ အကောင်းဆုံးနှင့် အင်အား အကြီးမားဆုံးသော သမဝါယမအသင်းကြီး ၃၀၀ ၏ လုပ်ငန်း လည်ပတ်ငွေသည်ပင်လျှင် ကမ္ဘာ့အဆင့် (၆) တွင်ရှိသော စီးပွားရေး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ညီမျှနေခြင်းတို့ကြောင့် သမဝါယမများ၏ ကြိုးပမ်းအားထုတ်မှုများ သည် အရေးပါသည့်ကဏ္ဍတွင် ရှိနေကြောင်း၊ တစ်ကမ္ဘာလုံးခံစားနေရသော ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဆိုးကြီး ဖြစ်ပေါ်လာပြီးနောက် အရေးပေါ်အခြေအနေ ဖြစ်လာပြီး စိန်ခေါ်မှုများနှင့် ရင်ဆိုင်တွေ့ဆုံရာတွင် သမဝါယမများက ဦးဆောင်သူများအဖြစ် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန်နှင့် ရာသီဥတုကောင်းမွန်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် အချိန်ရှိသေးသည်ဖြစ်ရာ ယခုတွင်ပင် ဆောင်ရွက်ကြပါရန် စသည်ဖြင့် တိုက်တွန်း နှိုးဆော်ထားကြောင်း သမဝါယမဦးစီးဌာနမှ သိရသည်။

ယခုကာလတွင် ဗဟိုသမဝါယမအသင်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသင်းစုချုပ် အချင်းချင်းချိတ်ဆက်၍ သမဝါယမအသင်းများ၏ လယ်ယာထွက်ကုန်သီးနှံများ ကုန်စည်ကူးသန်းရောင်းဝယ်မှုအား တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်မှထွက်ရှိသော ဂေါ်ဖီထုပ်များကို တိုင်းဒေသကြီး၊ ပြည်နယ် ၁၁ ခုသို့ ဂေါ်ဖီထုပ်အရေအတွက် တစ်သိန်းကျော် ဖြန့်ဖြူးနိုင်ခဲ့ခြင်း၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ကြက်သွန်များကိုလည်း တိုင်းဒေသကြီး၊ ပြည်နယ် လေးခုသို့ ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ကာ သီးနှံထွက်ကုန်များ ကုန်စည်ကူးသန်းရောင်းဝယ်မှုအား စဉ်ဆက်မပြတ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံတွင် သမဝါယမအသင်း ၃၉၂၅ သင်း ဖွဲ့စည်းထားရှိပြီး သစ်ပင်စိုက်ပွဲတော်များကျင်းပခြင်း၊ မျိုးစေ့ထုတ် သမဝါယမ အသင်းများကလည်း မျိုးကောင်း မျိုးသန့်များ ဖြန့်ဖြူးပေးလျက်ရှိခြင်းတို့ကြောင့် ဂေဟစနစ်များ မပျက်စီးဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဦးစားပေး ပူးပေါင်းပါဝင်ဖြည့်ဆည်း ဆောင်ရွက်လျက်ရှိကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ သမဝါယမဦးစီးဌာနနှင့် အသင်းများ ညှိနှိုင်းပူးပေါင်းကာ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုအခမ်းအနားများကို ကျင်းပလျက်ရှိကြောင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက ဆက်လက်ပြောကြားသည်။

**သိမ့်သိမ့်မိုး (မြန်မာ့အလင်း)**

# ဖားကန့်၌ မြေပြိုကျမှုကြောင့်ဒဏ်ရာရသူများကို ကြက်ခြေနီအဖွဲ့များက ကူညီကယ်ဆယ် ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ရန်ကုန် ဇူလိုင် ၃**

ဖားကန့်မြို့နယ် ဆိမ်မူကျေးရွာအုပ်စု ဝေခါကျေးရွာတွင် ဇူလိုင် ၂ ရက် နံနက်ပိုင်းက မြေစာပုံပြိုကျမှုကြောင့် ထိခိုက်ဒဏ်ရာရသူများအား ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ဖားကန့်မြို့နယ် ကြက်ခြေနီအသင်းခွဲမှ ကြက်ခြေနီ စေတနာလုပ်အားရှင်များသည် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အတူပူးပေါင်းကူညီဆောင်ရွက်လျက်ရှိရာ ထိခိုက်ဒဏ်ရာရရှိသူများအား ဆက်လက်ဆေးကုသမှုခံယူနိုင်ရန် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးသို့ အချိန်မီပို့ဆောင်ပေးသည်။

ယနေ့တွင် မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူနေသူ နှစ်ဦးတို့အား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ထောက်ပံ့သော တစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းများကို အသင်းဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးသီတာဝင်းနှင့် မြစ်ကြီးနားခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးအောင်ကျော်လင်းတို့က သွားရောက်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **(ယာပုံ)**

**ဝင်းအောင် (MRCS)**



# စိုက်ပျိုး၊ စီးပွားဖွံ့ဖြိုးဖို့ သမဝါယမစွမ်းပကားဖြင့် ကူညီစို့

*စစ်လွမ်းနောင် (မန်းမြေသား )*

သတ္တလောကကြီးတွင် သတ္တဝါတိုင်းသည် အသက်ရှင်နေထိုင်ရပ်တည်နိုင်ရေးအတွက် မိမိတို့၏ သဘာဝစရိုက် လက္ခဏာအလိုက် အသက်မွေးဝမ်းကျောင်းအလုပ်ကို စွမ်းအားရှိသရွေ့ လုပ်ကိုင်ဆောင်ရွက်ကြရပေသည်။ ထိုသို့ အသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်ကိုင်ဆောင်ရွက်ကြရာ၌ ကျွန်ုပ်တို့ကဲ့သို့ လူသားများအနေဖြင့် အသိဉာဏ်နှင့်ယှဉ်ပြီး ဆောင်ရွက်နိုင်ကြစေရန် ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်က ကုမ္ဘဃောသက သူဌေးသားကို အကြောင်းပြုပြီး " ဥဋ္ဌာနဝတော သတီမတော၊ သုစိ ကမ္မဿ နိသမ္မကာရိနော၊ သညတဿ ဓမ္မဇီဝိနော၊ အပ္ပ မတ္တဿ ယသောဘိ ဝဍ္ဎတိ " ဆိုသည့် ဒေသနာတော်ကို ဟောကြားတော်မူခဲ့ပါသည်။ ဒေသနာတော်၏အဓိပ္ပာယ် မှာ "လုံ့လလည်းရှိ၊ သတိလည်းရှိ၍ ဒုစရိုက်ကင်းသဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် စင်ကြယ်သောသူ၊ ပညာဖြင့် စူးစမ်းဆင်ခြင်တတ်ပြီး ကိုယ်၊ နှုတ်၊ နှလုံးကို စောင့်စည်းသောသူ၊ တရားနှင့်အညီ အသက်မွေးပြီး မမေ့မလျော့ခြင်းနှင့်ပြည့်စုံသူအား ကျော်ဇောခြင်းသည် အစဉ်တိုးပွား၏"ဖြစ်ပေသည်။

ဆိုလိုရင်းမှာ လူတိုင်းသည် မိမိတို့အသက်ရှင်နေထိုင်ရပ်တည်နိုင်ရေးအတွက် နေ့စဉ်နှင့်အမျှ လုပ်ငန်းဆောင်တာများ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် သမ္မာအာဇီဝကျ/ မကျ၊ တရား မျှတမှု ရှိ/မရှိ၊ မိမိ၊ သူတစ်ပါးအတွက် အကျိုးရှိ/မရှိ စသဖြင့် အသိတရားလက်ကိုင်ထားကြရန် အရေးကြီးကြောင်းကို ဆိုလိုခြင်းဖြစ်ပါသည်။

**များစွာသော ပြဿနာများကို ရင်ဆိုင်နေကြရ**

ကမ္ဘာပေါ်ရှိ လူသားများသည် ဆင်းရဲချမ်းသာကွာဟမှု၊ လူမှုရေး၊ စီးပွားရေး မညီမျှမှုများကို စိန်ခေါ်မှုအဖြစ် နေ့စဉ်ကြုံတွေ့နေရသည့်အပြင် စစ်မက်ဖြစ်ပွားမှု၊ အစားအစာ ငတ်မွတ်ခေါင်းပါးမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု၊ သဘာဝဘေးအန္တရာယ်ဆိုးများ ကျရောက်မှု၊ ရောဂါဆိုးဖြစ်ပွားမှု၊ လူကုန်ကူးခံရမှု၊ လူမျိုးရေး ပဋိပက္ခများဖြစ်ပွားမှု၊ အလုပ်လက်မဲ့ဖြစ်မှု၊ နယ်စပ်ဖြတ်ကျော်မှုခင်းများဖြစ်ပွားမှု စသဖြင့် များစွာသော ပြဿနာများကို ရင်ဆိုင်နေကြရပေသည်။ ထိုကဲ့သို့သော မညီမျှမှုများ၊ ပဋိပက္ခစိန်ခေါ်မှုများကို လျော့ပါးသက်သာစေရန် ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၃၀ ပြည့်နှစ်အထိ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်(၁၇)ရပ်ကို ချမှတ်ထားပြီးဖြစ်ရာ ကမ္ဘာ့နိုင်ငံအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပေသည်။ အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ် ( International Cooperative Alliance) ကလည်း ကမ္ဘာ့နိုင်ငံများနည်းတူ ကုလသမဂ္ဂအဖွဲ့ကြီး၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးပန်းတိုင်(၁၇)ရပ်ကို သိသာထင်ရှားစွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် နိုင်ငံအသီးသီးမှ သမဝါယမအသင်းများကို တိုက်တွန်းနှိုးဆော်ထားပေသည်။

ကျွန်ုပ်တို့နိုင်ငံတွင်လည်း အထက်တွင်ဖော်ပြခဲ့သည့် ပြဿနာများအနက် လူတချို့မှာ အလုပ်လက်မဲ့ပြဿနာကြောင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် အခြားနိုင်ငံများသို့ အလုပ်လုပ်ကိုင်ရန် တရားဝင်နည်းလမ်းဖြင့် သွားရောက်သူများရှိသကဲ့သို့ တရားမဝင်သည့်နည်းလမ်းများဖြင့်ပါ သွားရောက်နေကြသည့်အတွက် နယ်စပ်ဖြတ်ကျော်မှုပြဿနာများနှင့် ရင်ဆိုင်နေကြရပေသည်။ ထို့ပြင် လူတချို့မှာ တရားမဝင်မူးယစ်ဆေးဝါးများ သယ်ဆောင်၊ ဖြန့်ဖြူး၊ ရောင်းဝယ်ဖောက်ကားပြီး စီးပွားရှာခြင်း၊ လောင်းကစားပြုလုပ်ပြီး စီးပွားရှာခြင်း၊ လူကုန်ကူးပြီး စီးပွားရှာခြင်း စသဖြင့် လွဲမှားသည့် မကောင်းမှုဒုစရိုက်အလုပ်များဖြင့် အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းနေကြပေသည်။ အလုပ်လက်မဲ့ပြဿနာသည် ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးမှုနောက်ကျသည့်နိုင်ငံများတွင် ဖြစ်လေ့ဖြစ်ထရှိသည့် ပြဿနာတစ်ရပ်ပင်ဖြစ်သည်။ အမှန်စင်စစ်အားဖြင့် အချိန်တိုအတွင်း ဖြတ်လမ်းနည်းဖြင့် ကြီးပွားချမ်းသာရမည်ဆိုသည့် လောဘကို ရှေ့တန်းမတင်ဘဲ အသက်မွေးဝမ်းကျောင်းရုံ သက်သက်မျှဆိုလျှင် ကျွန်ုပ်တို့နိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းများကို နိုင်ငံတော်အစိုးရက အစဉ်တစိုက် အလေးထားပြီး ဆောင်ရွက်ပေးလျက်ရှိပေသည်။ "ဆန္ဒဝတော ကိံ နာမ ကမ္မံနသိဇ္ဈတိ – ဆန္ဒရှိသော သူအား အဘယ်မည်သော အမှုကိစ္စမဆို မပြီးမြောက်နိုင်သည် မရှိ၊ ဝီရိယ ဝတော ကိံ နာမ ကမ္မံ န သိဇ္ဈတိ – လုံ့လဝီရိယ ရှိသောသူအား အဘယ်မည်သော အမှုကိစ္စမဆို မပြီးမြောက်နိုင်သည် မရှိ" ဆိုသည့်အတိုင်း ကျွန်ုပ်တို့နိုင်ငံတွင် အလုပ်လုပ်ချင်စိတ်ရှိပြီး ရိုးရိုးသားသား၊ ကြိုးကြိုးစားစားဖြင့် လုပ်ကိုင်မည်၊ "အလုပ်ဟူသမျှ ဂုဏ်ရှိစွ" ဆိုသည့်စကားနှင့်အညီ အလုပ်မရွေးဘဲ အလုပ်လုပ်ရန် သင့်လျော်သည့် သူတိုင်း ကိုယ်စီကိုယ်စီ အလုပ်လုပ်ကြမည်၊ ယောကျ်ားအလုပ် မိန်းမအလုပ် ခွဲခြားမနေဘဲ ကိုယ့်တာဝန်ကိုယ်ကျေအောင် တန်းတူညီတူ အလုပ်လုပ်မည်၊ ကိုယ့်ဝင်ငွေနှင့် ထွက်ငွေကို စနစ်တကျ စိစစ်ပြီး အသုံးနှင့်အဖြုန်းကို ခွဲခြားသိမည်၊ ချွေတာစုဆောင်းမည်ဆိုပါက ကိုယ့်နိုင်ငံမှာကိုယ်နေထိုင်လုပ်ကိုင်လည်း နွမ်းပါးပေမယ့် တစ်ဝမ်းတစ်ခါးအတွက်တော့ အဆင်ပြေပြေ နေထိုင်နိုင်ကြမည်ဖြစ်ပေသည်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်း ဆိုသည်မှာ ဘာသာတရားနှင့် ကြည့်မည်ဆိုပါက ကံကံ၏အကျိုးပင်ဖြစ်ပေသည်။ ကောင်းတာလုပ်ပါက ကောင်းသည့်ကံက အကျိုးပေးသည့်အတွက် ကြီးပွားမည်၊ ချမ်းသာမည်။ မကောင်းတာလုပ်ပါက မကောင်းသည့်ကံ၏ အကျိုးပေးမှုကြောင့် ဆင်းရဲမည်၊ နွမ်းပါးမည်။ အလုပ်ကို ရိုးရိုးသားသား၊

> **"လက်ရှိ မြန်မာနိုင်ငံတွင် အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေသော သမဝါယမအသင်းပေါင်း ၃၀၅၁၃ သင်းကို ဖွဲ့စည်းထားပြီးဖြစ်ရာ ခေါင်းရှက်ဗျပ်ထိုးချေးသည်မှစ၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်သူများအထိ အလုပ်ကို တစိုက်မတ်မတ် လုပ်ကိုင်ဆောင်ရွက်ပြီး လိုအပ်သော အရင်းအနှီးအတွက် ငွေချေးမည်၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်ဆပ်မည်၊ ရရှိလာသည့် အကျိုးအမြတ်ထဲမှ သုံးသင့်တာကိုသုံးပြီး ငွေကိုမဖြစ်မနေ စုဆောင်းမည်ဆိုသူများကို သမဝါယမအသင်းသားအဖြစ် ပါဝင်ခွင့်ပြုပြီး အသေးစားအရင်းအနှီး ချေးငွေများ ထုတ်ချေးပေးကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိ"**

ကြိုးကြိုးစားစားဖြင့် ရည်မှန်းချက်ထားပြီး လုပ်ကိုင်ဆောင်ရွက်ပါက တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ့မလဲဆိုသည့် စကားအတိုင်း တစ်နေ့မှာ ကိုယ့်ရည်မှန်းချက်တွေ ကေန်မုချအောင်မြင်ရမည် ဖြစ်ပေသည်။

**ငွေကြေးသည် အဓိကအရင်းအနှီးဖြစ်**

စီးပွားရေးလုပ်ငန်း သဘောတရားအရ စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်မည်ဆိုလျှင် အရင်းအနှီး ရှိရပေမည်။ စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်နိုင်ရန်အတွက် ငွေကြေးသည် အဓိကအရင်းအနှီးဖြစ်ပြီး နည်းပညာ၊ ဈေးကွက်၊ သွင်းအားစုနှင့် အခြေအနေ ဖန်တီးနိုင်ခွင့်တို့မှာလည်း အရင်းအနှီးများပင် ဖြစ်သည်။ အမှန်တကယ် ရိုးရိုးသားသား၊ ကြိုးကြိုးစားစားဖြင့် အလုပ်လုပ်လိုသူများအတွက် ငွေကြေးအရင်းအနှီး ထုတ်ပေးမည့် အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ ကျွန်ုပ်တို့နိုင်ငံတွင် အများအပြား ရှိပေသည်။ ထိုသို့ အများအပြားရှိသည့်အနက် စိတ်တူကိုယ်တူ၊ ဆန္ဒတူသူများက စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်များ၊ လိုအင်ဆန္ဒများကို ဖြည့်ဆည်းနိုင်ရန်အတွက် ပူးပေါင်းပိုင်ဆိုင်ပြီး အများဆန္ဒနဲ့အညီ ကိုယ်တိုင်ပါဝင်စီမံခန့်ခွဲ ဆောင်ရွက်ခွင့်ရှိသည့် သမဝါယမအသင်းများလည်း အပါအဝင်ဖြစ်ပေသည်။ လက်ရှိ မြန်မာနိုင်ငံတွင် အသေးစား အရင်းအနှီးချေးငွေလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေသော သမဝါယမအသင်းပေါင်း ၃၀၅၁၃ သင်းကို ဖွဲ့စည်းထားပြီးဖြစ်ရာ ခေါင်းရွက်ဗျပ်ထိုးဈေးသည်မှစ၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်သူများအထိ အလုပ်ကို တစိုက်မတ်မတ် လုပ်ကိုင်ဆောင်ရွက်ပြီး လိုအပ်သော အရင်းအနှီးအတွက် ငွေချေးမည်၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်ဆပ်မည်၊ ရရှိလာသည့် အကျိုးအမြတ်ထဲမှ သုံးသင့်တာကိုသုံးပြီး ငွေကိုမဖြစ်မနေ စုဆောင်းမည်ဆိုသူများကို သမဝါယမအသင်းသားအဖြစ် ပါဝင်ခွင့်ပြုပြီး အသေးစားအရင်းအနှီးချေးငွေများ ထုတ်ချေးပေးကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပေသည်။

သမဝါယမ ငွေစု၊ ငွေချေးလုပ်ငန်း၏ သမိုင်းကြောင်းကို လေ့လာကြည့်လျှင် ၁၈၄၇ ခုနှစ်က ဂျာမနီနိုင်ငံ Prussian ဒေသ၊ ရိုင်းပြည်နယ် (Rhine Province) မှာ နေထိုင်ကြသည့် ပြည်သူပြည်သားများသည် စီးပွားရေးကပ်ဆိုက်ပြီး ကုန်းကောက်စရာမရှိလောက်အောင်ကို ဆင်းရဲမှုနှင့် ကြုံတွေ့ခဲ့ကြရဖူးပေသည်။ ထိုအချိန်က အက်ဖ်ဒဗလျူရဖိုက်ဆင်(F.W Raiffeisen) ဆိုသည့် ပုဂ္ဂိုလ်က အသေးစားချေးငွေလုပ်ငန်းကို ပထမဆုံး စတင်ထူထောင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ပြည်သူပြည်သားများကို ငွေကြေးအရင်းအနှီး ထုတ်ချေးပေးခဲ့သည့်အတွက် စီးပွားရေးအခြေအနေတွေပြန်လည်ကောင်းမွန်လာပြီး အသေးစားချေးငွေလုပ်ငန်းလည်း အောင်မြင်လာခဲ့ပါသည်။ ထိုအသေးစားချေးငွေလုပ်ငန်း၏ အမည်မှာ Westerwald ဖြစ်ပြီး အသင်းအဖွဲ့တစ်ခုအဖြစ် ရပ်တည်လာခဲ့ပါသည်။ F.W Raiffeisen သည်လည်း အသေးစားချေးငွေလုပ်ငန်း၏ ဖခင်ကြီး ဖြစ်လာခဲ့ပါသည်။

**လုပ်ငန်းအသီးအပွင့်များကိုခံစားရင်းချွေတာစုဆောင်းနိုင်**

ထိုပုဂ္ဂိုလ်ကြီးက "အမှီအခိုကင်းမဲ့ပြီး နာကျည်းစရာဆိုးကျိုးများနှင့် ရင်ဆိုင်နေရသူတွေ ဆင်းရဲတွင်းမှ လွတ်မြောက်ဖို့ဆိုရင် အကူအညီလိုအပ်နေသူတွေကို အခြေခံကျသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ငွေထုတ်ချေးပေးပြီး စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်စေခြင်းပဲဖြစ်တယ်။ သို့မှသာ သူတို့ရဲ့ လုပ်ငန်းအသီးအပွင့်များကို ခံစားရင်းချွေတာစုဆောင်းနိုင်ကြမှာ ဖြစ်တယ်။ ဇိမ်ခံပစ္စည်းတွေ၊ အဝတ်အထည်တွေအတွက် မလိုအပ်သည့် အပိုကုန်ကျစရိတ်နဲ့ ပကာသနအတွက် ဧည့်ခံနေတဲ့ စရိတ်တွေဟာ မကောင်းမှုကိုသာ တိုးပွားစေတယ်။ ဒီလိုတွေသာ အမြဲတမ်းလုပ်နေကြမယ်ဆိုရင် နေ့စဉ်စားသုံးရန် လိုအပ်တဲ့ငွေကြေးကိုပင် ရှာဖွေရန်အခက်အခဲဖြစ်နိုင်တဲ့ အတွက် ရှောင်ရှားသင့်တယ်။ ဆင်းရဲနွမ်းပါးသူတွေကို တိုက်ရိုက်လှူဒါန်းပေးကမ်း အကူအညီပေးတဲ့အခါ အဲဒီအကူအညီကို လက်ခံတဲ့သူတွေက အကျိုးရှိတဲ့နေရာမှာ အသုံးမပြုခြင်း၊ တစ်စုံတစ်ရာ အားထည့်ဆောင်ရွက်မှုမရှိခြင်းဟာ ဆိုးရွားတဲ့ ထိခိုက်မှုတွေကို ဖြစ်ပေါ်စေတယ်။ အဆိုးရွားဆုံးအချက်က လိုအပ်တဲ့အချိန်တွင် အသုံးပြုရန် ချွေတာစုဆောင်းထားမှု မရှိခြင်းဘဲဖြစ်တယ်။ ဒါ့အပြင် တစ်ကြိမ်လှူဒါန်းမှုကိုရခဲ့ဖူးတော့ နောက်တစ်ကြိမ် ထပ်လာဦးမလားလို့ မျှော်လင့်နေတတ်တဲ့ သူများအပေါ် မှီခိုလိုတဲ့စိတ်ဓာတ်ဆိုးပဲဖြစ်တယ်" ဟူ၍ ယူဆခဲ့ပါသည်။ ထို့ပြင် "ငွေစုဆောင်းခြင်းသည် ကောင်းမွန်သည့် အလေ့အထဖြစ်သည့်အပြင် ရိုးရိုးသားသား၊ ကြိုးကြိုးစားစားလုပ်ကိုင်ခြင်းမှ ရရှိသည့်ငွေများကို စုဆောင်းခြင်းကြောင့် ငွေကြေးလုံခြုံမှုရှိပြီး အတိုးငွေကိုလည်း ရရှိစေတယ်၊ ရိုးသားကြိုးစားစွာလုပ်ကိုင်ခြင်းနဲ့ ချွေတာစုဆောင်းခြင်း( Diligence and Thrift )ဟာ ဒွန်တွဲလျက်ရှိတာကြောင့် ချွေတာစုဆောင်းခြင်းကို အားပေးရမှာ ဖြစ်တယ်" ဟူ၍လည်း ယူဆခဲ့ပါသေးသည်။ ထို့ကြောင့် F.W Raiffeisen သည် ငွေစုငွေချေးအသင်းကို ထူထောင်ခဲ့ပြီး ငွေစုဆောင်းခြင်းကို အားပေးခဲ့ခြင်း ဖြစ်ပါသည်။ ထိုအချက်တွေကို ကြည့်ခြင်းအားဖြင့် ကိုယ့်အားကိုယ်ကိုးပြီး ဝီရိယရှိရှိနှင့် ဝင်ငွေရမည့် သမ္မာအာဇီဝအလုပ်ကို ကြိုးစားလုပ်ပြီး ချွေတာစုဆောင်း သုံးစွဲသွားမည်ဆိုပါက ဆင်းရဲနွမ်းပါးမှုဆိုသည့် ဝဲဩဃထဲမှ လွတ်မြောက်မည်မှာ မလွဲကေန်အမှန်ပင် ဖြစ်ပေသည်။

ကျွန်ုပ်တို့နိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်လည်း ၁၉၇၈ ခုနှစ်မှ ၁၉၈၅ ခုနှစ်အတွင်း အသွင်ကူးပြောင်းရေး နောက်ပိုင်းမှသာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံတော်အဆင့်က အာရုံစူးစိုက်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ၁၉၇၈ ခုနှစ်မှာ ဆင်းရဲနွမ်းပါးသူ သန်း ၂၅၀ ရှိခဲ့ရာမှ ခုနစ်နှစ်အကြာ ၁၉၈၅ ခုနှစ်မှာ ၁၂၅ သန်းအထိ ထက်ဝက်လျှော့ချ နိုင်ခဲ့ပါသည်။ ဆက်လက်ပြီး ဆင်းရဲသည့် ဒေသများနှင့် ဆင်းရဲသည့် မိသားစုများအတွက် အခြေအနေကောင်းတွေ တစ်ဆင့်ပြီးတစ်ဆင့် ဖန်တီးပေးခဲ့ပါသည်။ ကျွန်တော်တို့နိုင်ငံမှာလည်း ဆင်းရဲမှုတိုက်ဖျက်ရေး မျက်နှာစာသစ်တွေရွေးချယ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍများ၏ နယ်ပယ်အသီးသီး အလိုက်ဆောင်ရွက်ရာမှ ရရှိခဲ့သည့်အောင်မြင်မှု ရလဒ်များကို အခြေခံကာ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိရပ်ရွာ၊ မိမိဒေသရေမြေတောတောင် သဘာဝနှင့် ကိုက်ညီမည့် လုပ်ငန်းများကို စီမံကိန်းချမှတ်ဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်မှုရရှိမှာ ဖြစ်ပေသည်။

**လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှု မဖြစ်စေရေးကို ရည်ရွယ်**

ကျွန်ုပ်တို့အနေဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုမဖြစ်စေရေးကို ရည်ရွယ်ပြီး "ဟိုသွားအလုပ်လုပ်မယ်၊ ဒီသွားအလုပ်လုပ်မယ်၊ မကောင်းမှု ဒုစရိုက်လုပ်ငန်းများဖြင့် စီးပွားရှာပြီး ကြီးပွားချမ်းသာအောင် လုပ်မယ်" ဆိုသူများကို အကြံကောင်းတစ်ခု ပေးလိုပါသည်။ '' သူများနိုင်ငံမှာ တရားမဝင်အလုပ်သွား လုပ်မည့်အစား၊ မကောင်းမှုဒုစရိုက်လုပ်ငန်းများဖြင့် စီးပွားရှာမည့်အစား ကိုယ့်နိုင်ငံ၊ ကိုယ့်ရပ်ရွာမှာပဲ ရိုးရိုး သားသား၊ ကြိုးကြိုးစားစား အလုပ်လုပ်ရင်း နေ့စဉ်ဝင်ငွေရအောင်လုပ်ပါ၊ ကိုယ့်ရပ်ရွာမှာရှိသည့် သမဝါယမအသင်းမှာ အသင်းသားအဖြစ် ပါဝင်နိုင်အောင်လုပ်ပါ၊ အလုပ်လုပ်ဖို့ အရင်းအနှီးကို သမဝါယမအသင်းများမှ ချေးယူပါ၊ ကိုယ့်မှာရှိသည့် လယ်မြေ၊ ယာမြေက သီးနှံအထွက်နည်းနေလို့၊ အကွက်အကွင်းမကျလို့၊ မြေကညီညာမှုမရှိလို့၊ စိုက်လို့ပျိုးလို့ အဆင်မပြေဖြစ်နေပါက လယ်ယာဝန်ဆောင်မှု သမဝါယမအသင်းများက လယ်ယာသုံးစက်ကိရိယာတွေငှားပြီး လယ်ယာမြေကို အဆင့်မြှင့်တင်ပြုပြင်လိုက်ပါ၊ နောင်ရေရှည်အတွက် စဉ်းစားပြီး လယ်ယာသုံးစက်ကိရိယာတွေကို ကိုယ်ပိုင်ဝယ်ယူလိုသည်ဆိုပါကလည်း သမဝါယမအသင်းများမှတစ်ဆင့် နှစ်သက်ရာ လယ်ယာသုံးစက်ကိရိယာပစ္စည်း အရောင်းဆိုင်က ဖြစ်စေ၊ သမဝါယမအသင်းများက ရောင်းချပေးနေသော ဒေဒုံး(Daedong) လယ်ယာသုံး စက်ကိရိယာတွေကိုဖြစ်စေ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်လိုက်ပါ၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် မြေဩဇာ၊ ပိုးသတ်ဆေးတို့ကဲ့သို့ သွင်းအားစုတွေ

*စာမျက်နှာ ၁၁ သို့*

# ရသေ့တောင်မြို့နယ် ဦးဂါကျေးရွာမှ အသက် ၃၇ နှစ် ဝန်းကျင်ရှိ အမျိုးသမီးတစ်ဦးအား တပ်မတော်သား ၃ ဦးက အဓမ္မပြုကျင့်ခဲ့သည်ဆိုသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၃**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ဦးဂါကျေးရွာမှ အသက် ၃၇ နှစ် ဝန်းကျင်ရှိ အမျိုးသမီးတစ်ဦးအား တပ်မတော်သား ၃ ဦးက အဓမ္မပြုကျင့်ခဲ့သည် ဆိုသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရသေ့တောင်မြို့နယ် မူစဲကျွန်း ဦးဂါကျေးရွာမှ ကလေး ၄ ယောက်၏ မိခင် အသက် ၃၇ နှစ်ရှိ အမျိုးသမီး တစ်ဦးအား ဇွန် ၃၀ ရက် ည ၁၁ နာရီခန့်တွင် တပ်မတော်သား ၃ ဦးက အဓမ္မပြုကျင့်ခဲ့သည်ဟု ကာယကံရှင် အမျိုးသမီးက ထုတ်ဖော်ပြောကြားသည်ဟု သတင်းမီဒီယာအချို့မှ ဖော်ပြနေကြောင်း။

၎င်းဖြစ်စဉ်အား အသေးစိတ်စိစစ်ရာ တပ်မတော်စစ်ကြောင်းတစ်ခုသည် ဇွန် ၃၀ ရက် ညနေ ၇ နာရီတွင် အဆိုပါကျေးရွာသို့ ရောက်ရှိခဲ့ပြီး ည ၈ နာရီတွင် ရွာ၏မြောက်ဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကာ ရွာမြောက်ဘက် မီတာ ၂၅၀ ခန့်ရှိ သရက်တောအတွင်း၌သာ အခြေပြုခဲ့ကြောင်း၊ နောက်တစ်နေ့ နံနက် ၆ နာရီတွင် ရွာအတွင်းသို့ဝင်ရောက်၍ အကြမ်းဖက်သောင်းကျန်းသူတို့၏ သတင်းအား မေးမြန်းခဲ့ကြောင်း၊ ၎င်းနောက် နံနက် ၈ နာရီတွင် ကျေးရွာ၏ အရှေ့မြောက်ဘက်ရှိ တောင်ကြောပေါ်သို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း၊ ကျေးရွာအတွင်းသို့ ဝင်ရောက်စဉ် ရွာ၌ အသက် ၄၀ နှင့်အထက် ကျား ၁၅ ဦး၊ မ ၃၆ ဦး၊ ၁၈ နှစ်အောက် ကျား ၁ ဦး၊ မ ၁ ဦး စုစုပေါင်း ၅၃ ဦးသာ တွေ့ရှိရကြောင်း၊ ကျန်ရွာသူရွာသားများနှင့် အုပ်ချုပ်ရေးမှူးမှာ ဇွန် ၂၇ ရက်တွင် စစ်တွေမြို့ဘက်သို့ ထွက်သွားသည်ဟု သိရှိရကြောင်း။

တပ်မတော်စစ်ကြောင်းသည် ကျေးရွာအတွင်းသို့ ဝင်ရောက်စဉ် AA အကြမ်းဖက်သောင်းကျန်းသူများနှင့် ဆက်စပ်၍ ဝင်ရောက်သတင်းစုံစမ်းခဲ့ခြင်းဖြစ်ကာ ကျေးရွာရှိ ရွာသူရွာသားများ ရှေ့မှောက်တွင်ပင် ပစ္စည်းများ ပျောက်ရှမှုမရှိကြောင်း ဝန်ခံကတိ လက်မှတ်ရေးထိုးစေခြင်း၊ ဓာတ်ပုံ၊ ဗီဒီယိုနှင့် အသံဖိုင်များ သက်သေအထောက်အထားအဖြစ် မှတ်တမ်းတင်ထားခြင်းများအား ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြပါရှိသည်။

အဆိုပါသတင်းမှာ ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် လုပ်ကြံဖန်တီးပြီး မမှန်သတင်း ဖော်ပြခဲ့ခြင်းဖြစ်ကြောင်းနှင့် စတင်ဖော်ပြသော သတင်းမီဒီယာများမှာ Narinjara နှင့် Arakan Info Desk–AID တို့ဖြစ်ကြောင်း ယင်းသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သတင်းစဉ်

# နေပြည်တော်တွင် ဖြစ်ပွားခဲ့သည့် မော်တော်ယာဉ်ခိုးယူမှုနှစ်မှုမှ ကျူးလွန်သူများအား ယာဉ်နှစ်စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃**

နေပြည်တော်တွင် ဖြစ်ပွားခဲ့သည့် မော်တော်ယာဉ်ခိုးယူမှုနှစ်မှုမှ ကျူးလွန်သူများအား ယာဉ်နှစ်စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် စံပယ်အိမ်ရာတိုက်ရှေ့ ကားပါကင်တွင် ရပ်ထားသည့် ယာဉ်အမှတ် 1R/---- နံပါတ်ပါ Toyota Probox အမျိုးအစားဌာနပိုင်ယာဉ်မှာ ဇွန် ၂ ရက် ည ၈ နာရီနောက်ပိုင်း ခိုးယူခံရသဖြင့် အမှတ်(၅)နယ်မြေရဲစခန်း (ပ)၃၉/၂၀၂၀၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁) ဖြင့် အမှုဖွင့်ခဲ့ပြီး ဇွန် ၂၂ ရက် ည ၁၀ နာရီ နောက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် ရတနာရွှေဘုံလမ်းမပေါ်တွင် ရပ်တန့်ထားသည့် ယာဉ်အမှတ် 5L/.... နံပါတ်ပါ Probox အမျိုးအစားကိုယ်ပိုင်ယာဉ် ခိုးယူခံရသဖြင့် အမှတ်(၉) နယ်မြေရဲစခန်း (ပ)၄၂/၂၀၂၀ ရာဇသတ်ကြီးပုဒ်မ ၃၇၉(ကား)ဖြင့် အမှုဖွင့်ဆောင်ရွက်ခဲ့ကြောင်း။

ရဲတပ်ဖွဲ့မှ ပြစ်မှုကျူးလွန်ဖူးသူများအတွင်း စုံစမ်းသတင်းရယူပြီး ယခင် ပြစ်ချက်ဟောင်းရှိသူနှစ်ဦးကို



ပြစ်မှုကျူးလွန်သူ ထက်ထက်(ခ)ထက်ထက်အောင်နှင့် အောင်ဇော်လွင်။

ခြေရာခံ စုံစမ်းစစ်ဆေးဖော်ထုတ်ချက်အရ ရှမ်းပြည်နယ် ဟိုပုံးမြို့ နန်းခုတ်ကျေးရွာနေ အောင်ဇော်လွင်(ခ) ရှမ်းလေး၊ လယ်ဝေးမြို့နယ် ပန်းညိုစမ်းကျေးရွာနေ ထက်ထက်(ခ) ထက်ထက်အောင်နှင့် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်နေ အောင်ငွေး တို့သုံးဦး ကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်ပြီး ထက်ထက်(ခ)ထက်ထက်အောင်အား လယ်ဝေးမြို့နယ်၌ လည်းကောင်း၊ အောင်ဇော်လွင် (ခ)ရှမ်းလေးအား ရှမ်းပြည်နယ် ဟိုပုံးမြို့ နမ်းခုတ်ကျေးရွာ၌လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ အောင်ငွေးမှာ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိ၍ ပြစ်မှုကျူးလွန်သူများအား စစ်မေးရာ ယာဉ်များကိုလူပြတ်ချိန်၊ လူသူရှင်းချိန်တွင် ယာဉ်မှန်တံခါး ရိုက်ခွဲ၍ သော့တုများဖြင့်ဖွင့်ပြီး ခိုးယူခဲ့ကြောင်း၊ သက်သေခံ မော်တော်ယာဉ်များကို တောင်ကြီးမြို့တွင် ရောင်းချထားကြောင်းသိရှိရ၍ ဆက်လက်ဖော်ထုတ်ချက်အရ ၎င်းယာဉ်နှစ်စီးအား ဇူလိုင် ၂ ရက်တွင် သိမ်းဆည်းရမိရာ ပြစ်မှုကျူးလွန်သူများအား ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင် (ယခု ပုသိမ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျေးရွာအုပ်စုငါးအုပ်စုမှ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးရာတွင် တောင်သူများထံက ငွေကြေးတောင်းခံခြင်း၊ လယ်ယာမြေ အခြားနည်းဖြင့် အသုံးပြုခွင့်လျှောက်ထားခြင်းနှင့် စိုက်ပျိုးရေးဘဏ်မှ ချေးငွေထုတ်ယူခြင်းတို့အတွက် ငွေကြေးတောင်းခံရယူ၍ အဂတိလိုက်စားနေသည့် ရေကြည်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးဌာနမှူးအား အရေးယူပေးပါရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင် (ယခု ပုသိမ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန)သည် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးရာတွင် လယ်ယာမြေလုပ်ကိုင်ခွင့်ပြု လက်မှတ်ရရှိသူ တောင်သူ ၁၇ဦးထံက စုစုပေါင်းငွေကျပ် ခြောက်သိန်း၊ လယ်ယာမြေ အခြားနည်းဖြင့် သုံးစွဲခွင့်လျှောက်ထားသူ တောင်သူငါးဦးထံမှ ငွေကျပ် ၁၁၅၀၀၀၀ ကို လက်ခံရယူခဲ့ခြင်းသည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ အဂတိလိုက်စားမှု ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့မရဲစခန်း၌ ယနေ့တွင် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၄၃၈၊ သွင်းကုန် ၄၆၁ စီး၊ ရန်ကုန်-မြဝတီမလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၂၂၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လိုင်စင်မဲ့ Nissan Vanette SKF2TN ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

လိုအပ်ပါကလည်း သမဝါယမအသင်းများမှ အကြွေးစနစ်ဖြင့် ဝယ်ယူလိုက်ပါ'' ဟု မှာလိုပါသည်။ ယခုဆိုလျှင် စိုက်ပျိုးရေးပညာရှင်များ ပါဝင်သည့် မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းများ ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် အသင်းသားတောင်သူတွေကို စိုက်ပျိုးသီးနှံမျိုးကောင်းမျိုးသန့်နှင့် လိုအပ်သည့်နည်းပညာများ ဖြန့်ဖြူး ပေးရန် စီစဉ်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်း အတွက် လုပ်အားဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် "ဆင်းရဲနွမ်းပါးခြင်း" ဆိုသည့် အကြောင်းပြချက်တစ်ခုတည်းဖြင့် ကိုယ့်ရပ်ကိုယ့်ရွာကိုစွန့်ပြီး ထွက်ခွာမသွားသင့်ပေ။ အမှန်တကယ်သာ ရိုးရိုးသားသား၊ ကြိုးကြိုးစားစား အလုပ်လုပ်ချင်သည်ဆိုပါက သမဝါယမက ကူညီပေးရန် အသင့်ရှိပါသည်။ သမဝါယမစနစ်သည် "လိုနေသည့်လူနှင့် ရှိနေသည့်လူ ဆက်စပ်ပေးခြင်း" ပင် ဖြစ်ပေသည်။ မြတ်ဗုဒ္ဓဘုရားရှင် ဟောဖော်ညွှန်ပြ ဆုံးမခဲ့သည့် "သမဂ္ဂါနံ တပေါ့ သုခေါ - စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခြင်းသည် ချမ်းသာသုခကို ဖြစ်စေသည်" ဆိုသည့် အဆုံးအမကို အခြေခံပြီး သမဝါယမစနစ်အတိုင်း ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ဆင်းရဲနွမ်းပါးမှု ဆိုသည့်အရာသည် တစ်စတစ်စ လျော့နည်းပပျောက်သွားမည် ဖြစ်ပေသည်။ ကျွန်တော်တို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အစိုးရနှင့်ပြည်သူအတူလက်တွဲပြီး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်နေသည်ကို အားလုံးအသိပင် ဖြစ်ပါသည်။ နိုင်ငံတော်၏စီးပွားရေးကဏ္ဍ ယခုထက် ပိုမိုကောင်းမွန်အောင် How do we move forward ? ကျွန်တော်တို့ ဘယ်လိုရှေ့ဆက်လုပ်ဆောင်ကြမလဲ ဆိုသည့်မေးခွန်းအတွက် အဖြေကိုရှာရန်လိုမည် ဖြစ်ပါသည်။

အဆိုပါ မေးခွန်းအတွက် အဖြေထွက်ပြီးသား ဖြစ်ပေသည်။ ကျွန်ုပ်တို့နိုင်ငံ လွတ်လပ်ရေးရခါစ နိုင်ငံတော်စီးပွားရေးပြန်လည်ထူထောင်ရေးကို ဆောင်ရွက်ကြသည့်အချိန်တုန်းက အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက " နိုင်ငံတော်ရဲ့စီးပွားရေး ပြန်လည်ထူထောင်မှုလုပ်ငန်းတွေ လုပ်ဆောင်ရာမှာ စနစ်တစ်ခုခိုင်မာတောင့်တင်းဖို့လိုတယ်၊ အကောင်းဆုံးသောလက်နက်ဟာ သမဝါယမစနစ်သာလျှင် ဖြစ်တယ်လို့ယုံကြည်တယ်" ဟု ဆိုရန်တိုဗီလာခန်းမ တွင် မိန့်ကြားခဲ့သည့်အတိုင်း နိုင်ငံတော်၏စီးပွားရေးကဏ္ဍကို သမဝါယမစွမ်းပကားဖြင့် အပြည့်အဝတည်ဆောက်ကြရမည် ဖြစ်ပေသည်။ ထို့အပြင် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂) ရပ်တွင် ပါဝင်သော ကဏ္ဍအလိုက် စဉ်ဆက်မပြတ် ပေါင်းစပ်လုပ်ကိုင်ကြမည်ဆိုပါက ဆင်းရဲနွမ်းပါးခြင်းဆိုသည့်စကားရပ်သည် မြန်မာမှာသာမက ကမ္ဘာမှာတောင်ကွယ်ပျောက်သွားမှာ ဧကန်မလွဲ ဖြစ်ပေသည်။

အချုပ်ဆိုရသော် ကျွန်ုပ်တို့နိုင်ငံမှာ ရှိနေကြသည့် နွမ်းပါးသူတွေလမ်းမမှားစေချင်ပါ။ သူတို့တစ်တွေကြုံတွေ့နေရတဲ့ ဆင်းရဲနွမ်းပါးမှုဆိုတာကို သမဝါယမ စွမ်းပကားနဲ့ အားသွန်ခွန်စိုက် ကူညီဖြေရှင်းပေးလိုက်မည်ဆိုပါက အထိုက်အလျောက်တော့ ဖြေလျှော့ပေးနိုင် လိမ့်မည်ဟု ယုံကြည်မိပါသည်။ နိုင်ငံရပ်ခြား တိုင်းတစ်ပါးကို တရားမဝင်သွားပြီး အလုပ်လုပ်၊ ငွေရှာ၊ ကြီးပွားချမ်းသာလိုခြင်း၊ မကောင်းမှု ဒုစရိုက်လုပ်ငန်းများဖြင့် စီးပွားရှာပြီး ကြီးပွားချမ်းသာလိုခြင်း များသည် ပုံပမာနှိုင်း၍ပြောရလျှင် အဆိပ်ပန်းကိုမှ နမ်းချင်သည့် မျက်ကန်းလိပ်ပြာနှင့် တူနေပေသည်။ တရားသဘောအရ ပြောရလျှင် မကောင်းမှုလုပ်ပြီး ကြီးပွားချမ်းသာမှုသည် တစ်ခဏတာမျှသာ ဖြစ်ပေသည်။ ထိုကြီးပွားချမ်းသာမှုသည် အမြင်မှာသာ လှနေပြီး အနံ့မရှိသည့် ပလတ်စတစ်ပန်းနှင့် သဏ္ဍာန်တူပေသည်။ တစ်နည်းဆိုရသော် ပကာသနတွေ ထုံမွှမ်းထားသည့် အတုအယောင်ပန်း သာလျှင်ဖြစ်ပေသည်။ အနံ့မရှိပါ။ ထို့ကြောင့် ပကာသန အလှပန်းကို၊ အထာမကျ နမ်းမယ့်အစား၊ ကိုယ့်နိုင်ငံက သမဝါယမစနစ်လိုမျိုး သဘာဝအလှပန်းမကိုင်မှုကိုပဲ ထာဝရနမ်းရှိုက် လိုက်ကြပါ။ ဆင်းရဲနွမ်းပါးလို့ဆိုပြီး ကောင်းမှန်းမသိ၊ ဆိုးမှန်းမသိ၊ မှန်မှန်းမသိ၊ မှားမှန်းမသိ ရတဲ့နည်းနှင့် ငွေကိုရအောင်ရှာမည်ဆိုသည့် ရမက်လွှမ်းစိတ်တဏှာကြောင့် မျက်ကန်းလိပ်ပြာဘဝနဲ့တော့ မိမိတို့ရဲ့ အထက်တန်းသိက္ခာတွေ မကျကြစေချင်ပါ။ နွမ်းပါးသူတွေ လမ်းမမှားစေဖို့ သမဝါယမစွမ်းပကားနဲ့ ကူညီဆောင်ရွက်ပေးလို့ ရပါကြောင်း စေတနာကောင်းနှင့် ကြေညာမောင်းခတ် တိုက်တွန်းရင်း ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုလိုက်ရပေသည်။ ။

# ဗြိတိန် ဂီတလုပ်ငန်းတွင် ပြိုလဲမှုများနှင့် ရင်ဆိုင်နေရ

လန်ဒန် ဇူလိုင် ၃

**အက်ဒ်ရှီရန်၊ ပေါလ်မက်ကာ့ဒ်နေးနှင့် သည်ရိုလင်းစတုန်းတို့အပါအဝင် အခြားသော အနုပညာရှင်များသည် ကိုဗစ် – ၁၉ ကြောင့် တိုက်ရိုက်ဖျော်ဖြေမှုများ ပြိုလဲမည့်အရေးနှင့် ရင်ဆိုင်နေရသည့် ဂီတလုပ်ငန်းကို ကယ်တင်ပေးရန် ဇူလိုင် ၂ ရက်က ဗြိတိန်အစိုးရထံ တိုက်တွန်းခဲ့သည်။**

လုပ်ငန်းများ ဆက်လက်ပိတ်ထားခြင်းသည် အလုပ်နေရာထောင်ပေါင်းများစွာကို ခြိမ်းခြောက်လျက်ရှိကြောင်း အဲရစ်ကလက်တန်၊ ဆမ်စမစ်၊ ရော့စတီးဝပ်၊ လီယမ်ဂယ်လီဂါ၊ ဂျူအာလီပါ အစရှိသည့် အဆိုတော်များနှင့် Cold Play နှင့် Iron Maiden တို့ ပါဝင်သည့် ဂီတအဖွဲ့များက အိတ်ဖွင့်ပေးစာတွင် လက်မှတ်ရေးထိုးကာ တောင်းဆိုခဲ့ကြသည်။

လေ့လာမှုအသစ်များအရ ပြီးခဲ့သည့်နှစ်အတွင်း ဂီတဖျော်ဖြေပွဲများမှ အလုပ်အကိုင်ပေါင်း ၂၁၀၀၀၀ ကို ထောက်ပံ့ပေးနိုင်ပြီး ဗြိတိန်နိုင်ငံ၏ စီးပွားရေးတွင် ပေါင် ၄ ဒသမ ၅ ဘီလီယံ အထောက်အပံ့ပေးနိုင်သည်ဟု ဂီတပညာရှင်များက ပြောဆိုခဲ့ကြသည်။ ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း ယူကေနိုင်ငံရှိ ဂီတပွဲများသည် ယူကေ၏ အကြီးဆုံး လူမှုရေးနှင့် စီးပွားရေးအရ အောင်မြင်မှုများ ဖြစ်ခဲ့ကြောင်း ယဉ်ကျေးမှုဝန်ကြီး အိုလီဗာဒိုဒန်ထံ ပေးပို့သည့် အိတ်ဖွင့်ပေးစာတွင် ရေးသားခဲ့ကြသည်။ အစိုးရဘက်မှ ငွေကြေးထောက်ပံ့မှု မရရှိသေးသကဲ့သို့ လူအချင်းချင်း ခပ်ခွာခွာနေရန် အမိန့်များ ဆက်လက်ရှိနေသေးသည့်အတွက် ဂီတပွဲများ ဖျော်ဖြေပွဲများတွင် အလုပ်လုပ်ကိုင်ရသည့် လူထောင်ပေါင်းများစွာမှာ မျှော်လင့်ချက်မဲ့လာရကြောင်းလည်း ဖော်ပြသည်။

ဗြိတိန်နိုင်ငံသည် ကိုဗစ် – ၁၉ ကူးစက်မှုဒဏ်ကို ဥရောပတွင် ဆိုးရွားစွာ ခံစားခဲ့ရပြီး မတ်လနှောင်းပိုင်းမှ စတင်ကာ နေအိမ်၌သာနေရန် အမိန့်ကို ပယ်ဖျက်ပေးခဲ့သည်။ ယခုသီတင်းပတ်အတွင်း စားသောက်ဆိုင်များ၊ ပြတိုက်များ ပြန်လည်ဖွင့်လှစ်ခွင့်ပေးမည် ဖြစ်သော်လည်း ဂီတဖျော်ဖြေပွဲများကိုမူ ဆက်လက်ပိတ်ထားဆဲဖြစ်သည်။ ဂီတလုပ်ငန်းပြန်လည် မစတင်နိုင်မီအချိန်အတွင်း အစိုးရ၏ထောက်ပံ့မှုသည် ဂီတလုပ်ငန်းကြီး ပြိုလဲမသွားစေရေးအတွက် အရေးကြီးသည်ဟုလည်း အဆိုပါစာတွင် ဖော်ပြထားသည်။ ဂီတပွဲများ ပြန်လည်စတင်ခွင့်ရမည့် အချိန်အတိအကျကို ဂီတလုပ်ငန်းမှ သိရှိလိုကြသည်။ **အေအက်ဖ်ပီ**



Meltham and Me Hham Mills ဂီတအဖွဲ့ လေ့ကျင့်နေမှုကို တွေ့ရစဉ်။

# ကိုဗစ်- ၁၉ ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် နှာခေါင်းစည်းတပ်ဆင်ရမည့်အမိန့်ထုတ်

**ဟူစတန် ဇူလိုင် ၃**

အမေရိကန်ပြည်ထောင်စု တက္ကဆက်ပြည်နယ်တွင် ကိုဗစ် – ၁၉ ဆက်လက်ပျံ့နှံ့နေသည့်အတွက် အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများသို့ သွားသည့်အခါ ပါးစပ်နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်ကြရန် ဇူလိုင် ၂ ရက်က အမိန့်ထုတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမိန့်ကို တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ဂရက်ဂျ်အက်ဘော့က ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများသို့ သွားသည့်အခါ နှာခေါင်းနှင့်ပါးစပ်ကို မဖြစ်မနေ အုပ်ထားရမည်ဖြစ်သည်။ နှာခေါင်းနှင့် ပါးစပ်ကို ဖုံးအုပ်ခိုင်းထားခြင်းဖြင့် ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရာရောက်ကြောင်း သက်သေပြလျက် ရှိသည်ဟု အက်ဘော့က ပြောသည်။




တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးချုပ် ဂရက်ဂျ်အက်ဘော့

မိမိကျန်းမာရေးအတွက်သာမက မိသားစု၊ အပေါင်းအသင်း၊ တက္ကဆက်ပြည်နယ်သူ ပြည်နယ်သားများ၏ အကျိုးအတွက် အပြင်ထွက်သည့်အခါ ပါးစပ်နှာခေါင်းစည်း ဝတ်ဆင်ကြရန် ၎င်းက ဆက်လက်တိုက်တွန်းသည်။

လူအချင်းချင်း အနည်းဆုံး ခြောက်ပေအကွာတွင် ရှိရမည်ဖြစ်ပြီး လူ ၁၀ ဦးထက်ကျော်လွန်၍ စုဝေးခြင်း မပြုကြရန်လည်း ပြည်နယ်အုပ်ချုပ်ရေးမှူးက ကြေညာချက် ထုတ်ပြန်ခဲ့သည်။ လူအများအပြား စုဝေးခြင်းသည် ကိုဗစ်–၁၉ ကူးစက်မှုမြင့်တက်လာခြင်း၏ အကြောင်းတရားတစ်ခုဖြစ်ကြောင်း တက္ကဆက်ပြည်နယ်သားများက အပြင်ထွက်သည့်အခါ ပါးစပ်နှင့် နှာခေါင်းကို ဖုံးအုပ်ထားကြလျှင် ကိုဗစ်– ၁၉ ပျံ့နှံ့မှုကို လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများလည်း ဆက်လက်ဖွင့်ထားနိုင်မည်ဖြစ်သည်။

ယင်းသို့ အမိန့်ထုတ်ပြီးနောက် ဟူစတန်မြို့တော်ဝန် ဆေဗက်စတာတန်နာကလည်း ယင်းအမိန့်ကို ထောက်ခံကြောင်းပြောသည်။ ကိုဗစ်–၁၉ ထိန်းချုပ်နိုင်ရေးအတွက် ပိုမိုတင်းကျပ်သည့် စည်းကမ်းများချမှတ်ရန် ပြည်နယ်အုပ်ချုပ်ရေးထံ ဟူစတန်မြို့တော်ဝန်က စာရေးတောင်းဆိုခဲ့သည်ဟုလည်း ဒေသတွင်း မီဒီယာများတွင် ဖော်ပြထားသည်။ ဇူလိုင် ၂ ရက်တွင် တက္ကဆက်ပြည်နယ်၌ ကိုဗစ်– ၁၉ ကူးစက်ခံရသူ ၁၇၅၉၇၇ ဦးရှိပြီး သေဆုံးသူအရေအတွက်မှာ ၂၅၂၅ ဦးရှိသည်ဟု တက္ကဆက်ပြည်နယ်ကျန်းမာရေးနှင့်လူသား အရင်းအမြစ်ဌာနက ပြောသည်။ **ဆင်ဟွာ**

# ကာလိုစ်ဂွန်း ကိစ္စနှင့် သက်ဆိုင်သည့် လူနှစ်ဦးကို လွှဲပြောင်းပေးရန် ဂျပန်တောင်းဆို

**ဝါရှင်တန် ဇူလိုင် ၃**

နစ်ဆန်းကုမ္ပဏီ ဥက္ကဋ္ဌဟောင်း ကာလိုစ်ဂွန်း ဂျပန်နိုင်ငံမှ ထွက်ပြေးနိုင်ရေး ကူညီပေးခဲ့သည့် အမေရိကန်နိုင်ငံသားနှစ်ဦးမှာ ဖမ်းဆီးခံထားရပြီး ၎င်းတို့ကို ဂျပန်နိုင်ငံသို့ လွှဲပြောင်းပေးရေး အမေရိကန်ထံ တောင်းဆိုခဲ့သည်။

**လွှဲပြောင်းပေးရေးတောင်းဆို**

မိုက်ကယ် တေလာနှင့် သားဖြစ်သူ ပီတာတေလာတို့မှာ ကာလိုစ်ဂွန်း ထွက်ပြေးနိုင်ရေး အကူအညီပေးခဲ့သည်ဟု စွပ်စွဲခံထားရပြီးနောက် အမေရိကန်အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ ဂျပန်နှင့် အမေရိကန်တို့ကြား သဘောတူထားသည့် အပြန်အလှန် တရားခံလွှဲပြောင်းပေးရေး သဘောတူညီချက်အရ အဆိုပါ ပုဂ္ဂိုလ်နှစ်ဦးအား ဂျပန်သို့ လွှဲပြောင်းပေးရေး တောင်းဆိုကြခြင်းဖြစ်သည်ဟု မက်ဆာချူးဆက်တရားရုံးက သတင်းထုတ်ပြန်သည်။

**ဆုံးဖြတ်ချက်ချသွားမည်**

အဆိုပါနှစ်ဦးကို ဂျပန်သို့ လွှဲပြောင်းပေးရန် တရားရုံးက ဆုံးဖြတ်ချက်ချခဲ့လျှင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အပြီးသတ် ဆုံးဖြတ်ချက် ချသွားမည်ဖြစ်သည်။

မိုက်ကယ်တေလာနှင့် ပီတာတေလာတို့၏ ရှေ့နေအဖွဲ့ကမူ ၎င်းတို့၏ အမှုသည်ကို ပြန်လွှတ်ပေးရေး တောင်းဆိုခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် - ၁၉ကြောင့် ထိခိုက်ခဲ့ရသည့် အီးယူစီးပွားရေးအတွက် ဂျာမနီဝန်ကြီးချုပ် ရန်ပုံငွေရှာဖွေ

**ဘာရပ်ဆဲလ် ဇူလိုင် ၃**

ကိုဗစ် – ၁၉ ဒဏ် ခံစားခဲ့ရသည့် အီးယူအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး ပြန်လည်နာလန်ထူနိုင်စေရေး အကူအညီပေးနိုင်ရန် ရန်ပုံငွေကြီးတစ်ခု မကြာမီ ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်က ထုတ်ဖော်ပြောကြား သည်။

ဇူလိုင် ၁ ရက်တွင် ဥရောပသမဂ္ဂ၏ ခြောက်လကြာ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဂျာမနီနိုင်ငံက လက်ခံထားပြီး ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူ လာဗွန်ဒါလီယန်နှင့်လည်း ဆွေးနွေးမှုပြုလုပ်သည်။ အီးယူအဖွဲ့ဝင်နိုင်ငံများသည် သက်သာ ချောင်ချိရေး ရန်ပုံငွေ ဖန်တီးရာ တွင် အမြင်မတူမှုများ ရှိနေသေးသည့်အတွက် စိုးရိမ်မိကြောင်း အင်ဂျလာမာကယ်က ပြောသည်။

ဥရောပကော်မရှင်က အဆိုပြုထားသည့် ရန်ပုံငွေမှာ ၈၅၀ ဘီလီယံတန်ကြေးရှိသည်။ အီးယူထိပ်သီးအစည်းအဝေးမှာ ဇူလိုင် ၁၇ ရက်တွင် စတင်ရန် ရက်သတ်မှတ်ထားပြီး ယင်းအစည်းအဝေးတွင် သဘောတူညီမှုရရှိအောင် ဘာရပ်ဆဲလ်သို့ သွားရောက်မည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ ယခုနှစ် နွေရာသီတွင် သဘောတူညီမှုရရှိရမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အီတလီနှင့် စပိန်နိုင်ငံတို့ အပါအဝင် အချို့သော အီးယူအဖွဲ့ဝင်နိုင်ငံများသည် ကိုဗစ် – ၁၉ ဒဏ်ကို ဆိုးရွားစွာ ခံစားခဲ့ရပြီး ရန်ပုံငွေရရှိရေးကို မျှော်လင့်နေကြသည်။

သို့သော် နယ်သာလန်နိုင်ငံအပါအဝင် အခြားသော အဖွဲ့ဝင်နိုင်ငံများကမူ အဖွဲ့ဝင်နိုင်ငံများကို ကူညီရန် အခွန်ထမ်း ပြည်သူများ၏ အခွန်ငွေကို အသုံးပြုခြင်းအတွက် သတိကြီးကြီးထားနေကြသည်။ **အင်န်အိတ်ချ်ကေ**



ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်နှင့် ဂျာမနီဝန်ကြီးချုပ်တို့ ဆွေးနွေးနေကြစဉ်။

# အီဂျစ်နိုင်ငံတွင် လေယာဉ်ပြေးဆွဲမှု ပြန်စပြီးနောက် ခရီးသွား ၃၁၃ ဦး ဝင်ရောက်

ကိုင်ရို ဇူလိုင် ၃

ဆွစ်ဇာလန်နိုင်ငံနှင့် ဘီလာရုစ်နိုင်ငံတို့မှ ခရီးသွား ၃၁၃ ဦး သယ်ဆောင်လာသည့် လေယာဉ်နှစ်စင်း အီဂျစ်သို့ ဇူလိုင် ၂ ရက်က ဆိုက်ရောက်ခဲ့ကြောင်း သိရသည်။ ကိုဗစ် –၁၉ ကူးစက်မှုကို ကြောက်ရွံ့သည့်အတွက် လေကြောင်းပြေးဆွဲမှုကို သုံးလကျော် ဆိုင်းငံ့ခဲ့ပြီးနောက် ဒုတိမြောက်နေ့အဖြစ် အီဂျစ် အပြည်ပြည်ဆိုင်ရာ လေယာဉ်ပြန်လည်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

အီဂျစ်နိုင်ငံသည် လတ်တလောတွင် သုံးလကြာထားရှိထားသည့် သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်ကို တစ်စိတ်တစ်ပိုင်း ဖယ်ရှားပေးခဲ့သည်။ ဟက်ဟာဒါလေဆိပ်တွင် ဆွစ်ခရီးသွား ၁၄၁ ဦးနှင့် ရှာရမ်အယ်လ်ရှိတ်ခ်လေဆိပ်တွင် ဘီလာရုစ်မှ ခရီးသွား ၁၇၂ ဦး ရောက်ရှိခဲ့ကြသည်ဟု အီဂျစ်ခရီးသွားလုပ်ငန်းနှင့် ရှေးဟောင်းယဉ်ကျေးမှုဝန်ကြီးဌာနက ပြောသည်။

ခရီးသွားလုပ်ငန်းသည် အီဂျစ်နိုင်ငံအတွက် အဓိကဝင်ငွေရရှိသည့် အရင်းအမြစ်တစ်ခုဖြစ်ပြီး နိုင်ငံခြားငွေရှာပေးသည့် လုပ်ငန်းလည်းဖြစ်သည်။

**ဆင်ဟွာ**

# ဂျပန်နိုင်ငံဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းမုန်တိုင်း တိုက်ခတ်မှုများဖြစ်မည်

တိုကျို ဇူလိုင် ၃

**မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုများသည် ဂျပန်နိုင်ငံ၏ အချို့ဒေသများတွင် ဇူလိုင် ၄ ရက်အထိ ဖြစ်ပွားမည်ဖြစ်ကြောင်းနှင့် မြေပြိုကျမှုအန္တရာယ်ကိုလည်း ဂျပန်မိုးလေဝသအရာရှိများက သတိပေးချက် ထုတ်ပြန်ထားသည်။**



ဂျပန်နိုင်ငံ၏ ဒေသအချို့တွင် မိုးရွာသွန်းလျက်ရှိရာ မော်တော်ယာဉ်များ မိုးရွာထဲတွင် သွားလာနေသည်ကို တွေ့ရစဉ်။

မိုးလေဝသအေဂျင်စီက ဂျပန်နိုင်ငံ အနောက်ပိုင်းတွင် ရာသီဥတုဆိုးရွားနိုင်ကြောင်း သတိပေးပြောကြားထားသည်။ ဂျပန်နိုင်ငံတောင်ပိုင်း ကျူရှူတွင် ဇူလိုင် ၃ ရက် နံနက်ပိုင်းက မိုးများရွာသွန်းခဲ့သည်။ ဂါဂိုရှီးမားခရိုင် တာရူမီဇုမြို့တွင် တစ်နာရီအတွင်း မိုးရေချိန်သည် ၃၁ မီလီမီတာအထိ ရောက်ရှိခဲ့သည်။

မိုးလေဝသပညာရှင်များက လေစိုင်ဆုံများကြောင့် ဂျပန်နိုင်ငံ အနောက်ပိုင်းနှင့် ဂျပန်နိုင်ငံအလယ်ပိုင်း တိုကိုင်ဒေသတွင် ဇူလိုင် ၄ ရက် မွန်းတည့်အချိန်အထိ မိုးများ ပိုမိုရွာသွန်းစေနိုင်ပြီး တစ်နာရီအတွင်း မိုးရေချိန်လက်မ ၅၀ မီလီမီတာအထိ ရောက်နိုင်ကြောင်း သတိပေးထားသည်။

ဇူလိုင် ၄ ရက် နံနက်ပိုင်းအထိ ၂၄ နာရီအတွင်း ကျူရှူတောင်ပိုင်းနှင့် ရှီကိုကုဒေသများတွင် မိုးရေချိန်လက်မ ၂၅၀ မီလီမီတာအထိ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။ ကျူရှူမြောက်ပိုင်းနှင့် ကင်ကီဒေသများတွင် မိုးရေချိန်လက်မ ၁၈၀ မီလီမီတာ၊ တိုကိုင်းဒေသတွင် မိုးရေချိန်လက်မ ၁၅၀ မီလီမီတာ၊ ကန်တို-ကိုရှင်ဒေသတွင် မိုးရေချိန်လက်မ ၁၀၀ မီလီမီတာအထိ ရောက်နိုင်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။

ထို့အပြင် ကျူရှူ၊ တိုကိုင်းနှင့် ကန်တို-ကိုရှင်ဒေသများတွင် မြေပြိုမှုများ ဖြစ်ပွားနိုင်ကြောင်း မိုးလေဝသပညာရှင်များက ဆက်လက်သတိပေးထားသည်။ ထို့အပြင် ဒေသခံများကိုလည်း ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များမှ ရှောင်ရှားနိုင်ရန် နေအိမ်အတွင်း၌သာ နေထိုင်ရန် မိုးလေဝသပညာရှင်များက ဆက်လက်တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်- ၁၉ ကို ကာကွယ်ရန် အပြင်းအထန်ကြိုးစားရမည်ဖြစ်ကြောင်း ကင်ဂျုံအန်းပြော

ပြုံယမ်း ဇူလိုင် ၃

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းသည် ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကာကွယ်တားဆီးရန် အပြင်းအထန် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားလိုက်သည်ဟု မြောက်ကိုရီးယား နိုင်ငံပိုင်မီဒီယာတွင် ဖော်ပြလိုက်သည်။ မြောက်ကိုရီးယား ခေါင်းဆောင် ကင်သည် ယမန်နေ့က ပေါ်လစ်ဗျူရို အစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံ၏ အာဏာရပါတီ သတင်းစာဖြစ်သော ရိုဒွန်ဆင်မွန်တွင် ဇူလိုင် ၃ ရက်က ဖော်ပြလိုက်သည်။



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း

မြောက်ကိုရီးယား နိုင်ငံသည် ကိုဗစ် - ၁၉ ကူးစက်ပျံ့နှံ့မှုကို တားဆီးရန် တရုတ်နှင့် ရုရှားနိုင်ငံတို့မှ အသွားအပြန် ပြေးဆွဲနေသော လေကြောင်းလိုင်းများနှင့် ရထားခရီးစဉ်များကို လွန်ခဲ့သော ငါးလကတည်းက ရပ်ဆိုင်းလိုက်သည်။

ထို့အပြင် မြောက်ကိုရီးယားနိုင်ငံတွင် မည်သည့် ကိုဗစ် -၁၉ မှ ဖြစ်ပွားခြင်းမရှိကြောင်း သိရသည်။ မြောက်ကိုရီးယားနိုင်ငံသည် ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့ခြင်းကို ကောင်းစွာ ကာကွယ်နိုင်ကြောင်း ကင်က အစည်းအဝေးတွင် ပြောကြားလိုက်ပြီး ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှုမရှိအောင် ကြိုးစားရမည်ဖြစ်ကြောင်း ပြောသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်က အနေနီးစပ်ရာမှတစ်ဆင့် ကူးစက်တတ်သော ကိုဗစ် - ၁၉ ရောဂါသည် အိမ်နီးချင်းနိုင်ငံများနှင့် အခြားကမ္ဘာ့ဒေသများတွင် ဖြစ်ပွားနေကြောင်း ပြောသည်။ ကင်က ကူးစက်ရောဂါဆန့်ကျင် တိုက်ဖျက်သော ဆောင်ရွက်မှုများအပေါ် လျှော့ပေါ့မှုများ အလျင်စလို လုပ်ဆောင်ပါက အဖတ်ဆယ်၍မရသော အကျပ်အတည်းများ ဖြစ်ပေါ်နိုင်ကြောင်း သတိပေးပြောကြားလိုက်သည်။

မြောက်ကိုရီးယား နိုင်ငံသည် ၎င်း၏ အကြီးဆုံး ကုန်သွယ်ဖက် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှု ကျဆင်းလာသောကြောင့် စီးပွားရေးတွင် အကြီးအကျယ် ထိခိုက်လာခဲ့သည်။

ကင်က သက်ဆိုင်ရာ တာဝန်ရှိသူများကို စီးပွားရေး၌ ကိုယ့်အားကိုယ်ကိုး အောင်မြင်မှု ရရှိရန်နှင့် ပြည်သူများ၏ လူနေမှုဘဝ တိုးတက်အောင်လုပ်ဆောင်ရန် လွန်ခဲ့သောလက တိုက်တွန်းပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှားနိုင်ငံတွင် ဂျကာတာ-ဘန်ဒေါင်း မြန်နှုန်းမြင့်ရထားလမ်းဖောက်

ဂျကာတာ ဇူလိုင် ၃

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ ရှိနေသော်လည်း အင်ဒိုနီးရှားနိုင်ငံသမ္မတ ဂျိုကိုဝီက လက်ရှိအမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းများသည် ပြည်သူများ၏ စီးပွားရေးကို တိုက်ရိုက်မြှင့်တင်ရေးနှင့် အမျိုးသားစီးပွားရေး ပြန်လည်ထူထောင်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောကြားပြီးနောက်တွင် ဂျကာတာ- ဘန်ဒေါင်း မြန်နှုန်းမြင့် ရထားလမ်းစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂျကာတာ-ဘန်ဒေါင်း မြန်နှုန်းမြင့်ရထားလမ်းသည် ဥမင်လိုဏ်ခေါင်း ၁၃ ခုရှိပြီး စုစုပေါင်း လမ်းအရှည် ၁၄၂ ဒသမ ၃ ကီလိုမီတာရှိပြီး တစ်နာရီလျှင် ၃၅၀ ကီလိုမီတာအထိ မြန်နှုန်းမြင့် မောင်းနှင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

စတင်အသုံးပြုချိန်တွင် ဂျကာတာမှ ဘန်ဒေါင်းအထိ အသွားအပြန် ကြာချိန်သည် သုံးနာရီကျော်မှ မိနစ် ၄၀ သို့ လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ဇူလိုင် ၂ ရက်အထိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၅၇၇၇၀ ရှိပြီး ၂၉၃၄ ဦး သေဆုံးကြောင်း သိရသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံက အဝေးထိန်းအာရုံခံ ဂြိုဟ်တုတစ်လုံးကို အောင်မြင်စွာလွှတ်တင်



တရုတ်နိုင်ငံမြောက်ပိုင်း ဆန်းရှီးပြည်နယ်ရှိ ထိုက်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစင်တာမှ အိတ်ချ်ဝိုင်- ၁ ဒီဂြိုဟ်တု တစ်စင်းကို ဇူလိုင် ၃ ရက်က အောင်မြင်စွာ လွှတ်တင်နေစဉ်။

ထိုက်ယွမ် ဇူလိုင် ၃

တရုတ်နိုင်ငံက ရုပ်ထွက်မြင့်မားသော ဘက်စုံစနစ်ပုံရိပ်ဖတ် အဝေးထိန်းအာရုံခံ ဂြိုဟ်တုတစ်လုံးကို လွှတ်တင်လိုက်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုကို တရုတ်နိုင်ငံမြောက်ပိုင်း ဆန်းရှီးပြည်နယ် ထိုက်ယွမ်ဂြိုဟ်တု လွှတ်တင်ရေးစင်တာမှ ဇူလိုင် ၃ ရက်တွင် အောင်မြင်စွာ လွှတ်တင်လိုက်ခြင်း ဖြစ်သည်။

အဆိုပါဂြိုဟ်တုကို ဇူလိုင် ၃ ရက် ပေကျင်းစံတော်ချိန် နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် လောင်းမာ့ချ်- ၄ ဘီ သယ်ဆောင်ရေး ဒုံးပျံဖြင့် စီစဉ်ထားသည့် ဂြိုဟ်ပတ်လမ်းအတွင်းသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားအာကာသ စီမံခန့်ခွဲမှုဦးစီးဌာနက ပြောကြားသည်။

ဇူလိုင် ၃ ရက်က လွှတ်တင်မှုသည် လောင်းမာ့ချ်ဒုံးပျံ၏ (၃၃၇)ကြိမ်မြောက်အောင်မြင်စွာ လွှတ်တင်မှု ဖြစ်သည်။

**ဆင်ဟွာ**

## သတင်းသမား ဂျမေးလ်ခါရှော့ဂီ အသတ်ခံရမှုနှင့်ပတ်သက်ပြီး စွပ်စွဲခံထားရသူများကို ရုံးတင်စစ်ဆေး

အစ္စတန်ဘူလ် ဇူလိုင် ၃

သတင်းသမားတစ်ဦးဖြစ်သူ ဂျမေးလ်ခါရှော့ဂီကိုသတ်ကာ အစဖျောက်လိုက်မှုနှင့်ပတ်သက်ပြီး စွပ်စွဲခံထားရသော ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆော်မန်၏ လက်ထောက်ဟောင်းနှစ်ဦး အပါအဝင် ဆော်ဒီနိုင်ငံသား ၂၀ အား ဇူလိုင် ၃ ရက်က မျက်ကွယ်တွင် ရုံးတင်စစ်ဆေးခဲ့ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြသည်။

ခါရှော့ဂီသည် ၂၀၁၈ ခုနှစ်က အစ္စတန်ဘူလ်ရှိ ဆော်ဒီကောင်စစ်ဝန်ရုံးတွင် အသတ်ခံခဲ့ရသည်။ အသက် ၅၉ နှစ်ရှိ ခါရှော့ဂီသည် ၎င်းအသက်မခံရခင်တွင် မင်းသားနှင့်ပတ်သက်ပြီး သည်ဝါရှင်တန်ပို့စ်တွင် ဝေဖန်ရေးဆောင်းပါးများ ရေးသားခဲ့သည်။

တူရကီကြင်ဖော် ဟာတစ်ဆန်ဂစ်နှင့် လက်ထပ်ရန် လိုအပ်သော စာရွက်စာတမ်းအထောက်အထားများ သွားရောက်ယူဆောင်စဉ် အသတ်ခံခဲ့ရခြင်းဖြစ်သည်။ ၎င်း၏ကြင်ဖော် ဟာတစ်က ယခုလိုစစ်ဆေးမှုက အစိုးရနှင့် သဘောထားကွဲလွဲ ဆန့်ကျင်သူသတင်းသမား၏ အစအနများ မည်သည့်နေရာတွင် ရှိနေမလဲဆိုသည်နှင့်ပတ်သက်ပြီး သဲလွန်စ တစ်စုံတစ်ရာ ရကောင်းရနိုင်ကြောင်း ပြောကြားသည်။


ခါရှော့ဂီသေဆုံးမှုတွင် သံသယရှိသူများကို ရည်ရွယ်ချက်ရှိရှိ နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်မှုဖြင့် စွပ်စွဲထားပြီး အစိုးရရှေ့နေများက ၎င်းတို့ကို ဖမ်းဆီးမိန့်ထုတ်ပြန်ထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# လက်ယာအတွေးအခေါ်ကွန်ရက်များနှင့် မူရင်းသတင်းများကို ဖေ့စ်ဘွတ်ဦးစားပေးမည်

ထွန်းသစ်စ

ဖေ့စ်ဘွတ်ဟာ ရက်စက်ပြင်းထန်တဲ့ အမေရိကန်အခြေစိုက်အစိုးရဆန့်ကျင် ကွန်ရက်တစ်ခုကို ဖျက်ဆီးလိုက်ပြီး မူရင်းသတင်းများကို ဦးစားပေးသွားမယ်လို့ ဖော်ပြလိုက်ပါတယ်။ ဖေ့စ်ဘွတ်ဟာ လူမှုမီဒီယာမှာ အမုန်းတရားနဲ့ အဆိပ်အတောက်ဖြစ်စေမယ့် အကြောင်းအရာဖော်ပြမှုကို ထိန်းချုပ်ရန်ရည်ရွယ်တဲ့ ကမ္ဘာ့ဒစ်ဂျစ်တယ်လှုပ်ရှားမှု အသွင်ပြောင်းလဲစေနိုင်တဲ့ ကြေညာသူတစ်ဦးရဲ့ သပိတ်မှောက်မှုကို ရင်ဆိုင်နေရတဲ့အချိန်မှာ ဒီလို လုပ်ဆောင်ချက်ထွက်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။



## အကြမ်းဖက်မှုတွေကို တားဆီးသွားမယ်

ဖေ့စ်ဘွတ်က ဖျက်ဆီးလိုက်တဲ့ ကွန်ရက်ဟာ ဘူးဂလူးလှုပ်ရှားမှုနဲ့ ပေါင်းစပ်ဖွဲ့စည်းသယောင်ရှိပါတယ်။ ဘူးဂလူးလှုပ်ရှားမှုကို ထောက်ခံသူတွေဟာ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ ဆန္ဒပြမှုများမှာ ပါဝင်သူတွေပဲဖြစ်ကြတယ်လို့ ဆီလီကွန်တောင်ကြား အခြေစိုက်နည်းပညာကုမ္ပဏီတစ်ခုက ပြောလိုက်ပါတယ်။

အဲဒီကွန်ရက်အုပ်စုဟာ ဘူးဂလူးလှုပ်ရှားမှုနဲ့တော့ အနည်းငယ် ကွဲပြားခြားနားပါတယ်။ သူတို့ဟာ အကြမ်းဖက်မှုတွေကို ကျူးလွန်ဖို့ လုပ်ဆောင်နေတယ်လို့ ဖေ့စ်ဘွတ်က သူ့ရဲ့ ဘလော့စာမျက်နှာမှာ ဖော်ပြခဲ့ပါတယ်။

ဒါဟာ ကျွန်တော်တို့ရဲ့ လူမှုမီဒီယာကိုအသုံးပြုပြီး အကြမ်းဖက်မှုတွေလုပ်မယ့်သူတွေကို တားဆီးသွားမယ်ဆိုပြီးကတိပေးထားတဲ့ ကျွန်တော်တို့ရဲ့နောက်ဆုံးလုပ်ဆောင်ချက်ဖြစ်ပါတယ်လို့ ဖေ့စ်ဘွတ်က ပြောပါတယ်။

## ဖေ့စ်ဘွတ်ကဖယ်ရှား

ဆိုရှယ်လူမှုမီဒီယာက ကွန်ရက်အုပ်စုနဲ့ လတ်တလောမှာ ညှိနှိုင်းမှုတွေ လုပ်ဆောင်ထားတဲ့ စာမျက်နှာ ၂၈ မျက်နှာနှင့် အုပ်စု ၁၀၆ စုအပါအဝင် ဖေ့စ်ဘွတ်အကောင့် ၂၂၀ နှင့် အင်စတာဂရမ်အကောင့် ၉၅ ခုတို့ကို ဖယ်ရှားလိုက်ကြောင်း ပြောကြားလိုက်ပါတယ်။

ထို့အပြင် အလားတူ အကြမ်းဖက်ဖြစ်စေနိုင်မယ့် သို့မဟုတ် ဖြစ်ရန်ဦးတည်စေနိုင်တဲ့ အကြောင်းအရာများ တင်လေ့ရှိတဲ့ စာမျက်နှာပေါင်း ၁၀၀ ကျော်နဲ့ အုပ်စုပေါင်း ၄၀၀ ကျော်တို့ကိုလည်း ဖယ်ရှားလိုက်ကြောင်း ဖေ့စ်ဘွတ်က ထပ်လောင်းပြောကြားလိုက်ပါတယ်။

လွန်ခဲ့တဲ့ လအနည်းငယ်အတွင်း ဖြစ်ပွားခဲ့တဲ့ များပြားလှစွာသော တိုက်ခိုက်မှုတွေဟာ အဆိုပါ အကြမ်းဖက်လှုပ်ရှားမှုတွေနဲ့ သက်ဆိုင်နေတယ်လို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက အတည်ပြုထားတယ်လို့ ဖေ့စ်ဘွတ်က ပြောပါတယ်။

ဘူးဂလူးလှုပ်ရှားမှုကို စနစ်တကျဖွဲ့စည်းထားတာတော့မဟုတ်ပါဘူး။ နာဇီလက်သစ်များ၊ လူဖြူ လူမျိုးကြီးဝါဒီအုပ်စုများနဲ့ လွတ်လပ်မှုကိုတလွဲအသုံးချထင်ရာစိုင်းလုပ်ဆောင်တတ်သူများ၊ မင်းမဲ့စရိုက်ဝါဒီများက

> “ ဆိုရှယ်မီဒီယာကုမ္ပဏီကြီးဖြစ်တဲ့ ဖေ့စ်ဘွတ်က တာဝန်ယူမှုမရှိသော သတင်းအကြောင်းအရာများနဲ့ ရေးသူအမည်မပါသော သတင်းအကြောင်းအရာများကိုလည်း ဘေးဖယ်သွားမည်ဖြစ်ကြောင်းပြောကြားလိုက်ပါတယ်။ အဲဒီအချက်မထည့်ထားတဲ့ ထုတ်ဝေသူတွေကို စာဖတ်သူတွေဘက်က ယုံကြည်မှုမရှိဘူးဆိုတာ မိမိတို့တွေ့ရှိခဲ့တယ်လို့ ကမ္ဘာ့သတင်းမိတ်ဖက်ဆိုင်ရာ ဖေ့စ်ဘွတ် ဒုတိယဥက္ကဋ္ဌ ကမ့်ဘဲလ်ဘရောင်းနဲ့ ထုတ်လုပ်ရေးမန်နေဂျာ ဂျွန်လယ်ဗင်က ပြောကြားလိုက်ပါတယ်”

အတွေးအခေါ် အယူအဆများကို မျှဝေရင်းစခဲ့ကြတာပါ။

ဖေ့စ်ဘွတ်က ၂၀၁၂ ခုနှစ်မှာ အဲဒါတွေကို ရိပ်စားမိလာပြီး နောက်ပိုင်းမှာ ပိတ်ခဲ့ပါတယ်။ မိမိတို့အနေနဲ့ လူမှုမီဒီယာအသုံးပြုသူတွေပါဝင်တဲ့ ဒီကွန်ရက်ကြီးရဲ့ ပဋိပက္ခဆန်တဲ့ မကောင်းတဲ့အပြုအမူတွေကို ကြိုတင်မျှော်လင့်ထားကြောင်း ဖေ့စ်ဘွတ်က ပြောပါတယ်။

## လူ့ဘောင်အဖွဲ့အစည်းပြိုလဲအောင် လုပ်ဆောင်နေသည့်လှုပ်ရှားမှု

လူနည်းစုကတော့ ဒီအကြောင်းအရာကို ကြားဖူးပြီးသားဖြစ်မှာပါ။ သို့သော်လည်း တရားရေးဌာနက အဆိုပါကိစ္စထောက်ခံသူတစ်ဦးဖြစ်တဲ့ ကယ်လီဖိုးနီးယားလေတပ်မှ တပ်ကြပ်ကြီး စတီဗင်ကာရီလိုအား မေ ၂၉ ရက်က ကြွေးကြော်ဆန္ဒပြမှုများ ပြုလုပ်နေစဉ် အောက်ကလန်ရဲအရာရှိတစ်ဦးကို ကားပေါ်မှ သေနတ်ဖြင့် ပစ်သတ်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်ပြီး စွဲချက်တင်ထားပါတယ်။

ကာရီလိုကို ပထမကိစ္စဖြစ်ပြီး ရှစ်ရက်ကြာပြီးနောက် နောက်ထပ်ရဲတစ်ဦးကို ချုံခိုတိုက်ခိုက်သတ်ခဲ့သည့် ပြစ်မှုဖြင့် တရားစွဲဆိုထားပါတယ်။

လူမည်းများ၏ အသက်သည်သာ ပဓာနဟုဆိုသည့် ဆန္ဒပြမှုများအတွင်း အကြမ်းဖက်မှုကို ဖန်တီးရန် ရည်ရွယ်သည့် ဘူးဂလူးပုံစံ မြူးထူးသောင်းကျန်းသူ သုံးဦးကို လက်စ်ဗီးဂက်စ်တွင် ဖမ်းဆီးခဲ့ပြီးနောက် အခုလိုသတ်ဖြတ်မှုများ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါတယ်။ ဘူးဂလူးလှုပ်ရှားမှုတွင် ဟာဝိုင်ယီရှပ်အင်္ကျီကို ပုံစံတူဝတ်စုံအဖြစ် သဘောတူလက်ခံထားပြီး ပြည်တွင်းစစ် သို့မဟုတ် လူ့ဘောင်အဖွဲ့အစည်းပြိုလဲအောင် ထောက်ခံအားပေးနေသည့်လှုပ်ရှားမှုဟု နီဗားဒါးအစိုးရရှေ့နေတစ်ဦးက ပြောကြားလိုက်ပါတယ်။

## ယုံကြည်စိတ်ချရသောသတင်းများကို ဦးစားပေး ဖော်ပြသွားမည်

ထို့အပြင် ဖေ့စ်ဘွတ်ဟာ အီးမေးလ်များကို တောင်းဆိုခြင်းမပြုဘဲ လူတွေအများကြီးဆီသို့ ပေးပို့ခြင်း (စပန်း)၊ အင်တာနက်အသုံးပြုသူများကို အာရုံဆွဲဆောင်စေမည့် တခြားစိတ်ဝင်စားဖွယ်များ (ကလစ်ဘိတ်)နဲ့ သံသယရှိဖွယ် သတင်းအကြောင်းအရာများကို ရှောင်ရှားရန် ကြိုးစားမှုအစိတ်အပိုင်းတစ်ခုအနေဖြင့် မူရင်းသတင်းများကို ဦးစားပေးဖော်ပြသွားမယ်လို့လည်း ကတိပေးထားပါတယ်။

ဆိုရှယ်မီဒီယာကုမ္ပဏီကြီးဖြစ်တဲ့ ဖေ့စ်ဘွတ်က တာဝန်ယူမှုမရှိသော သတင်းအကြောင်းအရာများနဲ့ ရေးသူအမည်မပါသော သတင်းအကြောင်းအရာများကိုလည်း ဘေးဖယ်သွားမည်ဖြစ်ကြောင်းပြောကြားလိုက်ပါတယ်။ အဲဒီအချက်မထည့်ထားတဲ့ ထုတ်ဝေသူတွေကို စာဖတ်သူတွေဘက်က ယုံကြည်မှုမရှိဘူးဆိုတာ မိမိတို့တွေ့ရှိခဲ့တယ်လို့ ကမ္ဘာ့သတင်းမိတ်ဖက်ဆိုင်ရာ ဖေ့စ်ဘွတ်ဒုတိယဥက္ကဋ္ဌ ကမ့်ဘဲလ်ဘရောင်းနဲ့ ထုတ်လုပ်ရေးမန်နေဂျာ ဂျွန်လယ်ဗင်က ပြောကြားလိုက်ပါတယ်။

ဖေ့စ်ဘွတ်အပေါ် ကြော်ငြာဆန့်ကျင်သပိတ်မှောက်မှုမှာတော့ ယူနီလီဗာ၊ စတားဘက်စ်၊ လဗိုက်၊ ကိုကာကိုလာနဲ့ ကုမ္ပဏီ ၂၀၀ နီးပါး ပါဝင်လာကြတဲ့အတွက် ဖေ့ဘွတ်ရှယ်ယာတန်ဖိုးလည်း ကျဆင်းသွားပါတယ်။ လှုပ်ရှားတက်ကြွသူတွေကတော့ ဖေ့စ်ဘွတ်ဟာ လူမျိုးရေးခွဲခြားမှု၊ လှုံ့ဆော်မှုကို ဦးတည်တဲ့အကြောင်းအရာတွေအပေါ်မှာ တော်တော်လေး ဆတ်ဆတ်ထိမခံဖြစ်လာတယ်လို့ ပြောပါတယ်။ ဖေ့စ်ဘွတ်ဟာ လွန်ခဲ့တဲ့ သီတင်းပတ်ကတော့ အမုန်းတရားတွေကို ဖြစ်စေတဲ့ ကြော်ငြာတွေကို တားမြစ်သွားမယ်လို့ ကြေညာခဲ့ပါတယ်။

ဖေ့စ်ဘွတ်ဟာ သူ့ရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ဖောက်ဖျက်ကျူးလွန်သူများကိုလည်း သတိပေးစာတမ်းရေးထိုးသွားမှာဖြစ်တယ်လို့ အမှုဆောင်အရာရှိချုပ် မာ့ခ်ဇူကာဘက်က ပြောကြားလိုက်ပါတယ်။ ဇွန် ၃၀ ရက်က ပြုလုပ်ခဲ့တဲ့ အပြောင်းအလဲမှာတော့ ဖေ့စ်ဘွတ်အသုံးပြုသူတွေရဲ့ သတင်းကဏ္ဍမှာ သတင်းများကို ဖော်ပြဖို့လည်း ရည်ရွယ်ထားပါတယ်။ သတင်းမီဒီယာတွေရဲ့ မူရင်းသတင်းဖော်ပြမှုတွေဟာ အရေးပါသော သတင်းစာပညာပဲဖြစ်ပြီး သူတို့ကိုဦးစားပေးဖော်ပြသွားမယ်လို့ ဘရောင်းနဲ့ လယ်ဗင်က ပြောပါတယ်။ ဖေ့စ်ဘွတ်ဟာ အင်္ဂလိပ်ဘာသာစကားနဲ့သတင်းဖော်ပြမှုတွေကို ပြုလုပ်မည်ဖြစ်ပြီး နောက်ပိုင်းတွင် တခြားဘာသာစကားများဖြင့် ထပ်မံတိုးချဲ့သွားမှာ ဖြစ်ပါတယ်။ ။

ကိုးကား-အေအက်ဖ်ပီ

---

## နိုင်ငံတကာသတင်းတိုထွာ

### ကိုရီးယားစစ်ပြန်များကို ဆုများချီးမြှင့်သွားမည်

ပေကျင်း ဇူလိုင် ၃

၁၉၅၀- ၁၉၅၃ ကိုရီးယားစစ်ပွဲတွင် ပါဝင်ခြင်း နှစ် (၇၀) မြောက်အထိမ်းအမှတ်အဖြစ် ယင်းစစ်ပွဲတွင် ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံ၏ စေတနာ့ဝန်ထမ်းတပ်ဖွဲ့ဝင် စစ်ပြန်များကို ဆုတံဆိပ်များပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆုတံဆိပ်များကို ဗဟိုကော်မတီ၊ နိုင်ငံတော်ကောင်စီနှင့် ဗဟိုစစ်ကော်မရှင်၏ အပ်နှင်းချက်အရ ပေးအပ်သွားမည် ဖြစ်ကြောင်း ပါတီနှင့် နိုင်ငံတော်ဆုများနှင့် ဂုဏ်ပြုခြင်းများပေးအပ်ချီးမြှင့်သောရုံးမှ ဇူလိုင် ၂ ရက်က ထုတ်ပြန်လိုက်သည်။

အဆိုပါ စစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သူများအပါအဝင် စစ်ပွဲအတွင်း ကျရာနေရာမှ တာဝန်ထမ်းဆောင်ခဲ့သူများနှင့် စစ်ပွဲအပြီး စီးပွားရေးပြန်လည်နာလန်ထူရေးတွင် ကူညီရန်နေထိုင်ခဲ့သူများကိုပါ ထည့်သွင်းဆုချီးမြှင့်သွားမည် ဖြစ်ကြောင်းနှင့် အခြားသင့်လျော်သူများကိုလည်း ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါစစ်ပွဲကို ရပ်ဆိုင်းရန် သဘောတူညီချက်ကို ၁၉၅၃ ခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ ဆုများကို လာမည့်အောက်တိုဘာလတွင် ပေးအပ်သွားမည်ဖြစ်သည်။

ဆင်ဟွာ

### ၂၀၃၀ ပြည့်နှစ်တွင် ကျောက်မီးသွေးအသုံးပြုလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို ၉၀ ရာခိုင်နှုန်းအထိ ဂျပန်လျှော့ချမည်

တိုကျို ဇူလိုင် ၃

၂၀၃၀ ပြည့်နှစ် ဘဏ္ဍာရေးနှစ်အတွက် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ဂျပန်အစိုးရက ၉၀ ရာခိုင်နှုန်းလျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းက ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို အကြီးအကျယ်ထုတ်လွှတ်မှု ဖြစ်ပေါ်စေသောကြောင့် အဆိုပါကိစ္စကို ပြန်လည်သုံးသပ်လျက်ရှိသည်။

ရာသီဥတုပြောင်းလဲမှုနှင့် ၂၀၁၅ ခုနှစ် ပါရီသဘောတူညီချက်အရ ကာဗွန်ဒိုင်အောက်ဆိုက် ကင်းစင်သည့် လူ့အဖွဲ့အစည်းတစ်ခုဖြစ်အောင်လုပ်ဆောင်ရန် နိုင်ငံများကို တိုက်တွန်းထားကြောင်း သိရသည်။

ဂျပန်အစိုးရသည် ကျောက်မီးသွေးအသုံးပြု လျှပ်စစ်ဓာတ်အား ပမာဏကိုကန့်သတ်ရန်နှင့် ခေတ်နှင့်မလျော်ညီသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ရပ်ဆိုင်းရန် သို့မဟုတ် ဖျက်သိမ်းရန် ကြိုးစားသွားမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၂-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၄၀၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၈၀) ခု၊ စုစုပေါင်းဓာတ်ခွဲနမူနာ (၆၈၈) ခုတွင် –
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၂-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၆၈၉) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၃၁၁) ခု၊
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၉၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၇၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၈၀) ခု၊

စုစုပေါင်း (၁,၇၅၃) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိပါ။

၃။ (၃-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၀၄)ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၃-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၄၀၈) ခု |
| (၂-၇-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၂၈၀) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၃-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၈၂)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၆၆) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၅၆) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၇၆) ခု

စုစုပေါင်း (၉၈၀) ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂) ဦးတွေ့ရှိရပါသည်။

၂။ (၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၃၀၆) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာ စစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁၄) ဦး (Case- 205, 250, 264, 266, 270, 272, 273, 274, 275, 276, 281, 284, 285, 287) ရှိသဖြင့် စုစုပေါင်း (၂၃၇) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၁၉) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၂-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၃-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၆) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၃-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၂) ခု |
| (၃-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၆၆) ခု |
| (၃-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၆) ခု |
| (၃-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၂) ဦး | (၃၀၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၁၄) ဦး | (၂၃၇) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၃-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 305 | ၂၄ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော်အသည်းရောဂါအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 306 | ၂၃ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော်အသည်းရောဂါအထူးကု ဆေးရုံကြီး | တွေ့ရှိ | |

# အမျိုးသမီးများ စွမ်းပကားဖြင့် ကိုဗစ် – ၁၉ ရန်ကို တိုက်ထုတ်ခြင်း

ဒေါက်တာအေးမြတ်လွင် (ဟသ်ာတ)

**လူတွေဟာ ဘဝခရီးလမ်းကိုပုံစံအမျိုးမျိုးနဲ့ ဖြတ်သန်းတဲ့အခါ ချိုမြိန်တဲ့အတွေ့အကြုံတွေ တွေ့လာရင် ဝမ်းသာခြင်း၊ ပျော်ရွှင်ကြည်နူးခြင်း၊ ကျေနပ်ရောင့်ရဲခြင်းဆိုတဲ့ ခံစားချက်နဲ့အတူ ဘဝကို ဖြတ်သန်းနေကြသလို ခါးသီးတဲ့ အတွေ့အကြုံတွေကို ခံစားရရင်လည်း ကိုယ်စွမ်းကိုယ်စနဲ့ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်လက်ခံတာ၊ ဆောက်တည်ရာမရ စိတ်လှုပ်ရှားစွာ ရင်ဆိုင်တုံ့ပြန်တာတွေလည်း ရှိတတ်ကြပါတယ်။**




သည်လိုပဲ လူ့ဘဝမှာ အခက်အခဲမျိုးစုံ ကြုံတွေ့လာရတဲ့အခါ လူသားအချင်းချင်း စာနာထောက်ထားစွာနဲ့ ကူညီဆောင်ရွက်ပေးနေတဲ့အထဲမှာ အမျိုးသမီးများကလည်း ဦးဆောင်မှု၊ အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်နိုင်မှုစတဲ့ အခန်းကဏ္ဍတွေမှာ စွမ်းပကားများစွာနဲ့ ပါဝင်နေကြတယ်ဆိုတာလည်း အထင်အရှားရှိနေပါတယ်။

ဒါကြောင့်လည်း ၁၉၉၅ ခုနှစ်အတွင်း တရုတ်နိုင်ငံ ပေကျင်းမြို့မှာ စတုတ္ထအကြိမ်ကျင်းပတဲ့ အမျိုးသမီးရေးရာ ကမ္ဘာ့ညီလာခံမှာ အမျိုးသမီးထုကြီးရဲ့ ဘက်စုံတိုးတက်ဖွံ့ဖြိုးဖို့ကိုရည်ရွယ်ပြီး ကျင်းပခဲ့တဲ့နောက်ပိုင်းမှာ အဖွဲ့ဝင်နိုင်ငံအားလုံးအပါအဝင် နိုင်ငံတော်တော်များများမှာ ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နေခဲ့တာ နှစ်ဆယ့်တစ်ရာစု တိုင်ခဲ့ပါပြီ။ ယင်းညီလာခံကို တက်ရောက်ခဲ့တဲ့ မြန်မာနိုင်ငံကလည်း အဖွဲ့ဝင်နိုင်ငံအဖြစ် မြန်မာအမျိုးသမီးများကို ပိုမိုတက်ကြွစွာ ကာကွယ်စောင့်ရှောက်နိုင်ဖို့ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာမဟာဗျူဟာ စီမံကိန်း (၂၀၁၃ – ၂၀၂၂ ) ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာလည်း ၈ နှစ်တိုင်ခဲ့ပါပြီ။

### လုပ်ငန်းနယ်ပယ် ၁၂ ခု သတ်မှတ်

သည်လိုရေးဆွဲအကောင်အထည်ဖော်ရာမှာ အမျိုးသမီးအရေးအတွက် အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး၊ ကျန်းမာရေး၊ အကြမ်းဖက်မှု၊ အရေးပေါ်အခြေအနေများ၊ စီးပွားရေး၊ ဆုံးဖြတ်ချက်ချမှတ်ရေး၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းယန္တရားများ၊ လူ့အခွင့်အရေး၊ မီဒီယာ၊ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးငယ်ရွယ်တို့အတွက် အဓိက လုပ်ငန်းနယ်ပယ် ၁၂ ခု သတ်မှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

သည်နေ့သည်ချိန်ခါမှာ ကိုဗစ်– ၁၉ ဆိုတဲ့ ကူးစက်မြန် ပြင်းထန်အဆုတ်ရောင်ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်နဲ့ နိုင်ငံအများစုမှာ ရင်ဆိုင်တွေ့ကြုံနေရပြီး လူသားတိုင်း အခက်အခဲများစွာကို ရင်ဆိုင်နေရတဲ့ကာလလည်း ဖြစ်ပါတယ်။ သည်လိုအခြေအနေတွေမှာ ကမ္ဘာနှင့်အဝန်း ကဏ္ဍပေါင်းစုံက သည်ရောဂါကို ကာကွယ်တားဆီးတုံ့ပြန် တိုက်ဖျက်နေကြတဲ့အခါမှာ အထက်ဖော်ပြပါကဏ္ဍကြီး ၁၂ ခုနှင့် ပတ်သက်ဆက်နွှယ်နေတာနဲ့အမျှ မြန်မာအမျိုးသမီးများကလည်း အားသွန်ခွန်စိုက်ကျရာနေရာကနေ စွမ်းစွမ်းတမံ ပါဝင်ပြီး ကာကွယ်တားဆီး တုံ့ပြန်ဆောင်ရွက်နေကြပါတယ်။

### ကဏ္ဍအသီးသီးကနေ တွန်းလှန်ကာကွယ်

တရုတ်နိုင်ငံ ပေကျင်းမြို့မှာ အမျိုးသမီးများအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်အောင်ချမှတ်ခဲ့တဲ့ ပေကျင်းပလက်ဖောင်းကို ကပ်ရောဂါကြောင့် နှောင့်နှေးမသွားအောင် ဝိုင်းဝန်းဆောင်ရွက်တဲ့အခါမှာ မြန်မာအမျိုးသမီးခေါင်းဆောင်များကလည်း စွမ်းစွမ်းတမံနဲ့ အကျိုးသက်ရောက်မှု အကောင်းဆုံးလုပ်ဆောင်ပေးသူတွေအဖြစ် စွမ်းပကားကြီးမားစွာနဲ့ ကဏ္ဍအသီးသီးကနေ တွန်းလှန်ကာကွယ်တားဆီးတိုက်ထုတ်ရင်း အနာဂတ်မှာ သာယာလှပစေဖို့ ကြိုးစားနေကြပါတယ်။ တစ်နိုင်တစ်ပိုင် လုပ်ဆောင်ပေးနိုင်သူအမျိုးသမီးတွေ၊ ကိုယ်တိုင် အများအတွက် လုပ်ဆောင်မပေးနိုင်သော်လည်း ကိုယ်တိုင်၊ မိမိရဲ့ မိသားစု၊ မိမိဆွေမျိုး၊ မိမိအပေါင်းအသင်းတို့အတွက် ရောဂါပိုးမကူးစက်အောင် အသိပညာ



တွေနဲ့အတူ ကာကွယ်စောင့်ရှောက်ပေးနေသူ အမျိုးသမီးများလည်း များစွာရှိကြပါတယ်။

သည်လို ကပ်ရောဂါကြီးကို အမျိုးသမီးများက ဝိုင်းဝန်းကာကွယ် တားဆီးတုံ့ပြန်နေခြင်းဟာ နောင်ဖြစ်လာနိုင်မယ့် ကျန်းမာရေး၊ ပညာရေးပါဝင်တဲ့ လူမှုရေးရာအဖြာဖြာ အပါအဝင် နိုင်ငံတိုင်းမှာရှိတဲ့ စီးပွားရေးယန္တရားတွေရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေကိုပါ ထိပါးလာနိုင်မှုအပေါ် လျော့ပါးကွယ်ပျောက်ရန် ဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။

### ကိုဗစ်ရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေ

ကိုဗစ်–၁၉ ရောဂါ ကူးစက်နိုင်ခြေကာလမှာ အမျိုးသမီးတွေလည်း လူထဲက လူတွေမို့ ကိုယ်တိုင်ကျန်းမာရေးစောင့်ရှောက်ရခြင်း၊ ပညာရှာရခြင်း၊ စီးပွားရှာရခြင်း၊ မိမိကိုယ်မိမိ အန္တရာယ်မျိုးစုံကင်းအောင်နေရခြင်း၊ မိမိ မိသားစုကို စောင့်ရှောက်နေရခြင်း စတဲ့အခြေအနေအရပ်ရပ်ဟာ ယိမ်းယိုင်လာနိုင်တဲ့အပေါ် သည်ရောဂါကို ကာကွယ်တားဆီးတုံ့ပြန်ပေးခြင်းဖြင့်လည်း အမျိုးသမီးများအတွက် အများနည်းတူ ကိုဗစ်ရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကို ခံစားရခြင်း၊ ရင်ဆိုင်ရခြင်းတို့မှ ကင်းလွတ်လာနိုင်ကြမှာ ဖြစ်ပါတယ်။

ကိုဗစ် – ၁၉ ရောဂါရဲ့ ခြိမ်းခြောက်မှုဟာ လူသားတိုင်းရဲ့ စိတ်ခံတတ်တွေကိုလည်း မတည်မငြိမ်ဖြစ်စေပါတယ်။ ရောဂါရဲ့ နောက်ဆက်တွဲကြုံရတဲ့ အခက်အခဲတွေ အခြေအနေတွေအပေါ်မှာ လူတချို့ဟာ မတွေးသင့်တဲ့အတွေး၊ မလုပ်သင့်တဲ့အလုပ်၊ မပြုသင့်တဲ့ အပြုအမူတွေကို လုပ်ဆောင်ရင်း ပြဿနာမျိုးစုံကို ဖန်တီးကြပါတယ်။ သည်လိုအခြေအနေမျိုးတွေမှာ အမျိုးသမီးတွေအတွက် နည်းမျိုးစုံနဲ့ အကြမ်းဖက်ခံရခြင်းအပြင် မလုံခြုံတဲ့ဘဝတွေကိုလည်း ရင်ဆိုင်ရတတ်ပါတယ်။ ဒါကြောင့် အန္တရာယ်မျိုးစုံ၊ ပြဿနာမျိုးစုံတွေကို ရင်ဆိုင်ရင်း ကြုံတွေ့လာရတဲ့ စိတ်ခံစားချက်တွေ ကင်းဝေးနိုင်အောင်ကိုလည်း အဘက်ဘက်မှ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်နေကြပါတယ်။

### ကိုယ်တိုင်လိုက်ပါဆောင်ရွက်

မြန်မာနိုင်ငံမှာ အများပြည်သူတွေနဲ့ဆိုင်တဲ့ အများပြည်သူတွေအတွက် အမှတ်တရသတ်မှတ်တဲ့ နေ့ရက်တွေထဲမှာ ဇူလိုင်လ ၃ ရက်နေ့ဟာလည်း မြန်မာအမျိုးသမီးများနေ့အဖြစ် အသိအမှတ်ပြုထားတဲ့နေ့တစ်နေ့ ဖြစ်ပါတယ်။ နှစ်ပတ်လည်ရောက်တိုင်း အသိအမှတ်ပြုခံရတဲ့ သည်နေ့ရက်မှာ အမြဲလုပ်ဆောင်နေကျ အမျိုးသမီးတွေရဲ့ စွမ်းပကားတွေကို အထူးတလည် အမှတ်တရဖြစ်အောင် အကြိုကျင်းပတဲ့ပွဲတွေ၊ အဲသည်နေ့ရောက်မှ ကျင်းပတဲ့ပွဲတွေကို နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွေမှာ ကျင်းပမြဲ ဖြစ်ပါတယ်။ အမျိုးသမီး ဦးဆောင်သူများဟာ အမျိုးသမီးထုပါဝင်တဲ့ ပြည်သူတွေအတွက် ကိုယ်စားပြုပြီး အမျိုးသမီးတွေရဲ့ စွမ်းပကားနဲ့ တိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို ပြည်သူတွေကြား ကျယ်ကျယ်ပြန့်ပြန့်သိအောင် နည်းပေါင်းစုံနဲ့ ကိုယ်တိုင်ပါဝင်လာနိုင်အောင်၊ ကိုယ်တိုင်လိုက်ပါဆောင်ရွက်နိုင်အောင် ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

သည်နှစ်မှာလည်း တိုးတက်နေတဲ့ နည်းပညာခေတ်မှာ ကိုဗစ်–၁၉ ကို အန်တုရင်းအွန်လိုင်းနည်းပညာကိုသုံးပြီး ကျင်းပကြပါတယ်။ အွန်လိုင်းနည်းပညာနှင့် ပြည်သူတွေကြားကို အရောက်ပေးပို့နိုင်ခဲ့ပါတယ်။ သည်လို အွန်လိုင်းကိုအသုံးပြုပြီး ဆောင်ရွက်တဲ့အခါမှာလည်း ကဏ္ဍအသီးသီးမှာရှိတဲ့ အမျိုးသမီးဦးဆောင်သူများဟာ မိမိတို့ ကျရာ၊ လုပ်ဆောင်နိုင်ရာကဏ္ဍတွေကို အကောင်အထည်ဖော် လှုပ်ရှားကြပါတယ်။ ကျန်းမာရေးကဏ္ဍအတွက်လည်း အောက်ပါအတိုင်း ပူးပေါင်းပုံဖော်ဖြစ်ကြပါတယ်။

### ပါဝင်ဆွေးနွေးပေး

၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၅ ရက်နေ့ (ကြာသပတေးနေ့) မှာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနဝင်း အတွင်းမှာရှိတဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံအခြေစိုက် နိပ္ပွန်ဖောင်ဒေးရှင်းတို့ အစီအစဉ်နဲ့ ဖွင့်လှစ်ထားတဲ့ သတင်းအချက်အလက်ဆက်သွယ်ရေး သင်ကြားလေ့ကျင့်ရေးစင်တာမှာ အွန်လိုင်းကနေ Zoom နဲ့ ကျန်းမာရေးကဏ္ဍအကြောင်းကို “ကိုဗစ် – ၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရာတွင် ကျန်းမာရေးကဏ္ဍ၌ အမျိုးသမီးများ၏ ပါဝင်မှုအခန်းကဏ္ဍနှင့် တွေ့ကြုံရတဲ့ စိန်ခေါ်မှုများ” ခေါင်းစဉ်နဲ့ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာမြသီတာက ဦးဆောင်ပြီး ပါမောက္ခ ဒေါက်တာစံပယ်ဖြူ အထူးကုဆရာဝန်ကြီး အပူပိုင်းနှင့်ကူးစက်ရောဂါ ပညာဌာန အထူးကုဆေးရုံ ဝေဘာဂီ၊ ဆေးတက္ကသိုလ် (၂)၊ ပါမောက္ခဒေါက်တာ မူမူနိုင် ပါမောက္ခ/ ဌာနမှူး မေ့ဆေးပညာဌာနနှင့် အထူးကြပ်မတ်ကုသဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးတက္ကသိုလ် (၁)၊ ပါမောက္ခ ဒေါက်တာမာမာကြည် အထွေထွေအထူးကု သမားတော်ကြီး အင်းစိန်ပြည်သူ့ဆေးရုံကြီး/ အတွင်းရေးမှူး – ပညာရေးရာအဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် ဒေါ်နွဲ့နွဲ့ခင် ဥက္ကဋ္ဌ – မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ၊ ညွှန်ကြားရေးမှူး (ငြိမ်း)၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ပါဝင်ဆွေးနွေးပေးခဲ့ကြပါတယ်။

### နည်းလမ်းများကို အဆင့်ဆင့် ဖော်ထုတ်

သည်စကားဝိုင်းသည် ကိုဗစ် – ၁၉ ရောဂါနဲ့ ပတ်သက်တဲ့ ကျန်းမာရေးလုပ်ငန်းများကို လုပ်ဆောင်ရင်း တုံ့ပြန်ဆောင်ရွက်ရာမှာ ဆောင်ရွက်ကြတဲ့ အမျိုးသမီးများ၏ အခန်းကဏ္ဍအနေနဲ့ ကူးစက်ခံရတဲ့လူနာများကို ကုသရာမှာ လည်းကောင်း၊ ကူးစက်ခံရပြီး ပြင်းထန်တဲ့အဆုတ်ရောင် ဝေဒနာခံစားနေရတဲ့ လူနာများကို အထူးကြပ်မတ်ကုဌာန မှာ ကုသတဲ့ကဏ္ဍအနေနဲ့လည်းကောင်း၊ ကူးစက်ခြင်းကို ထိန်းချုပ်နိုင်ဖို့ Community Fever Clinic များ ဖွင့်လှစ်ဆောင်ရွက်ရာမှာလည်းကောင်း၊ ကုသ၊ ကာကွယ်၊ ထိန်းချုပ်ရာတွင် သူနာပြု၊ သားဖွားများရဲ့ အခန်းကဏ္ဍအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးတဲ့အကြောင်းအရာများပေါ်မှာ ဆောင်ရွက်ပေးသူများရဲ့ အခန်းကဏ္ဍ၊ တွေ့ကြုံရသောစိန်ခေါ်မှုများအကြောင်း၊ ကျော်လွှားနိုင်မည့် နည်းလမ်းများကို အဆင့်ဆင့် ဖော်ထုတ်လုပ်ဆောင်ရတဲ့အကြောင်းတွေကို ဆွေးနွေးသွားကြပါတယ်။

သည်ဆွေးနွေးပွဲမှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးက Zoom နဲ့ ဝင်ရောက်ဆွေးနွေးသွားသူ အမျိုးသမီးများကလည်း မိမိတို့ ပတ်ဝန်းကျင်မှာရှိတဲ့ အခြေအနေတွေကို တင်ပြခဲ့ကြပြီး အပြန်အလှန်ဆွေးနွေးကာ မိမိတို့ ရောက်ရှိရာအရပ်၊ ကျရာတာဝန်ကနေ ကိုဗစ်ရန်ကို ဝိုင်းဝန်းတွန်းလှန်ဖို့ ဆောင်ရွက်နေကြတာကို တွေ့ရပါတယ်။

သည်လိုပါပဲ အခြားသောကဏ္ဍတွေမှာ တာဝန်ယူဆွေးနွေးပေးကြတဲ့ အမျိုးသမီးခေါင်းဆောင်များကလည်း မိမိတို့အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက ကျရာနေရာကနေ တာဝန်ယူဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

ကိုဗစ်ရန်ကို တွန်းလှန်ကျော်လွှားကြတဲ့ အမျိုးသမီးများရဲ့ စွမ်းပကားတွေအကြောင်း မိမိသိသလောက်ကို တင်ပြရင်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူးကျင်းပတဲ့ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃ ရက်နေ့မှာ ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါတယ်။ ။

**“ သည်နေ့သည်ချိန်ခါမှာ ကိုဗစ်- ၁၉ ဆိုတဲ့ ကူးစက်မြန် ပြင်းထန်အဆုတ်ရောင်ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ်နဲ့ နိုင်ငံအများစုမှာ ရင်ဆိုင်တွေ့ကြုံနေရပြီး လူသားတိုင်း အခက်အခဲများစွာကို ရင်ဆိုင်နေရတဲ့ကာလလည်း ဖြစ်ပါတယ်။ သည်လိုအခြေအနေတွေမှာ ကမ္ဘာနှင့်အဝန်း ကဏ္ဍပေါင်းစုံက သည်ရောဂါကို ကာကွယ်တားဆီးတုံ့ပြန် တိုက်ဖျက်နေကြတဲ့အခါမှာ အထက်ဖော်ပြပါကဏ္ဍကြီး ၁၂ ခုနှင့် ပတ်သက်ဆက်နွှယ်နေတာနဲ့အမျှ မြန်မာအမျိုးသမီးများကလည်း အားသွန်ခွန်စိုက်ကျရာနေရာကနေ စွမ်းစွမ်းတမံ ပါဝင်ပြီး ကာကွယ်တားဆီးတုံ့ပြန်ဆောင်ရွက်နေကြပါတယ် ”**

# ဇူလိုင် ၃ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ နှစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၀၆ ဦး ရှိသွားပြီ

နေပြည်တော် ဇူလိုင် ၃

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ နှစ်ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၀၆ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာ နှစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်မှဖြစ်ပြီး အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၀၆ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ နှစ်ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိတော့သူ ၂၃၇ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၂၁၉ ဦးနှင့် ဇူလိုင် ၂ ရက် နေ့လယ် ၁၂ နာရီမှ ဇူလိုင် ၃ ရက်နေ့လယ် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၈၀၆၀၇ | ၃၀၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၃၇ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၀၅၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၁၉ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၃၄ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၀၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၃-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၃-၇- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၃၇၆၈၁ | ၁၁၉၁၈၃၈ | ၁၃၁၅၀၃ |
| ၂။ | ဘရာဇီး | ၁၅၀၂၄၂၄ | ၉၁၆၁၄၇ | ၆၂၀၄၅ |
| ၃။ | ရုရှား | ၆၆၇၈၈၃ | ၄၃၇၈၉၃ | ၉၈၅၉ |
| ၄။ | အိန္ဒိယ | ၆၂၈၂၀၅ | ၃၈၀၃၇၄ | ၁၈၂၄၁ |
| ၅။ | စပိန် | ၂၉၇၁၈၃ | စိစစ်ဆဲ | ၂၈၃၆၈ |
| ၆။ | ပီရူး | ၂၉၂၀၀၄ | ၁၈၂၀၉၇ | ၁၀၀၄၅ |
| ၇။ | ချီလီ | ၂၈၄၅၄၁ | ၂၄၉၂၄၇ | ၅၉၂၀ |
| ၈။ | ဗြိတိန် | ၂၈၃၇၅၇ | စိစစ်ဆဲ | ၄၃၉၉၅ |
| ၉။ | အီတလီ | ၂၄၀၉၆၁ | ၁၉၁၀၈၃ | ၃၄၈၁၈ |
| ၁၀။ | မက္ကဆီကို | ၂၃၈၅၁၁ | ၁၄၂၅၉၃ | ၂၉၁၈၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၃-၇-၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၀၆၉၅ | ၂၇၅၆၈ | ၃၀၃၆ |
| စင်ကာပူ | ၄၄၄၇၉ | ၃၉၄၂၉ | ၂၆ |
| ဖိလစ်ပိုင် | ၄၀၃၃၆ | ၁၁၀၇၃ | ၁၂၈၀ |
| မလေးရှား | ၈၆၄၈ | ၈၄၄၆ | ၁၂၁ |
| ထိုင်း | ၃၁၈၀ | ၃၀၆၆ | ၅၈ |
| ဗီယက်နမ် | ၃၅၅ | ၃၄၀ | ၀ |
| မြန်မာ | ၃၀၆ | ၂၃၇ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၁ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ဧရာဝတီဖောင်ဒေးရှင်းက ဆက်လက်ကူညီဆောင်ရွက်ပေးနေ

ရန်ကုန် ဇူလိုင် ၃

ဧရာဝတီဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် ဆက်လက်ကူညီဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သည့်နေရာများသို့ ဆက်လက်လှူဒါန်းလျက်ရှိသည်။

ဧရာဝတီ ဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် လူနာများအား ကုသစောင့်ရှောက်ပေးလျက်ရှိသော ဝေဘာဂီအထူးကု ဆေးရုံကြီးနှင့် တောင်ဥက္ကလာပ ဆေးရုံကြီးတွင် လိုအပ်သည့် နေရာများ၌ အသုံးပြုနိုင်ရန် ကျပ်သိန်း ၁၀၀၊ ဓာတ်ခွဲနမူနာများ ရယူပေးကြသော ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေး Swab Team မှ ကျန်းမာရေးဝန်ထမ်း ၃၀ အတွက် တစ်လစာ ထောက်ပံ့ငွေကျပ် ၆၃ သိန်း၊ ဧရာဝတီတိုင်းဒေသကြီးမှ ဓာတ်ခွဲနမူနာများ ရန်ကုန်သို့ ပို့ဆောင်ရာတွင် အသုံးပြုရန် ပုသိမ်ဆေးရုံကြီးသို့ ငွေကျပ်သိန်း ၃၀ တို့ကို အသီးသီး လှူဒါန်းသည်။



ထို့ပြင် ဇွန် ၁၁ ရက်မှစတင်၍ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနိုင်ငံများမှ ပြန်လာသူများကို ဧရာဝတီဖောင်ဒေးရှင်းက စီမံဆောင်ရွက်ပေးထားသော သုဝဏ္ဏဘောလုံးကွင်းရှိ လက်ရွေးစင်ကစားသမားများ နားနေဆောင်တွင် အဆင်ပြေစွာ အသွားအလာကန့်သတ်ခြင်း ခံယူနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိကာ အသွားအလာကန့်သတ်ခြင်း စင်တာများရှိ စေတနာ့ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အခြားအသွားအလာကန့်သတ်ခြင်းစင်တာများမှ စုစုပေါင်း လူဦးရေ ၅၀၀ အတွက် တစ်နေ့ သုံးကြိမ် အစားအသောက်များ ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီ ဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ ကုသရေးအတွက် ထောက်ပံ့ကူညီခြင်း၊ နိုင်ငံအနှံ့အပြားသို့ စားနပ်ရိက္ခာများ လှူဒါန်းပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ကျန်းမာရေးအာမခံရန်ပုံငွေ မတည်လှူဒါန်းပေးခြင်း၊ ဂုဏ်ပြုချီးမြှင့်ပေးခြင်း၊ အခက်ကြုံနေရသူများကို ထောက်ပံ့ကူညီခြင်းတို့ကို ဆောင်ရွက်ခဲ့သလို Max Energy မှ Taxi ယာဉ်မောင်းများ၊ ဆေးရုံကားများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကပ်ရောဂါကာကွယ်ရေး ကူညီ ဆောင်ရွက်ပေးနေသူများအတွက် အထူးဈေးနှုန်း သတ်မှတ်ရောင်းချပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ငွေကျပ် သိန်းပေါင်း သုံးသောင်းကျော် သုံးစွဲလှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ကိုမိုး**

## ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စု ၅၁၁ စုအတွက် ထောက်ပံ့ငွေပေးအပ်

နမ္မတူ ဇူလိုင် ၃

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ်၌ နိုင်ငံတော်အစိုးရမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့် ထောက်ပံ့ရန်ကျန်ရှိသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံအိမ်ထောင်စု ၅၁၁ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၇၆၆၅၀၀၀ ကျပ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် တာဝန်ရှိသူများက ယနေ့နံနက် ၁၀ နာရီခွဲတွင် နမ္မတူမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထံ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **လူမော် (ပြန်/ဆက်)**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**နေပြည်တော်  ဇူလိုင် ၃**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇွန် ၂၈ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ် ၂၆ မြို့နယ်ရှိ နေရာ ၄၉ နေရာများတွင် မီးသတ်ယာဉ် များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၅၁ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၈ ကီလို ဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဇွန် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။




ဇွန် ၂၈ ရက်က ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။

# မြန်မာ MMA ကစားသမား အောင်လအန်ဆန် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရ

**ရန်ကုန်  ဇူလိုင် ၃**

နာမည်ကြီး မြန်မာ MMA ကစားသမား အောင်လအန်ဆန်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရကြောင်း ၎င်း၏ဖေ့စ်ဘွတ်မှတစ်ဆင့် ပရိသတ်များကို အသိပေးခဲ့သည်။

အောင်လအန်ဆန်သည် အမေရိကန်နိုင်ငံတွင် နေထိုင်သူဖြစ်ပြီး ပြီးခဲ့သည့်ရက်ပိုင်းက ကိုဗစ်-၁၉ ရောဂါ သံသယဖြစ်နိုင်သည့် အလားအလာများဖြစ်ပေါ်ခဲ့၍ ဆေးစစ်ခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် အောင်လအန်ဆန်သည် လေ့ကျင့်မှုများ ရပ်နားထားရသလို ၎င်း၏ မိသားစုများပါ အသွားအလာကန့်သတ်ခြင်း နေထိုင်ရမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

အောင်လအန်ဆန်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲများယှဉ်ပြိုင်ရခြင်းမရှိသေးသော်လည်း လေ့ကျင့်မှုမပြတ်ရန် စဉ်ဆက်မပြတ်လေ့ကျင့်နေသူလည်း ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကို ကမ္ဘာ့နိုင်ငံ အနှံ့အပြားတွင် ရင်ဆိုင်နေရပြီး ကမ္ဘာကျော် ဘောလုံးသမားများ၊ နာမည်ကြီးအားကစားသမားများလည်း ကူးစက်ခံနေရသလို အောင်လအန်ဆန်လည်း ကူးစက်ခံထားရကြောင်း မြန်မာစံတော်ချိန် ဇူလိုင် ၃ ရက်နံနက်အစောပိုင်းက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ယခင်က ဧပြီ ၁၀ ရက်တွင် One မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည် ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ဆိုင်းခဲ့ရသလို မေလကုန်တွင် ပြန်လည်စီစဉ်ထားသော်လည်း ပျက်ပြယ်ခဲ့ကာ ကစားမည့်နေ့ကို One Championship က ပြန်လည်အတည်ပြုမည် ဖြစ်သည်။ **ညီမြတ်သော်တာ**

# ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူ ၈၇ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇူလိုင် ၃**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ **(အောက်ပုံ)**နေ့စဉ် ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၂ ရက် ညနေ ၆ နာရီက ၄၃ ဦးနှင့် ယနေ့မွန်းလွဲ ၂ နာရီခွဲက ၄၄ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၈၇ ဦး ထပ်မံဝင်ရောက်လာခဲ့ကြောင်း သိရသည်။



အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၈၇ ဦးတို့မှာ အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၃၆ ဦး တို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ ခုနစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ရှစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ ခုနစ်ဦး၊ ကချင်ပြည်နယ်မှ ငါးဦး၊ ချင်းပြည်နယ်မှလေးဦး၊ ရှမ်းပြည်နယ်မှ ၄၃ ဦးနှင့် ရခိုင်ပြည်နယ်မှ သုံးဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်နယ်စပ်ဂိတ်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျစီစဉ်လွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ဇူလိုင် ၃ ရက်အထိ အမျိုးသား ၇၀၄၃ ဦးနှင့် အမျိုးသမီး ၅၆၇၄ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၂၇၁၇ ဦးတို့အား လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **ဇင်ဇင်(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် အရာရှိ၊ စစ်သည်များအနက်မှ စစ်သည် နှစ်ဦးတွင် COVID-19 ရောဂါပိုး ထပ်မံတွေ့ရှိ

**နေပြည်တော်  ဇူလိုင် ၃**

အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် အရာရှိ၊ စစ်သည်များ အနက်မှ စစ်သည် နှစ်ဦးတွင် COVID-19 ရောဂါပိုး ထပ်မံတွေ့ရှိကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီးဆုံးကာ ဇွန် ၂၆ ရက်က တပ်မတော်လေယာဉ်ဖြင့် အိန္ဒိယနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း အသွားအလာကန့်သတ် သီးခြားစောင့်ကြည့်ထားသည့် အရာရှိ၊ စစ်သည် ၄၈ ဦး အနက် စစ်သည် ငါးဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိမှုသတင်း ကို ဇွန် ၂၇ နှင့် ၂၈ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

အဆိုပါ လေယာဉ်တစ်စင်းတည်း လိုက်ပါစီးနင်းလာခဲ့သည့် ကျန်ရှိသူ ၄၃ ဦးအား သီးခြားစောင့်ကြပ်ကြည့်ရှုခြင်း၊ လိုအပ်သည့်ရောဂါရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိစဉ် စစ်သည်နှစ်ဦးသည် ခေါင်းကိုက်ခြင်း၊ ဖျားနာခြင်းဖြစ်ပေါ်လာသဖြင့် ယနေ့တွင် ၎င်းတို့ နှစ်ဦး၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်တို့အားရယူ၍ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ Polymerase Chain Reation (PCR)နည်းဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ရာ အဆိုပါစစ်သည် နှစ်ဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိရကြောင်း ။

ရောဂါပိုးတွေ့ရှိရသောစစ်သည်များအား တပ်မတော်က ကြိုတင်စီစဉ်ထားသည့် တပ်မတော်အသည်းရောဂါ အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)သို့ ပို့ဆောင်၍ ဆေးဝါးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် ၎င်းတို့၏ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း။

COVID-19 ရောဂါပိုးတွေ့ရှိခဲ့သည့်စစ်သည်များနှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများ၊ လေယာဉ်တစ်စင်းတည်း လိုက်ပါစီးနင်းခဲ့သူများကိုလည်း လိုအပ်သည့်ရောဂါရှာဖွေဖော်ထုတ်ခြင်း၊ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

# မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၁၃၄ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ ဇူလိုင် ၃**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၁၃၄ ဦး မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်၊ မြို့နယ်မှတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

**ပြန်လည်ဝင်ရောက်**

ပြန်လည်ဝင်ရောက်လာသူများ အနေဖြင့် မေ ၁ ရက်မှ **(ယနေ့)**ဇူလိုင် ၃ ရက်အထိ စုစုပေါင်း ၃၉၅၄၇ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၆၆၁ ဦး၊ အမျိုးသမီး ၄၇၃ ဦး စုစုပေါင်း ၁၁၃၄ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် အာဇာနည်နေ့တွင် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)နှင့် ဗိုလ်ချုပ်ပြတိုက်တို့ကို အများပြည်သူများအား ဝင်ရောက်ခွင့်မပြု

**ရန်ကုန် ဇူလိုင် ၃**

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် (၇၃) နှစ်မြောက် အာဇာနည်နေ့တွင် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)နှင့် ဗိုလ်ချုပ်ပြတိုက်တို့ကို အများပြည်သူများအား ဝင်ရောက်ခွင့်မပြုကြောင်း (၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ဖိတ်ကြားရေး၊ ပြန်ကြားရေး နှင့် မှတ်တမ်းပြုစုရေးဆပ်ကော်မတီထံမှ သိရသည်။

ယခုအခါ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် အချိန်ကာလဖြစ်ပြီး ယင်းကပ်ရောဂါကို ပြည်သူတို့ ကျော်လွှားနိုင်ရန် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ လူစုလူဝေး မဖြစ်စေရေးအတွက် ၁၉-၇-၂၀၂၀ ရက်နေ့တွင် ကျရောက်မည့် (၇၃)နှစ်မြောက် အာဇာနည်နေ့တွင် အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)ရှိ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်အခန်း၊ တိုင်းပြု/ပြည်ပြုလွှတ်တော် အစည်းအဝေးခန်းမနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တို့အား အများပြည်သူ လာရောက်လေ့လာကြည့်ရှုရန် ခွင့်မပြုခြင်းဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်မြို့ ကန်တော်ကြီးပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင် ပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြေယာရှုခင်းနှင့် အားကစားကွင်းများလုပ်ငန်းမှ တာဝန်ယူပြုပြင်ခဲ့ရာ မကြာမီဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ချင်းရိုးရာပစ္စည်းများနှင့် သမိုင်းမော်ကွန်းဝင်ဓာတ်ပုံများကို ဟားခါးမြို့ချင်းရိုးရာအိမ်၌ ပြသထား

**ဟားခါး ဇူလိုင် ၃**

ချင်းပြည်နယ် ဟားခါးမြို့ ဈေးသစ်ရပ်ကွက် တောင်ဇလပ်လမ်းတွင် နေထိုင်လျက်ရှိသော ဦးသန်ကီးသည် ၎င်း၏အိမ်တွင် နှစ်ပေါင်း ၃၀ ကြာ စုဆောင်းထားရှိသည့် ချင်းရိုးရာရှားပါး အသုံးအဆောင်ပစ္စည်းများနှင့် သမိုင်းမော်ကွန်းဝင်ဓာတ်ပုံများကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် စုဆောင်းပြသထားရှိသည်။

**(အောက်ပုံ)**

နှစ် ၁၀၀ သက်တမ်းရှိသည့် ချင်းရိုးရာ ပစ္စည်းများ၊ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ ခေတ်အဆက်ဆက်ရိုးရာ အမွေအနှစ်များ၊ ရှားပါးတိရစ္ဆာန်များ၏ဦးချိုများနှင့် ချင်းရိုးရာတူရိယာများ၊ ရိုးရာအသုံးအဆောင်ပစ္စည်းများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။ နောင်လာနောက်သားများ လေ့လာသိရှိနိုင်ရန် ရည်ရွယ်၍ ချင်းရိုးရာအသုံးအဆောင်ပစ္စည်းအမျိုးပေါင်း ၁၀၀ ကျော်ကို ခင်းကျင်းပြသထားပြီး ဆက်လက်၍ ချင်းရိုးရာအမွေအနှစ်များကို စုဆောင်းထိန်းသိမ်းသွားမည် ဖြစ်ကြောင်း ချင်းရိုးရာအိမ် ပြတိုက်ပိုင်ရှင် ဦးသန်ကီးက ပြောကြားသည်။

ယခုအခါ ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း ရိုးရာယဉ်ကျေးမှုပြတိုက်ကို ခေတ္တယာယီပိတ်ထားပြီး ကိုဗစ် - ၁၉ ရောဂါပြီးဆုံးချိန်တွင် ဒေသခံပြည်သူများ၊ ခရီးသွားဧည့်သည်များ လာရောက်လေ့လာနိုင်ကြောင်းနှင့် ၎င်း၏ ရိုးရာယဉ်ကျေးမှုပြတိုက်နေအိမ်သည် အလျား ၅၅ ပေ၊ အနံ့ပေ ၂၀ နှစ်ထပ်နေအိမ် အဆောက်အအုံဖြစ်ကာ ချင်းတိုင်းရင်းသားများ၏ ရိုးရာနေအိမ်အတိုင်း ဆောက်လုပ်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**






### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

### မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်ချုပ် | - မြင့်ဆွေ |
| စာတည်းများ | - ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃ - ၇ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၈၀ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၉ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၉ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၂ . ၂၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၀၆ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၄ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၀ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၃ . ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၄၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၅၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၂၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၁၀၀၀ | ၁၁၂၀ | ၁၁၈၁၀၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၃၁၇၀ | ၁၂၀၃၇၄၅၀ |
| MCB | ၈၃၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၇၄၄ | ၃၉၂၄၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၉၁ | ၂၅၄၈၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၆၁ | ၁၆၄၇၀၀ |

# သရုပ်ဆောင် စမိုင်းလ်က အနုပညာသမားများအတွက် အဓိကထား၍ Smile Online Cinema App ကို ပြုလုပ်သွားမည်

**မင်းသမီးကြီး ဒေါ်ခင်လေးဆွေ၏ မြေးဖြစ်သလို မော်ဒယ်တစ်ယောက်အဖြစ် သရုပ်ဆောင်လောကကို ဝင်ရောက်လာခဲ့ပြီး ပရိသတ်၏အားပေးမှုကို ရရှိခဲ့သူ စမိုင်းလ်အနေဖြင့် အွန်လိုင်းမှတစ်ဆင့် ရုပ်ရှင်များ ကြည့်ရှုနိုင်မည့် Smile Online Cinema အမည်ရှိ Application တစ်ခုကို အနုပညာသမားများအတွက် ရည်ရွယ်၍ မကြာမီ ပြုလုပ်သွားတော့မည်ဟု သိရသဖြင့် ထိုကိစ္စနှင့်စပ်လျဉ်း၍ စမိုင်းလ်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။**



**မေး။ ။ အစ်မတို့ဇာတ်ကားတွေကို ရုံတင်ပြသမှုတွေမလုပ်ဘဲ Application ကနေ ပြသမယ့်အကြောင်းလေး ပြောပါဦး။**

ဖြေ။ ။စမိုင်းလ်တို့က ဇာတ်ကားတွေက ရုံတန်းစီစနစ်နဲ့ စီထားတယ်။ ကိုယ်က နာမည်ကြီး ပရိဂျူဆာလည်း မဟုတ်ဘူး။ ခုမှ ရိုက်ကူးမှုတွေစလုပ်တဲ့ ပရိဂျူဆာ ဖြစ်တဲ့အတွက် တန်းစီရတာ တော်တော်ကြာတယ်။ ကိုဗစ်ဖြစ်သွားလို့ ရုံတွေပိတ်သွားချိန်မှာ ကားတွေပိုကျပ်သွားမယ်။ ကိုယ့်လိုပဲ ရုံတန်းစီစောင့်နေတဲ့ ပရိဂျူဆာအသစ်လေးတွေလည်း အများကြီးရှိကြမယ်လို့ စဉ်းစားမိလိုက်တယ်။ ဒါကြောင့် ကိုယ့်ကားကို ကိုယ်တိုင် အက်ပလီကေးရှင်းကနေ တင်မယ်။ ဘယ်လောက်ပဲရရပါ။ ပရိသတ်တွေ ကြည့်လို့ရမယ်။ တစ်ခါကြည့် ဘယ်လောက်ဆိုတဲ့ တန်ဖိုးသတ်မှတ်ပြီး အက်ပလီကေးရှင်းမှာ တင်မယ်။ ဒီအနုပညာလောကမှာရှိနေတဲ့သူတွေရဲ့ ဇာတ်ကားတွေကို တန်းစီမစောင့်နိုင်လို့ အက်ပလီကေးရှင်းမှာ တင်ချင်တယ်ဆိုရင် အားလုံးကို အခကြေးငွေမယူဘဲ တင်ပေးမယ်။ တင်ချင်တဲ့သူ တင်လို့ရအောင် စမိုင်းလ်တို့ တစ်ဖက်တစ်လမ်းက ကူညီပေးမယ်လို့ စဉ်းစားထားပါတယ်။ စမိုင်းလ်တို့ရဲ့ ဇာတ်ကားတွေကိုလည်း အက်ပလီကေးရှင်းကပဲ တင်လိုက်တော့မယ်လို့ ဆုံးဖြတ်ထားပါတယ်။

**မေး။ ။အက်ပလီကေးရှင်းရဲ့ နာမည်ကရော။**

ဖြေ။ ။Smile Online Cinema ဆိုပြီးတော့ နာမည်ပေးထားပါတယ်။ ဒီနှစ်ထဲမှာပဲ ဒီလုပ်ငန်းကို စမှာပါ။ pay per view ပုံစံနဲ့ ရုံတင်သလို တစ်ကားချင်းစီတင်မယ်။ ဈေးနှုန်းကတော့ သတ်မှတ်ပေးဖို့ လုပ်နေပါတယ်။ ဈေးနှုန်းသက်သက်သာသာနဲ့ ကြည့်နိုင်အောင် စီစဉ်နေပါတယ်။

**မေး။ ။ ရုပ်ရှင်ဇာတ်ကားပဲ တင်ခွင့်ပေးမှာလား။ ဘယ်လိုစီစဉ်ထားသေးလဲ။**

ဖြေ။ ။ရုပ်ရှင်ဇာတ်ကားမှ မဟုတ်ပါဘူး။ ဇာတ်လမ်းတိုလေးတွေ ရိုက်ထားပြီးတော့ MNTV ကလည်း မလွယ်၊ တခြားနေရာတွေကလည်းမဝယ် ဖြစ်နေတာတွေကြောင့် အကူအညီတောင်းထားတဲ့သူတွေလည်း ရှိနေတယ်။ အကုန်လုံးကို စမိုင်းလ် တင်ပေးမယ်။ ကိုယ့်ကိုလည်း တစ်ပြားမှ ပေးစရာမလိုဘူး။ သူတို့ကို ကြိုပြောထားတာပါ။ ကြိုက်သလိုရောင်းလို့လည်း ပြောထားပါတယ်။ ပရဟိတ ပလက်ဖောင်းတစ်ခုအနေနဲ့ ဒီ App ကို ဖန်တီးပေးဖြစ်တာပါ။ ကိုယ့်လိုမျိုး ဒုက္ခရောက်နေတဲ့ ပရိဂျူဆာတွေလည်း အများကြီးရှိတယ်။ သူတို့တွေအတွက်လည်း စေတနာနဲ့ လုပ်ပေးတာပါ။

**မေး။ ။အစ်မဇာတ်ကားတွေကို ရုံတင်ခွင့်မရလို့ စိတ်ညစ်ဝမ်းနည်းမိတာရော ရှိမလား။**

ဖြေ။ ။အရင်တုန်းကဆိုရင်တော့ ရုံတင်ခွင့်ရတဲ့အထိ စောင့်မှာပေါ့။ ခုလို အချိန်မှာတော့ စိတ်ညစ်ပြီး ဝမ်းနည်းတာတွေလည်း မရှိဘူး။ ရုပ်ရှင်ရုံမှာကြည့်မှ ရုပ်ရှင်လည်း မဟုတ်တော့ဘူး။ အကုန်လုံးလည်း ဖုန်းတွေ သုံးနေတာပဲဆိုတော့ ဖုန်းနဲ့ကြည့်လို့ရနေပြီ။ ဘယ်သူမဆို ပိတ်ကားကြီးတော့ ပြသချင်တာပေါ့။ မရနိုင်တော့လည်း ရပါတယ်။

**မေး။ ။ကိုဗစ်အလွန် ရုပ်ရှင်လောကအတွက် ဘယ်လိုအခြေအနေတွေ ဆက်ဖြစ်နိုင်မယ်လို့ ထင်မိလဲ။**

ဖြေ။ ။ရုပ်ရှင်လောကမှာ ဇာတ်ကားတွေ ရုံတင်လို့ရလာရင်တောင် ရုံတွေမှာ လူပြည့်ဖို့ဆိုတာ တော်တော်အချိန်ယူရမယ်။ ရုံတွေလာကြည့်တာက ပြည်သူတွေပဲ လာကြည့်ကြတာဖြစ်တယ်။ ဒီပြည်သူတွေက အခုချိန်မှာ အဆင်မပြေဖြစ်နေတယ်။ သူတို့အဆင်ပြေနေတဲ့အချိန်မှာတောင် တစ်လမှာ ရုပ်ရှင်ကြည့်နိုင်ရင် နှစ်ကားပေါ့။ အခုချိန်မှာက လူတိုင်းက တိုက်ပွဲဝင်နေတဲ့ အချိန်ဆိုတော့ အစ်မတို့လို အက်ပလီကေးရှင်းလုပ်တာကတော့ ဈေးပေါပေါနဲ့လည်း ဇာတ်ကားကောင်းတွေ ကြည့်ရမယ်လို့ မျှော်လင့်တာပေါ့။

**မေး။ ။ရုပ်ရှင်လောကသားတွေအတွက် ဘာတွေဆက်လုပ်ပေးဖို့ ရှိဦးမလဲ။**

ဖြေ။ ။အလုပ်မလုပ်ရဘဲ ထိုင်နေတဲ့ ဇာတ်ပို့ ဇာတ်ရံတွေ၊ ကိုလူချောအဖွဲ့တွေ အများကြီးရှိကြတယ်။ သူတို့လုပ်အားလေးနဲ့ အလုပ်ရတော့ သူတို့လည်း စိတ်ချမ်းသာတာပေါ့။ သူတို့ရဲ့ ဇာတ်လမ်းတိုတွေ၊ ဗီဒီယိုတွေ တင်ပေးရင်လည်း သူတို့ကို တစ်ဖက်တစ်လမ်းက ကူညီရာရောက်မယ် ထင်ပါတယ်။ အနုပညာသမားတွေက အနုပညာအလုပ်ကို ပိုကျေနပ်တာလေ။ ပိုက်ဆံပေးတာထက်စာရင် သူတို့ အနုပညာတွေကို ပြနိုင်အောင် ဒီလို ပလက်ဖောင်းတစ်ခု စီစဉ်ပေးတာပါ။

**ကိုလင်း**

# "လူပျို"တေးသီချင်း MTV နှင့်ပတ်သက်၍ ရတနာပုံတက္ကသိုလ် ကျောင်းသား ကျောင်းသူများအား မနော က ပြန်လည်တောင်းပန်

မကြာမီက "လူပျို"ဟု အမည်ရသည့် တေးသီချင်းကို MTV အဖြစ်ရိုက်ကူးကာ အွန်လိုင်းပေါ်တွင်တင်ခဲ့သည့် အဆိုတော် မနောအား အဆိုပါသီချင်းနှင့်ပတ်သက်၍ ပရိသတ်အချို့၏ ဝေဖန်မှုများ မြင့်တက်ခဲ့ခြင်းကြောင့် မနောက ပရိသတ်များအား ပြန်လည်တောင်းပန်ခဲ့ကြောင်း သိရသည်။

အဆိုပါ "လူပျို"သီချင်း MTV ကို ဇွန် ၂၆ ရက်က အွန်လိုင်းတွင် တင်ခဲ့ခြင်းဖြစ်ပြီး MTV ထဲတွင် ပုံဖော်ထားသော သရုပ်ဆောင်မှုအချို့မှာ ရတနာပုံတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများ၏ ဂုဏ်သိက္ခာကို ညှိုးနွမ်းစေခဲ့ခြင်းကြောင့် အဆိုတော် မနောအနေဖြင့် မီဒီယာများမှ ပြန်လည်တောင်းပန်ပေးရန် ကျောင်းသား ကျောင်းသူများက ဇူလိုင် ၁ ရက်က သတင်းစာရှင်းလင်းပွဲလုပ်ပြီး ပြောကြားတောင်းဆိုခဲ့သည်။

ကျောင်းသား ကျောင်းသူများ၏ တောင်းဆိုချက်နှင့် ပတ်သက်၍ မနောက သူ၏ လူမှုကွန်ရက် စာမျက်နှာတွင် "လူပျိုသီချင်း MTV နဲ့ပတ်သက်ပြီး ကျွန်တော် တောင်းပန်ပါ့မယ်ခင်ဗျာ။ အခုလို လမ်းအမှန်ကို ထောက်ပြပေးတဲ့ ညီလေး ညီမလေးများကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီ လူပျိုသီချင်းလေးဟာ ကြည့်ရှုသူများ ပျော်ရွှင်စေချင် ရယ်မောစေချင်တဲ့ ဆန္ဒတစ်ခုတည်းနှင့်သာ ပုံဖော်ရိုက်ကူးခဲ့ခြင်းဖြစ်ပါတယ်။ မည်သူ့ကိုမျှ ထိခိုက်နစ်နာစေအောင် ရည်ရွယ်ပြီး မပြုလုပ်ခဲ့ပါဘူး။ ရတနာပုံတက္ကသိုလ်ကြီးနှင့် ကျောင်းသား ကျောင်းသူလေးများ၊ ဆရာ ဆရာမများအားလုံး ဂုဏ်သိက္ခာကို ထိခိုက်နစ်နာခဲ့ရင် အနူးအညွတ် တောင်းပန်အပ်ပါတယ်ခင်ဗျာ"ဟု ဇူလိုင် ၂ ရက်က ရေးသားခဲ့သည်။

"အနုပညာအလုပ်ကိုလုပ်သူ သို့မဟုတ် ထင်ပေါ်ကျော်ကြားသူတစ်ဦးဟာ အရာရာ သတိထားရပါမယ်။ မိမိကြောင့် လူငယ်လူရွယ်လေးများ အသိအမြင် မမှားစေချင်သောဆန္ဒ၊ အတုမြင် အတတ်သင် မပြုစေချင်သောဆန္ဒနှင့် ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ဂုဏ်သိက္ခာကို မထိခိုက်စေလိုသောဆန္ဒ၊ ကျွန်တော် ကိုးကွယ်ဆည်းကပ်သော ဆရာတော်များ၊ မိဘ ညီအစ်ကို မောင်နှမ၊ ဆရာ ဆရာမများ၊ မိတ်ဆွေများနှင့် သူငယ်ချင်းကောင်းများ အစုံစုံကို လေးစားတန်ဖိုးထားပြီး ဆုံးမသွန်သင်မှုညွှန်ကြားမှုနှင့်... သည်ဟု အထင်ခံရ၍ ထိုသူများ၏ ဂုဏ်သိက္ခာကို ကျွန်တော့်ကြောင့် မထိခိုက်စေလိုသော ဆန္ဒကြောင့် ကျွန်တော့်ရဲ့အမှားကို ပြုပြင်ပေးသည့် ညီလေး ညီမလေးများ ကျေနပ်သည်အထိ တောင်းပန်ပါ့မယ်။ ဒီကျွန်တော့်ရဲ့ Manaaw Like Page မှ တောင်းပန်တာကို အားရကျေနပ်မှုမရှိသေးလျှင် ကိုယ်တိုင်လာရောက်တောင်းပန်ဆိုလည်း ကျွန်တော် တောင်းပန်ပါ့မယ်ခင်ဗျား။ အားလုံး သာယာချမ်းမြေ့ပါစေ"ဟုလည်း မနောက ရေးသားထားသည်။

**ကိုလင်း**

# ဂျူဝယ်၏ "တကယ်မချစ်ဘဲနဲ့"သီချင်း Music Video ထွက်ရှိ

အသည်းကွဲ သီချင်းများကို နားထောင်ချင်သော ပရိသတ်များအတွက် မိန်းကလေးအဆိုတော်တစ်ဦးဖြစ်သူ ဂျူဝယ်၏ "တကယ်မချစ်ဘဲနဲ့"ဟု အမည်ရသည့် တေးသီချင်း Music Video ကို V7 Entertainment မှ ဇူလိုင် ၂ ရက်က စတင်ထွက်ရှိခဲ့ကြောင်းသိရသည်။

"တကယ်မချစ်ဘဲနဲ့ Music Video တက်ပါမယ်။ Audio လည်း တက်ပါမယ်။ Music Video က V7 Entertainment ကနေ တက်ပါမယ်။ ကျွန်တော့်ရဲ့ Jewel yadanar ဖေ့စ်ဘုတ်ပေ့ချ်ကလည်း တက်ပါမယ်။ နောက် Audio ကတော့ JOOX မှာ ရှိမယ်၊ ဒီသီချင်းလေးက တကယ်လည်း မချစ်ခဲ့ဘဲနဲ့ ချစ်ခြင်းကို လှည့်စားခံရဖူးသူတိုင်းအတွက် အသည်းကွဲသီချင်းလေးတစ်ပုဒ်ဖြစ်ပါတယ်။ တန်ဖိုးရှိတဲ့ အလွမ်းလေးတွေကို ခံစားနိုင်စေဖို့ ရေးစပ်ထားတဲ့ သီချင်းလေးလည်း ဖြစ်ပါတယ်"ဟု ဂျူဝယ်က ပြောသည်။ ဂျူဝယ် သီဆိုသည့် တကယ်မချစ်ဘဲနဲ့ သီချင်း MTV တွင် ထွန်းဝီရနှင့် ဂျူဝယ်တို့က သရုပ်ဆောင်ထားကြောင်း သိရသည်။

**ကိုလင်း**



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံတော့မည်မဟုတ်ကြောင်း လူမင်းပြောကြား

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဥက္ကဋ္ဌအဖြစ် လေးနှစ်နီးပါး တာဝန်ထမ်းဆောင်ခဲ့သူ အကယ်ဒမီလူမင်းအနေဖြင့် ထပ်မံ၍ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံလိုခြင်း မရှိတော့ကြောင်းနှင့် နောက်ထပ် တက်ရောက်အရွေးခံမည့် ရုပ်ရှင်ဥက္ကဋ္ဌအနေဖြင့်



လုပ်စရာရှိသည်များကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချ လုပ်ဆောင်တတ်သူ တစ်ဦး ဖြစ်စေချင်ကြောင်း ပြောကြားသည်။

"ပြတ်ပြတ်သားသားလုပ်တတ်တဲ့ ဥက္ကဋ္ဌမျိုး တက်စေချင်တယ်။ အပြောင်းအလဲတစ်ခုအတွက် ဟိုတုန်းကလည်း ကြွေးကြော်ခဲ့ဖူးတယ်။ တကယ်တမ်းလုပ်ရတဲ့အခါမှာ လုပ်လို့မရတာနဲ့ လုပ်ဖို့ခက်ခဲတဲ့အပိုင်းလေးတွေ အများကြီး ကြုံရတာရှိတယ်။ ဒီအရာတွေကို ကျော်လွှားပြီး အားလုံးထက်ပြတ်သားနိုင်တဲ့ ဥက္ကဋ္ဌမျိုးကို တက်စေချင်တယ်။ ထောက်ထားငဲ့ညှာစရာတွေ အလွန်များတာဆိုတော့ ရဲရဲတင်းတင်း ပြတ်ပြတ်သားသား လုပ်တဲ့လူမျိုးကို တက်စေချင်တယ်။ အဲဒီလိုလူမျိုးကို ဝိုင်းပြီးတော့ အားပေးထောက်ခံစေချင်တယ်"ဟု ဥက္ကဋ္ဌသစ် မျှော်မှန်းချက်နှင့်ပတ်သက်၍ လူမင်းက ပြောသည်။

ထပ်မံရွေးချယ်ခံရန် အစီအစဉ်နှင့် ပတ်သက်၍လည်း လူမင်းက "ရုပ်ရှင်ဥက္ကဋ္ဌ ဝင်အရွေးခံဖို့ အစီအစဉ်တော့မရှိပါဘူး။ ရုံးကဘုတ်တွေမှာကြည့်တော့ အစ်ကိုက လေးနှစ်တောင် လုပ်ခဲ့တာ။ တချို့ ဥက္ကဋ္ဌတွေဆို တစ်နှစ်၊ နှစ်နှစ်ပဲ လုပ်ခဲ့တာရှိတယ်။ အစ်ကိုလုပ်ခဲ့တဲ့ လေးနှစ်တာကာလက အစ်ကို တကယ်ကို မနားတမ်း ရုပ်ရှင်ကားတွေရိုက်နေရတဲ့အချိန်မှာ ကိုယ်ရိုက်ရမယ့် ရုပ်ရှင်ဇာတ်ကားတွေကိုလျှော့ပြီး၊ ဖျက်ပြီးတော့ စိတ်အားထက်သန်စွာနဲ့ လုပ်ခဲ့တာ။ အဲဒီလို စိတ်အားထက်သန်မှုမျိုး အခုလက်ရှိ အစ်ကို့စိတ်ထဲမှာမရှိဘူး။ စိတ်အားမထက်သန်ဘဲနဲ့ မလုပ်ချင်တဲ့အတွက် အရွေးမခံတော့တာပါ။ ဥက္ကဋ္ဌလုပ်ရင် အမုန်းကတော့ ခံရမှာပဲ။ အစ်ကိုဆိုလည်း အရင်တုန်းကအကောင်း၊ ဥက္ကဋ္ဌလုပ်တော့မှ မုန်းသွားတဲ့ ထုတ်လုပ်သူတွေရော၊ မိတ်ဆွေတွေရော ရှိပါတယ်"ဟု ဆိုသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### နှာခေါင်းစည်းမတပ်ကြသူများမှာ ရှက်ဖို့ကောင်းသည်ဟု မင်းသားကြီး တွမ်ဟန့်ခ်ပြော

ရုပ်ရှင်မင်းသားကြီး တွမ်ဟန့်ခ်တို့ ဇနီးမောင်နှံဟာ ကိုဗစ်-၁၉ ကနေ လွတ်မြောက်လာတဲ့ နာမည်ကျော်စုံတွဲလည်း ဖြစ်ပါတယ်။ မကြာသေးခင်ကပဲ တွမ်ဟန့်ခ်ဟာ ပါးစပ်နှာခေါင်းစည်းမတပ်ဆင်ကြတဲ့ လူတွေနဲ့ ပတ်သက်ပြီး သူ့ရဲ့ ခံစားချက်အမြင်ကို ထုတ်ပြောလာပါတယ်။

တွမ်ဟန့်ခ်နဲ့ ဇနီးဖြစ်သူ အဆိုတော်နှင့် ရုပ်ရှင်မင်းသမီး ရီတာဝေလ်ဆင်တို့ဟာ ကိုဗစ်-၁၉ ကူးစက်ခံရပြီလို့ ကြေညာခဲ့တဲ့ ပထမဆုံး စုံတွဲလည်း ဖြစ်ပါတယ်။ အခုအခါမှာတော့ အများပြည်သူတွေ အပြင်ထွက်တဲ့အခါ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ကြဖို့ တွမ်ဟန့်ခ်က တိုက်တွန်းနေပါတယ်။ တွမ်ဟန့်ခ်ရဲ့ ဇာတ်ကားဖြစ်တဲ့ Greyhound ကို ဇူလိုင် ၁၀ ရက်မှာ ပွဲဦးထွက် စတင်ပြသမှာ ဖြစ်ပြီး အဲဒီဇာတ်ကားအတွက် ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ကြဖို့ ပြောကြားခဲ့ပါတယ်။

"မနက်ဖြန်အတွက်ဆိုရင် ကျွန်တော်တို့လုပ်ရမယ့်အရာသုံးခုရှိပြီး ပထမတစ်ခုကတော့ ပါးစပ်နှာခေါင်းစည်း တပ်ဆင်ဖို့ပါ။ ဒုတိယအချက်ကတော့ လူအချင်းချင်းခပ်ခွာခွာနေတဲ့ပုံစံကို ကျင့်သုံးရမှာဖြစ်ပြီး နောက်ဆုံးတစ်ချက်ကတော့ လက်မကြာခဏ ဆေးကြောရမှာပဲ ဖြစ်ပါတယ်။ ဒီလောက်လွယ်ကူရိုးရှင်းတဲ့ အခြေခံအချက်လေးကိုတောင် လုပ်ဆောင်ဖို့ ပျက်ကွက်တယ်ဆိုရင် အဲဒီလူဟာ ရှက်ဖို့ကောင်းတယ်"လို့ တွမ်ဟန့်ခ်က ပြောပါတယ်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ဖို့ရာ ပြည်သူများဘက်မှာလည်း ပူးပေါင်းပါဝင်ကြဖို့လည်း တွမ်ဟန့်ခ်က လတ်တလောမှာ တိုက်တွန်းနေပါတယ်။ တွမ်ဟန့်ခ်နဲ့ ရီတာတို့ဟာ မတ်လအတွင်းက သြစတြေးလျမှာ ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်းတွေ့ရှိပြီး ဆေးကုသမှုခံယူခဲ့ကြတာပဲ ဖြစ်ပါတယ်။

**စကိုင်းနယူးစ်**



ရုပ်ရှင်မင်းသားတွမ်ဟန့်ခ်နှင့် ဇနီးဖြစ်သူ ရီတာဝေလ် ဆင်

### မဲပေးဆုံးဖြတ်ဖို့အတွက် အနုပညာရှင်များကို အော်စကာအဖွဲ့အစည်းမှ ဖိတ်ခေါ်

အော်စကာအဖွဲ့ကြီးဟာ ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာနဲ့ ရုပ်ရှင်လုပ်ငန်းကျွမ်းကျင်သူတွေကို မဲပေးဖို့ဖိတ်ခေါ်ခဲ့ပြီး သူတို့ဖိတ်ခေါ်ခဲ့တဲ့စာရင်းကိုလည်း အသေးစိတ်ဖော်ပြခဲ့ပါတယ်။ သူတို့ ဖိတ်ခေါ်ထားတဲ့ အရေအတွက်ဟာ ၂၀၂၀ ပြည့်အတွက် ဖိတ်ခေါ်တဲ့ အရေအတွက်ထက်ကို ကျော်လွန်နေတယ်လို့လည်း ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ရုပ်ရှင်မင်းသမီး အီဗာလောင်ဂိုရီရာ၊ ဆင်သီယာ အီရီဗိုတို့ဟာလည်း Parasite ဇာတ်ကားမှာပါဝင်ခဲ့တဲ့ တောင်ကိုရီးယား သရုပ်ဆောင်တွေနဲ့အတူ စာရင်းမှာ ပါဝင်လာပါတယ် ။ Parasite ဇာတ်ကားဟာ ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့တဲ့ အော်စကာဆုပေးပွဲမှာ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုရသွားတဲ့ ပထမဆုံးနိုင်ငံခြားဘာသာစကားရုပ်ရှင်လည်း ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်က ဝေဖန်မှုတွေနဲ့ကြုံတွေ့ခဲ့ပြီးတဲ့နောက် အော်စကာအဖွဲ့မှာ လူမျိုးစုံပါဝင်နိုင်ဖို့အရေး ပြုပြင်ပြောင်းလဲမှုတွေ အများကြီး ပြုလုပ်ခဲ့ပါတယ်။ အော်စကာအဖွဲ့မှာ လူဖြူတွေကြီးစိုးလွန်းပြီး လူမည်းသရုပ်ဆောင်တွေနဲ့ အာရှသရုပ်ဆောင်တွေ ထိပ်တန်းဆုစာရင်းမှာ မပါတာနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေ အများကြီး ကြုံတွေ့ခဲ့ရပါတယ်။

အော်စကာအဖွဲ့ကြီးဟာ အနုပညာရှင်ပေါင်း ၈၁၉ ဦးကို ဖိတ်ခေါ်ခဲ့ပြီး အဲဒီထဲမှာ အမျိုးသမီး ၄၅ ရာခိုင်နှုန်း ပါဝင်တယ်လို့ သိရပါတယ်။

**စကိုင်းနယူးစ်**





# ဘာသာစာပေပေါင်းကူး (၂၀)

## မောင်ခင်မင် (ဓနုဖြူ)

"ပုဂံခေတ်က ကျောက်စာတွေအားလုံး လိုလို အလှူမှတ်တမ်းတွေချည်းပဲလေ။ သမီးသိပါတယ်။ အလှူရှင်တွေက ဘုရားပုထိုးတွေတည်၊ ဘုရားကို ကျွန်တွေ၊ လယ်တွေလှူ၊ သံဃာတော်တွေအတွက် ကျောင်းဆောက်လှူ ပြီးတော့ အဲဒီအလှူတွေကို ကျောက်စာရေးထိုးပြီး မှတ်တမ်းတင်ကြတာ မဟုတ်လား။ အရင်းခံရည်ရွယ်ချက်က အလှူကို မှတ်တမ်းတင်တာပဲလေ။ ဒါပေမဲ့ အလှူမှတ်တမ်းတင်ရင်း အလှူရှင်ရဲ့ စိတ်စေတနာ နှီးကြားလာတာကြောင့် ထင်ပါရဲ့၊ စာပေအရာမြောက်တဲ့ အရေးအဖွဲ့ကလေးတွေ ပါလာတတ်တယ်ကွဲ့"

"ပြောပြပါ ဘာဘ"

"အန္တသူရအမတ်ကြီးက ကုသိုလ်ကောင်းမှုတွေ အကြီးအကျယ်ပြုပြီး ဘုရားဆုတောင်းတယ် မဟုတ်လား။ အဲဒီဘုရားအဖြစ်ကို 'သိစပ်မြင်နှံ့သော'၊ 'သဗ္ဗညုတဉာဏ် ဘုရားဆု' လို့ ရေးတယ်လေ။ 'သိစပ်မြင်နှံ့' ဆိုတဲ့ အသုံးကလေးက ကျစ်ကျစ်လျစ်လျစ်ပဲ အဓိပ္ပာယ်တွေ အများကြီး ပါတယ်လေ။ မြန်မာလဲဆန်တယ်။ တစ်နည်းပြောရရင် 'သဗ္ဗညုတ' ကို 'သိစပ်မြင်နှံ့' လို့ မြန်မာမှုပြုလိုက်တာပေါ့။ အနှံ့အစပ်သိမြင်တဲ့ ဉာဏ်ပေါ့ကွယ်"

"ဟုတ်ကဲ့၊ မှတ်ထားပါ့မယ် ဘာဘ"

"နောက် ညောင်ရမ်းကြီးသမီးရဲ့ အလှူမှတ်တမ်းတင်ကျောက်စာမှာ မကြာခင်က အနိစ္စရောက်သွားတဲ့ သူ့ခင်ပွန်းကကံသူကို ရည်ညွှန်းတဲ့ ဥပမာစကားကလေးရှိတယ်၊ သမီးသိမှာပေါ့"

"ဟုတ်ကဲ့။ 'မိမိအသက်နှင့်တူသော၊ မျက်စိမျက်ဆန်နှင့်တူသော၊ မိမိချစ်စွာသောလင်' လို့ ရည်ညွှန်းထားတာပါ ဘာဘ"

"ကွယ်လွန်သွားတဲ့ သူ့ခင်ပွန်းကို သူ့အသက်လို၊ သူ့မျက်စိလို တန်ဖိုးထားပြီး ချစ်တယ်လို့ ပြောတာလေ။ ခံစားမှုထင်ဟပ်တဲ့ အဖွဲ့ကောင်းကလေးပေါ့ကွယ်"

"ဟုတ်ပါတယ် ဘာဘ။ နောက် သမီးတို့သင်ခဲ့ရတာ စောမင်းလတ် ကျောက်စာထင်တယ်။ 'အဖြစ်အိုမင်းသေခြင်း ကွာသော၊ ရုပ်နာမ်ချုပ်ရာ သာယာစွာသောနိဗ္ဗာန်' လို့ ဖွဲ့ထားတာ မှတ်မိပါတယ်"

"အဖွဲ့ကောင်းတစ်ခုပဲကွဲ့၊ ကာရန်ကလေးနဲ့ ဖွဲ့တာလေ"

"ဇာတိ၊ ဇရာ၊ မရဏကို 'အဖြစ်၊ အိုမင်း၊ သေခြင်း'လို့ မြန်မာမှုပြုထားတာလို့ သင်ခဲ့ရပါတယ် ဘာဘ"

"ပုဂံခေတ်ကုန်ခါနီးမှာ ရေးထိုးတဲ့ သိင်္ဃသူ့သမီးရဲ့ အလှူမှတ်တမ်းကျောက်စာမှာ ဓမ္မစကြာမှာပါတဲ့ ဒုက္ခသစ္စာရဲ့ အဖွင့်ကို သမီးသိမှာပါ။ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဒိပိဒုက္ခော၊ မရဏံပိဒုက္ခံ' ဆိုတဲ့ အပိုဒ်လေ"

"သိပါတယ် ဘာဘ"

"အဲဒီ သိင်္ဃသူ့သမီးရဲ့ မှတ်တမ်းမှာ အဲဒီပါဠိကို မြန်မာဘာသာ ပြန်ထားတာလေ။ 'ဖြစ်သောဆင်းရဲ၊ အိုမင်းသောဆင်းရဲ၊ သေသောဆင်းရဲ၊ မချစ်သောသူနှင့် အတူနေသော ဆင်းရဲ၊ ချစ်သောသူနှင့်ကွေကွင်းသော ဆင်းရဲ၊ လို၍ မရသောဆင်းရဲ'ဆိုပြီး ရိုးရိုးရှင်းရှင်း ပြန်ထားတာ၊ သိပ်ကောင်းတာပဲလေ"

"ဟုတ်ကဲ့ပါ"

"ပြောမယ်ဆိုရင် ပြောစရာတွေ အများကြီးပါပဲ။ သြော်၊ တစ်ခုတော့ ပြောအုံးမယ်။ 'ရှင်ဒိသာပါမောက္ခကျောက်စာ'လေ။ တရုတ်ပြေးမင်းလက်ထက်မှာ မွန်ဂိုတွေ ကျူးကျော်လာတော့ ရှင်ဒိသာပါမောက္ခဆိုတဲ့ ရဟန်းတော်က တရုတ်ပြည်ကိုသွားပြီး မွန်ဂိုဘုရင် ကူဘလိုင်ခန်နဲ့ ဆွေးနွေးတဲ့ အကြောင်းလေ။ မြန်မာပြည်ကို စောင့်ရှောက်ပါ၊ မဖျက်ဆီးပါနဲ့လို့ အဓိပ္ပာယ်ရတဲ့ စကားပဲ။ ဘုရင်ကို ဥယျာဉ်မှူးနဲ့ နှိုင်းပြီးဖွဲ့တာ။ 'ဥယျာဉ်စိုက်သော ယောကျ်ားကား ရေသွန်းလျှာသစ်ပင်ကိုကြီးစေ၏။ အညွန့်မဆိတ်တကား၊ အပင်သီးပြီးသောတည်း အသီးစား၏' တဲ့"

"ကောင်းလိုက်တာနော်"

"ဥယျာဉ်မှူးဆိုတာ အပင်စိုက်ပြီး အပင်ကြီးအောင် ရေလောင်းပေးရပါတယ်တဲ့။ အညွန့်ကို မဖျက်ဆီးရပါဘူးတဲ့။ အသီးတွေ သီးလာတော့ အသီးစားရတာပေါ့တဲ့။ ဘယ်လောက်ကောင်းသလဲကွယ်"

"ဟုတ်ပါတယ် ဘာဘ"

"ဒီတော့ စာပေအဖြစ်ဖွဲ့တာ မဟုတ်ဘဲ၊ မှတ်တမ်းတင်ဖို့ပဲရည်ရွယ်တဲ့ အလှူမှတ်တမ်းတွေမှာလဲ စာပေအာနိသင်ရှိတဲ့ အဖွဲ့ကောင်းတွေ အများကြီးပါတယ်ဆိုတာ ပြောချင်တာပါ"

"ဒီတော့ ဘာဘပြောချင်တာက ဘာသာစကားနဲ့ စာပေဆိုတာ အပြန်အလှန်အထောက်အကူပြုနေတာမို့ အခုဘာဘတို့ ပြောခဲ့ကြတဲ့ 'ဘာသာစာပေပေါင်းကူးအမြင်' နဲ့ ကြည့်ဖို့လိုတယ် ဆိုတာပါ။ ဘာသာစကားနဲ့ စာပေကို ဆက်စပ်မကြည့်ဘဲ တစ်ဖက်တည်းကြည့်ရင် တစ်ခါတစ်ခါ အမြင်တိမ်းစောင်းသွားတတ်တယ်ကွဲ့"

"အဲဒါ ဘာဆိုလိုတာပါလဲ ဘာဘ"

"ဘာဘ သာဓကတစ်ခု ပြောပြမယ်။ တစ်ချိန်တုန်းက တက္ကသိုလ် မြန်မာစာအသိုင်းအဝိုင်းမှာ ပြဿနာတစ်ခု ပေါ်ဖူးတယ်။ 'ကဗျာမှာ ဝါကျရှိလို့လား' ဆိုတဲ့ ပြဿနာလေ"

**"ခုခေတ်မှာ 'ကိုယ်' ဆိုရင် ပြောတဲ့သူက 'ကိုယ်ပြောမယ်' လို့ ကိုယ့်ကိုယ်ကိုယ် ရည်ညွှန်းပြောလေ့ရှိတာလေ။ နားထောင်တဲ့သူကို 'ကိုယ်၊ ကိုယ်တို့' လို့ ပြောလေ့မရှိဘူး မဟုတ်လား။ နည်းနည်းပါးပါး ရှိချင်တော့ ရှိမှာပေါ့။ အင်းဝခေတ်တုန်းကတော့ အဲဒီလိုသုံးတယ်ဆိုတာ ထင်ရှားတဲ့ သက်သေတစ်ခုပေါ့ကွယ်"**

"နားလည်ပါပြီ ဘာဘ"

"နောက်တစ်မျိုးက စာပေထဲမှာ တွေ့ရတဲ့ ဘာသာစကားသက်သေ ဆိုပါတော့။ အင်းဝခေတ် ရှင်မဟာသီလဝံသရဲ့ ပါရာယနဝတ္ထုထဲမှာပါတဲ့ အကြောင်းတစ်ခုပေါ့။ ကာဠုဒါယီဆိုတဲ့ ရဟန်းကြီးက ရှင်သာရိပုတ္တရာကို မချေမငံပြောတယ်။ သြော်…ရဟန်းကြီးက ကာဠုဒါယီနော်၊ ကာလုဒါယီ မဟုတ်ဘူး။ တချို့က ကာဠုဒါယီလို့ မှားပြီးရိုက်တတ်ကြတယ်။ အဲဒီလို ပြောတာကို ဘုရားရှင်ကြားတော့ ရှင်အာနန္ဒာကို အပြစ်ဆိုတယ်။ ပါရာယနဝတ္ထုမှာ ဘယ်လိုရေးသလဲဆိုတော့ 'မထေရ်ကြီးကို ရှင်မိုက် ညှဉ်းဆဲသည်ကို သိလျက်၊ ကြားလျက် ကိုယ်တို့ လျစ်လျူရှုနေတတ်အားစွတကား'တဲ့"

"ဟုတ်ကဲ့၊ မထေရ်ကြီးဆိုတာ ရှင်သာရိပုတ္တရာပေါ့နော် ဘာဘ။ ရှင်မိုက်ဆိုတာက ကာဠုဒါယီပေါ့"

"ဟုတ်တယ်။ အဲဒီလို မထေရ်ကြီးကို ရဟန်းမိုက်က ညှဉ်းဆဲပြောဆိုတာကို သိရက်သားနဲ့ ကိုယ်တို့က လျစ်လျူရှုနေနိုင်လွန်းတယ်လို့ ဆိုလိုတာလေ"

"ဟုတ်ကဲ့"

"အဲဒီမှာ 'ကိုယ်တို့' ဆိုတဲ့ အသုံးကို ပြောချင်တာပါ။ ဘယ်သူက ဘယ်သူ့ကို 'ကိုယ်တို့'လို့ ပြောတာလည်းသမီး"

"ဘုရားရှင်က ရှင်အာနန္ဒာကို ပြောတာပါ ဘာဘ"

"တကယ်တော့ ဘုရားရှင်က မြန်မာစကားနဲ့ ပြောတာမှမဟုတ်တာ။ ရှင်မဟာသီလဝံသက ဘုရားရှင်ပြောပုံကို မြန်မာလိုရေးပြတာလေ။ အဲဒီမှာ ဘာသိရသလဲ"

"သမီး သတိမထားမိပါဘူး ဘာဘ"

"အင်းဝခေတ်မှာ ပြောသူက နားထောင်သူကို 'ကိုယ်' လို့ ရည်ညွှန်းပြောတယ်ဆိုတဲ့ ဘာသာစကားအသုံးကို သိရတာပေါ့ကွယ်"

"သြော်၊ ဟုတ်ကဲ့ပါ"

"ခုခေတ်မှာ 'ကိုယ်' ဆိုရင် ပြောတဲ့သူက 'ကိုယ်ပြောမယ်' လို့ ကိုယ့်ကိုယ်ကိုယ် ရည်ညွှန်းပြောလေ့ရှိတာလေ။ နားထောင်တဲ့သူကို 'ကိုယ်၊ ကိုယ်တို့' လို့ ပြောလေ့မရှိဘူး မဟုတ်လား။ နည်းနည်းပါးပါး ရှိချင်တော့ ရှိမှာပေါ့။ အင်းဝခေတ်တုန်းကတော့ အဲဒီလိုသုံးတယ်ဆိုတာ ထင်ရှားတဲ့ သက်သေတစ်ခုပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ နားလည်ပါပြီ ဘာဘ"

"ဟုတ်ကဲ့"

"ဘာသာစကားကို အထူးပြုဘာသာဗေဒပညာရှင်ဖြစ်တဲ့ ဆရာတစ်ယောက်က 'နတ်ရှင်နောင် ရတုများမှ ဝါကျများကို လေ့လာချက်' ဆိုတဲ့ စာတမ်းရေးဖို့ သူ့တပည့်တွေကို လမ်းညွှန်တယ်။ အဲဒီမှာ တချို့ဆရာတွေက 'ကဗျာမှာ ဝါကျမှမရှိဘဲ၊ 'စကားပြေမှာမှ ဝါကျရှိတာ၊ မဟုတ်တာတွေ လေ့လာခိုင်းရသလား' ဆိုပြီး ပူညံပူညံလုပ်ကြတယ်-ကွဲ့"

"သြော်"

"တကယ်တော့ အဲဒီပူညံပူညံ ဆရာတွေမှာ ဘာဘတို့ပြောနေတဲ့ ဘာသာစာပေပေါင်းကူး အမြင်မရှိတာ-လေ။ သူတို့က ကဗျာမှာစကားပြေကို ဝါကျတွေ ဖြောင့်ဖြောင့်တန်းတန်း မရေးတာတွေ တွေ့နေရလို့ ကဗျာမှာ ဝါကျမရှိဘူးလို့ မှတ်ထားကြတာ"

"သြော်၊ ဟုတ်ကဲ့"

"တကယ်တော့ ကဗျာဖြစ်ဖြစ်၊ စကားပြေဖြစ်ဖြစ် ဝါကျနဲ့မရေးရင် အဓိပ္ပာယ်ရှိတဲ့ စာဖြစ်မလာနိုင်ဘူးလေ။ စာပေဖြစ်အောင် ဘာသာစကားနဲ့ ရေးရတယ်ဆိုတာ သမီးသိမှာပေါ့"

"သိပါတယ် ဘာဘ"

"ဘာသာစကားဆိုတာက စကားလုံးတွေကို ဒီအတိုင်းစုထားတာ မဟုတ်ဘူးလေ။ စကားလုံးတွေကို ဝါကျဖွဲ့ပြီး ပြောရ၊ ရေးရတာမဟုတ်လား"

"ဟုတ်ပါတယ် ဘာဘ"

"ဒီတော့ ဘာသာစကားမှာ ဝါကျဟာ အခြေခံပဲလေ။ ဘာသာစကားမှာ ဝါကျရှိတာ ချည်းပဲပေါ့"

"ဟုတ်ကဲ့"

"ချုပ်လိုက်ရင် ဘာသာစကားမှာ ဝါကျက အခြေခံမို့ ဘာသာစကားနဲ့ဖွဲ့တဲ့ စာပေမှန်သမျှ ဝါကျနဲ့ဖွဲ့ရတာချည်းပဲလေ။ ကဗျာဟာလဲစာပေဖြစ်တဲ့အတွက် ကဗျာကိုလဲဝါကျနဲ့ ဖွဲ့ရတာပေါ့။ ဒါကြောင့် ကဗျာမှာ ဝါကျရှိတယ်ဆိုတာ ထင်ရှားပြီးသားပါ။ တစ်ခုတော့ရှိတာပေါ့။ ကဗျာဝါကျက စကားပြေဝါကျကို ကတ္တား၊ ကံ၊ ကြိယာဆိုတဲ့ အစီအစဉ်အတိုင်း ရေးတာမဟုတ်ဘဲ ကဗျာစာဆိုတွေရဲ့လုပ်ပိုင်ခွင့်အရ အစီအစဉ်ပြောင်းတာတို့၊ မြှုပ်တာတို့ ရှိတာပေါ့ကွယ်။ စာပေသဘော တရားနည်းနာတွေထဲမှာ Poetic Syntax ခေါ်တဲ့ ကဗျာဝါကျဖွဲ့ထုံးကို ပညာရှင်တွေ အစဉ်အဆက် လေ့လာခဲ့ကြတာပေါ့ကွယ်" ။ ။

# ပဲခူးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဇူလိုင် ၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဇူလိုင်လပထမပတ်က တိုင်းဒေသကြီးအဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME) ဖွံ့ဖြိုးတိုးတက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရေး အေဂျင်စီအဖွဲ့(MSME)နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက နိုင်ငံတော်အဆင့်မှာလည်း MSME အဖွဲ့ကို နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့က ဦးဆောင်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအား စိုက်ပျိုးရေးကို အခြေခံပြီး စက်မှုနိုင်ငံတော် တည်ထောင်နိုင်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အလွန်အရေးကြီးကြောင်း၊ နိုင်ငံတော်၏ Myanmar Sustainable Development Plan (MSDP) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ အဆင့်မြှင့်တင်ခြင်းနှင့် ရေရှည်ရပ်တည်နိုင်ရေးတို့အတွက် ချေးငွေရရှိနိုင်ရေးကိုလည်း ထည့်သွင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ရေး အေဂျင်စီအဖွဲ့ (MSME) အဖွဲ့ဝင်များက လုပ်ငန်းမှတ်ပုံတင်ရေး၊ အသင်းဝင်ကတ်ရရှိနိုင်ရေး၊ ချေးငွေထုတ်ချေးနိုင်ရေးတို့ကို အကြံပြုတင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်း ပြောကြားသည်။

**တင်စိုး(ပဲခူး)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း MSME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက် ဆွေးနွေးစဉ်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ပျိုးပင်များကို လက်ခံယူစဉ်။

# ကယားပြည်နယ်ဝန်ကြီးချုပ် မယ်စဲ့မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဇူလိုင် ၃**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင်လပထမပတ်က မယ်စဲ့မြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် (ပြည်ထောင်စု၊ ပြည်နယ်) ရန်ပုံငွေများဖြင့် ဆောင်ရွက်နေသည့် နယ်စပ်ဈေး မီးသွယ်တန်းခြင်းလုပ်ငန်း၊ မြို့နယ် အားကစားကွင်း ပွဲကြည့်စင် အဝင်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း နှင့် ကားပါကင်တည်ဆောက်ခြင်းလုပ်ငန်း၊ မယ်စဲ့- ဟိုစဲ့-ဘီပီ(၁၄) လမ်းပေါ်ရှိ ပေ ၂၀ ကျောက်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းတံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဟိုစဲ့ကျေးရွာခန်းမဆောင်မှ တောင်ပေါ်စေတီသွား လမ်းပေါ်ရှိ ၂၅ ပေ ကျောက်စီကမ်းကပ်ခုံ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဟိုစဲ့မြို့သစ်နှစ်ခြင်းကျောင်း အဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ပေ ၄၀ အမြင့်ရှိ ခေါင်းလောင်းစင် တည်ဆောက်ရန် မတည်ငွေကျပ်သိန်း ၅၀ ထောက်ပံ့ပေးအပ်ခြင်း၊ ဟိုစဲ့-မယ်စဲ့ အမှတ်(၂)လမ်းပေါ်ရှိ ပေ ၂၀ သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဟိုစဲ့ကျေးရွာ ကက်သလစ်ဘုရားကျောင်းဆောင်သစ် တည်ဆောက်ခြင်းလုပ်ငန်း၊ အ ထ က(ဟိုစဲ့) ကျောင်းဆောင်သစ် တည်ဆောက်ခြင်းလုပ်ငန်း၊ မယ်စဲ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ခြင်း လုပ်ငန်း၊ မယ်စဲ့- ဟိုစဲ့ အမှတ်(၁) လမ်းပေါ်ရှိ လမ်းဖြတ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခြောက်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်း၊ မန်းဘခိုင်လမ်း ကျောက်စီရေမြောင်း ပလက်ဖောင်းနှင့် လမ်းဖြတ်တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး တည်ဆောက်ခြင်းလုပ်ငန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရိပ်သာဟောင်း မြေကာနံရံတည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပြည်နယ်သစ်တောဦးစီးဌာနမှ ရနံ့မွှေးပင်နှင့် ပန်းအလှပျိုးပင်များ ပေးအပ်

**တောင်ကြီး ဇူလိုင် ၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် သစ်တောဦးစီးဌာနက ဇူလိုင်လပထမပတ်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အစိုးရရုံး၌ ရနံ့မွှေးပင်နှင့် ပန်းအလှပျိုးပင်များ ပြည်နယ်အစိုးရအဖွဲ့သို့ ဖြန့်ဝေပေးအပ်သည်။

ရနံ့မွှေးသည့် ပန်းပွင့်သော သစ်မျိုး သုံးမျိုးနှင့် အဖြူရောင်၊ အဝါရောင်၊ အနီရောင်၊ အပြာရောင် စသည်ဖြင့် ရောင်စုံပန်းပွင့်သည့် သစ်မျိုး ၁၀ မျိုး စုစုပေါင်း သစ်မျိုး ၁၃ မျိုး၊ ပျိုးပင် ၂၀၀ ကို ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာ ညီညီအောင်နှင့် ပြည်နယ်သစ်တော ဦးစီးဌာနမှ တာဝန်ရှိသူများက ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ် ဝန်ကြီးများက လက်ခံယူကြသည်။

နှစ်စဉ်ဇူလိုင်လ ပထမပတ်၏ စနေနေ့ကို ရှမ်းပြည်နယ်သစ်ပင် စိုက်ပျိုးရေးနေ့အဖြစ် ၂၀၁၉ ခုနှစ်တွင် စတင်သတ်မှတ် ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ရှမ်းပြည်နယ် သစ်ပင်စိုက်ပျိုးရေးနေ့တွင် ယခင်နှစ်ကဲ့သို့ လူစုလူဝေး အခမ်းအနားဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် ကိုဗစ်-၁၉ ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မိသားစုအလိုက်၊ တစ်ဦးချင်းအလိုက် သစ်ပင်များ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လယ်ယာကဏ္ဍစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယင်းမာပင်မြို့နယ်ရှိ တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

**ယင်းမာပင် ဇူလိုင် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် လယ်ယာကဏ္ဍစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစီမံကိန်း (ADSP Project) အစီအစဉ်ဖြင့် လည်ငေါက်ကျေးရွာရှိ မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့နှင့်ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က လည်ငေါက်ကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာ (KC) စခန်း၌ ပြုလုပ်သည်။



မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးပွဲ အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်တို့က အမှာစကား ပြောကြားပြီး လည်ငေါက်ကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာစခန်းတာဝန်ခံ ဦးမျိုးဆွေက တောင်သူများအား နည်းပညာပြန့်ပွားရေးစင်တာမှ လယ်ယာစိုက်ပျိုးရေးနည်းပညာများ ပညာပေးဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်မေရီတို့က ပေးအပ်ပြီး နည်းပညာပြန့်ပွားရေးစင်တာစခန်းတွင် တောင်သူပညာပေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြသည်။ (ဓါပုံ)

**သန်းဌေးအောင်(ကနီ)**

## (၇၃)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပုသိမ် ဇူလိုင် ၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် (၇၃)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဇူလိုင်လပထမပတ်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေး၌ တက်ရောက်လာသူများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းများ ဆောင်ရွက်ရန် ဆွေးနွေးတင်ပြကြသည်။ အစည်းအဝေးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီးဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြစ်သော ဟိုတယ်လုပ်ငန်းလိုင်စင် တစ်ခု၊ တည်းခိုရိပ်သာ လိုင်စင် သုံးခုတို့ကို အတည်ပြုခွင့်ပြုပေးခဲ့

**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်တိုင်းဒေသကြီး၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ (၄/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ဇူလိုင် ၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၄) ၌ ကျင်းပသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမှာစကားပြောကြားရာတွင် ယခု ကိုဗစ်-၁၉ ကာလမှာ ခရီးသွားလုပ်ငန်းများအတွက် အခက်အခဲဖြစ်ပေါ်နေသည့်ကာလဖြစ်ကြောင်း၊ မိမိတို့ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအနေဖြင့်လည်း ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်မည့်အချိန်တွင် ကော်မတီအနေဖြင့် ဆောင်ရွက်ပေးရန်လိုအပ်သည်များကိုဆွေးနွေး၍ အကောင်အထည်ဖော်ပေးရန် လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဝင်ထွက်ပေါက်များ ဖွင့်လှစ်လိုက်ပါက ဝင်ရောက်လာသူများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များကိုလိုက်နာ၍ အသွားအလာကန့်သတ်ထားရှိနိုင်ရေးကြိုတင် စဉ်းစားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း ခရီးသွားများအတွက် နေ့ချင်းပြန်ခရီးစဉ်များကိုလည်း ဖန်တီးပေးနိုင်ရေး ဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက အစီအစဉ်များအတိုင်း ဆက်လက်ရှင်းလင်းတင်ပြခဲ့ပြီး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြစ်သော ဟိုတယ်လုပ်ငန်းလိုင်စင် တစ်ခု၊ တည်းခိုရိပ်သာ လိုင်စင် သုံးခု၊ စုစုပေါင်း အခန်း (၈၃) ခန်း၊ ဟိုတယ်တည်ဆောက်ခွင့် နှစ်လုံး၊ တည်းခိုရိပ်သာ တစ်လုံးတို့ကို အတည်ပြုခွင့်ပြုပေးခဲ့ပြီး ဟိုတယ်/တည်းခိုရိပ်သာ လုပ်ငန်းအတွက် ခွင့်ပြုမတည်ငွေနှင့် ရင်းနှီးငွေပမာဏ စုစုပေါင်းမှာ ကျပ်သန်း ၁၀၁၃၀ ဖြစ်သည်။ အတည်ပြုပေးခဲ့သော လုပ်ငန်းလိုင်စင်အားလုံးမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၂ ဦးအတွက် ဖန်တီးပေးနိုင်မည်ဖြစ်သည်။ လိုင်စင်ဆိုင်ရာကိစ္စရပ်များ အတည်ပြုပေးပြီးနောက် ဆက်လက်၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ စီမံဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။

ကျင်းပပြီးစီးခဲ့သည့် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၀) မှ (၄/၂၀၂၀) အထိ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအနေဖြင့် ဟိုတယ်လုပ်ငန်းလိုင်စင် ၁၇ လုံး၊ အခန်း ၁၃၇၀၊ ဟိုတယ်



တည်ဆောက်ခွင့် ၁၁ လုံး၊ တည်းခိုရိပ်သာတည်ဆောက်ခွင့် နှစ်လုံး၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင် (ပြည်တွင်း/ပြည်ဝင်) ၁၃၇ ခုကို အတည်ပြုခွင့်ပြုပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ်အတွင်း ဟိုတယ်နှင့် တည်းခိုရိပ်သာကဏ္ဍတွင် စုစုပေါင်း မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု မတည်ငွေနှင့် ရင်းနှီးငွေပမာဏ စုစုပေါင်းမှာ ကျပ်သန်း ၇၁၅၉၇ ဒသမ ၁ နှင့် အမေရိကန် ဒေါ်လာ ၃၈ ဒသမ ၈၆၅ သန်းဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၂၂၀ အတွက် ဖန်တီးပေးနိုင်ခဲ့သည်။

**သတင်းစဉ်**

# ရွှေညောင်၊ ညောင်ရွှေမြို့ရှိ ကုန်တင်ကုန်ချလုပ်သားများ၊ အနှေးယာဉ်၊ လက်တွန်းလှည်း လုပ်သားများနှင့် စက်လှေလုပ်သား အခြေခံပြည်သူများသို့ စားနပ်ရိက္ခာများ ဆက်လက်ထောက်ပံ့လှူဒါန်း

**တောင်ကြီး ဇူလိုင် ၃**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းငွေနှင့် ဦးနေမျိုး၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်း၊ အကြီးတန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးညီမြင့်နှင့် ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီဝင်များနှင့် ပရဟိတအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ရွှေညောင်၊ ညောင်ရွှေမြို့ရှိ ကုန်တင်ကုန်ချလုပ်သားများ၊ အနှေးယာဉ်၊ လက်တွန်းလှည်း လုပ်သားများနှင့် စက်လှေလုပ်သား အခြေခံပြည်သူများ လက်ဝယ်အရောက် စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့လှူဒါန်းသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အေးသာယာမြို့ရှိ ရွှေတောင်တန်း ပရဟိတဂေဟာသို့ ရောက်ရှိပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၃၀၀ တို့အား စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင်



ငွေကျပ် ၁၀၀၀၀ စီတို့ကို လှူဒါန်း၍ ကမ္ဘောဇဘဏ် နာယကက အဆိုပါ ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာတော်ထံ အလှူငွေကျပ်သိန်း ၃၀၀ ကို ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေညောင်ဘူတာသို့ ရောက်ရှိပြီး ကုန်တင်ကုန်ချလုပ်သား ၈၀ နှင့် အခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များ၊ ဗီတာမင်စီ အချိုရည်ဘူးများနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီတို့ကိုလည်းကောင်း၊ ညောင်ရွှေမြို့ အင်းလေးလှေဆိပ်သို့ ရောက်ရှိပြီး စက်လှေလုပ်သား ၃၀၀ နှင့် အခြေခံပြည်သူများအား စားနပ်ရိက္ခာထုပ်များနှင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ တို့ကိုလည်းကောင်း လက်ဝယ်အရောက် ပေးအပ်လှူဒါန်းသည်။

ထို့နောက် ညောင်ရွှေမြို့ မေတ္တာမွန် ပရဟိတဂေဟာသို့ သွားရောက်ရှိပြီး ရှမ်း၊ အင်း၊ ပအိုဝ်း၊ ကယန်း၊ ကယားတိုင်းရင်းသား ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၆၅ ဦးတို့အား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီတို့ကို ထောက်ပံ့ပေးအပ်သည့်အပြင် ကမ္ဘောဇဘဏ်နာယကက အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာသနာ့ရောင်ခြည် ပရဟိတကျောင်းသို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူ ၆၀ တို့အား စားနပ်ရိက္ခာထုပ်များနှင့် ငွေကျပ် ၁၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကာ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်း က အဆိုပါ ပရဟိတကျောင်းအတွက် အလှူငွေကျပ် သိန်း ၁၀၀ ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး၊ ကုသရေး၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် KBZ MS General Insurance ၊ KBZ Life ၊ Myanmar Airways International MAI နှင့် Air KBZ တို့နှင့် လက်တွဲ၍ ဖေဖော်ဝါရီ ၂၆ ရက်မှ ယနေ့အချိန်အထိ ငွေကျပ်သိန်းပေါင်း ၅၂၈၂၀ လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

**စိုးညွန့်ရွှေ (ပြည်နယ် ပြန်/ဆက်)**

❀ *ကျောဖုံးမှ*

ပါဝင်ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ရာသီတွင် ဒဏ်ရာများကြောင့် အနားယူခဲ့ရသူဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်း အမှုဆောင်အရာရှိချုပ်ဖြစ်သူ ကားလ်ဟိန့်ဇ်ရူမင်နစ်ဂီက ''ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က အကောင်းဆုံးဂျာမန်ကစားသမားများကို ဘိုင်ယန်မြူးနစ်အသင်းမှာ စုစုစည်းစည်း ဖြစ်စေချင်လို့ပါ၊ အဲဒါကြောင့် လီရွိုင်းဆာနေးကို ခေါ်ယူလိုက်ခြင်းဖြစ်ပါတယ်''ဟု ပြောသည်။

၎င်းသည် မန်စီးတီးအသင်းအတွက် ၁၃၅ ပွဲ ပါဝင်ကစားထားပြီး ၃၉ ဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။ သို့သော်လည်း ဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးတစ်ရာသီလုံးနီးပါး လွဲချော်ခဲ့ရသူဖြစ်သည်။ အဆိုပါဒဏ်ရာကို ပြီးခဲ့သည့်နှစ် ဩဂုတ်လတွင် ကွန်မြူနတီဒိုင်းအဖြစ် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ရရှိခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။ ဆာနေး (၂၄ နှစ်) သည် ယမန်နေ့က ဆေးစစ်မှုအောင်မြင်စွာခံယူခဲ့ပြီးနောက် မြူးနစ်တွင် ရှိနေခဲ့ခြင်းဖြစ်၍ လေ့ကျင့်ရေးကွင်းတွင် အသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံကြောင်း သိရသည်။ ၎င်းသည် ဘိုင်ယန်မြူးနစ်အသင်းတွင် တစ်နှစ် ၁၉ ဒသမ ၈ သန်းနှင့် တစ်ပတ်လုပ်ခလစာပေါင် ၃၈၅၀၀၀ ရရှိဖွယ်ရှိနေသည်။

**အောင်ဇော်**

## မူးယစ်ဆေးဝါးပပျောက်ရေး ပညာပေးဟောပြော

**မန္တလေး ဇူလိုင် ၃**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်ကျေးရွာ၌ မူးယစ်ဆေးဝါး ရောင်းဝယ်/သုံးစွဲမှုများ ပပျောက်စေရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး သိကောင်းစရာများကို ပြည်သူများသိရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲတစ်ရပ်ကို ဝမ်းတွင်းမြို့နယ် ရွှေတောင်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ယဉ်ထွေး ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ဇွန် ၃၀ ရက်က ပြုလုပ်ခဲ့ပြီး ဟောပြောပွဲသို့ ကျေးရွာနေ ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သွန်းဝသန်**

# ထန်းတပင်မြို့နယ်တွင် KOICA အထောက်အပံ့ဖြင့် သီးနှံမျိုးစေ့ထုပ်များ ပေးအပ်

**ထန်းတပင် ဇူလိုင် ၃**

ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ KOICA ၏ အထောက်အပံ့ဖြင့် SAEM စီမံကိန်းဆောင်ရွက်လျက်ရှိသော ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ (Home Gandening) ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစေ့ထုပ်များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂ ရက်က ကျင်းပသည်။ အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဦးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကိုကိုစိုးက KOICA ၏ အထောက်အပံ့ဖြင့် သီးနှံမျိုးစေ့ထုပ်များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက တက်ရောက်လာသော ဒေသခံတောင်သူများအား သီးနှံမျိုးစေ့ထုပ်များကို ပေးအပ်ခဲ့သည်။

**ကိုလွင် (ဆွာ)**

# ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်မှ ထောက်ပံ့ငွေများ အိမ်တိုင်ရာရောက်ပေးအပ်

**သီပေါ ဇူလိုင် ၃**

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်ကြသော ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစားအိမ်ထောင်စုများသို့ နိုင်ငံတော်မှ ပေးအပ်မည့် ထောက်ပံ့ငွေများ ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်ဦး၊ လမ်းဦးစီးဌာနမှူး ဒေါ်ပိုးအိအိစိုး၊ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် တာဝန်ရှိသူများ အိမ်တိုင်ရာရောက်အဖွဲ့ ခြောက်ဖွဲ့ခွဲကာ သွားရောက်ပေးအပ်ကြောင်း သိရသည်။

ထိုသို့အမှန်တကယ်လိုအပ်သည့် ပုံမှန်ဝင်ငွေမရှိသော ကျေးရွာအုပ်စုများဖြစ်သော ပန်မိတ်ကျေးရွာအုပ်စုမှ အိမ်ထောင်စုပေါင်း ၅၀၊ ဆောင်ကြဲ ၉၄ စု၊ ထွန်ကျိုင်း ၂၃ စု၊ နောင်တုံ ၁၉ စု၊ ပန်ဆန်း ၄၄ စု၊ ပြိန်းညောင် ၁၃ စု၊ တိုအွန် ၁၅ စု၊ မန်မော် ၅၁ စု၊ ဆင်ကျော့ ၁၂ စု၊ နားတောင့် ၁၃ စု၊ ဆွတ်တုံ ၁၆ စု၊ ကောင်းကော် ၁၉ စု၊ မိုင်းလာ ၂၂ စု၊ ကောင်းခံ ၂၀ အိမ်ထောင်စုများမှ အိမ်ထောင်စုပေါင်း ၄၁၆ စုတို့ကို တစ်အိမ်ထောင်လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၆၂၄၀၀၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**စိုင်း (သီပေါ)**

# MMA အားကစားလောကအတွက် ဂုဏ်သိက္ခာမြင့်မားသည့် World MMA Awards ၏ တစ်နှစ်တာ နိုင်ငံတကာအကောင်းဆုံးကစားသမားဆု ပဏာမဆုစာရင်းတွင် အောင်လအန်ဆန် ပါဝင်

ရန်ကုန် ဇူလိုင် ၃

ONE ဝိတ်တန်းနှစ်ခု ချန်ပီယံ မြန်မာ MMA ကစားသမား အောင်လအန်ဆန်သည် MMA အားကစားလောကတွင် ဂုဏ်သိက္ခာမြင့်မားသည့် World MMA Awards ၏ တစ်နှစ်တာ နိုင်ငံတကာ အကောင်းဆုံးကစားသမားဆု ပဏာမ စာရင်းတွင် ပါဝင်နေသည်။

ယင်းဆုများကို Fighter Only မဂ္ဂဇင်းက ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ပြီး ပရိသတ်များ၏ မဲဆန္ဒဖြင့် ရွေးချယ်ခြင်းဖြစ်သည်။ ယခုနှစ်တွင် ဆုအမျိုးအစားပေါင်း ၂၂ မျိုး ထည့်သွင်းချီးမြှင့်မည်ဖြစ်ကာ အောင်လအန်ဆန် ပဏာမစာရင်းတွင် ပါဝင်နေသည်။ တစ်နှစ်တာ နိုင်ငံတကာအကောင်းဆုံး ကစားသမားဆု (International Fighter of the Year) အပါအဝင် အကောင်းဆုံးကစားသမား အမျိုးသားဆု၊ အမျိုးသမီးဆု၊ နည်းပြဆု၊ လေ့ကျင့်ဖော်ဆု၊ အကောင်းဆုံးပွဲဆု၊ မထင်မှတ်သည့်အနေအထားမှ ပြန်လာပြီး အနိုင်ရခဲ့သူဆု စသည့်ဆုများ ပါဝင်နေသည်။ အောင်လအန်ဆန် ပါဝင်နေသည့် တစ်နှစ်တာ နိုင်ငံတကာ အကောင်းဆုံး ကစားသမားဆု၏ ပဏာမစာရင်းတွင် UFC နာမည်ကြီး ဖိုက်တာများ ပါဝင်နေပြီး အဒီဆန်ညာ၊ အူစမန် စသည့်နာမည်ကြီးကစားသမားများအပါအဝင် အမျိုးသမီး ဖိုက်တာများဖြစ်သည့် ဝေလီကျန်၊ ရှက်ချင်ကိုတို့ ပါဝင်နေသည်။

အောင်လအန်ဆန်သည် ၂၀၁၉ ခုနှစ်က ဆွတ်ခူးရရှိခဲ့သည့် တစ်နှစ်တာ နိုင်ငံတကာအကောင်းဆုံး ကစားသမားဆုစာရင်းတွင် နှစ်နှစ်ဆက်တိုက်ပါဝင်လာခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်က နာမည်ကြီးကစားသမား ခါဘစ်ကိုကျော်ဖြတ်ကာ ရယူနိုင်ခဲ့သလို ယခုနှစ်တွင်လည်း ထပ်မံရယူနိုင်ရန် မျှော်လင့်ချက်ရှိနေသည်။ အောင်လအန်ဆန်အား မဲပေးလိုသူများအနေဖြင့် https://www.worldmmaawards. com/ nominees/ တွင်မဲပေးနိုင်မည်ဖြစ်သည်။ အောင်လအန်ဆန်သည် ပြီးခဲ့သည့်နှစ်တွင် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုနှင့် တစ်နှစ်တာ နိုင်ငံတကာ အကောင်းဆုံးကစားသမားဆုတို့တွင် ပဏာမစာရင်း၌ပါဝင်ခဲ့ပြီး တစ်နှစ်တာ နိုင်ငံတကာ အကောင်းဆုံးကစားသမားဆုကို ရယူနိုင်ခြင်းဖြစ်သည်။

ဆုချီးမြှင့်ပွဲကို ကိုဗစ်-၁၉ ရောဂါကြောင့် အောက်တိုဘာလသို့ ရွှေ့ဆိုင်းထားပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇွန် ၃၀ ရက်အထိ ကျင်းပသည့်ပြိုင်ပွဲများမှ စွမ်းဆောင်ရည်နှင့် ရလဒ်များကို တွက်ချက်မည်ဖြစ်သည်။ အောင်လအန်ဆန်သည် ယခုနှစ်တွင် ပြိုင်ပွဲများ ယှဉ်ပြိုင်ရခြင်း မရှိသေးဘဲ ၂၀၁၉ ခုနှစ်တွင် ပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ခဲ့ရာ နှစ်ပွဲစလုံး အနိုင်ရခဲ့သည်။ အောင်လအန်ဆန်သည် မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲတွင် ဂျပန်နိုင်ငံသား ဟာဆဲဂါဝါ၊ လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲတွင် ဖိလစ်ပိုင်နိုင်ငံသား ဘရန်ဒန်ဗီရာတို့ကို အနိုင်ရခဲ့သည်။



**ညီမြတ်သော်တာ**

# ကျိုင်းတုံမြို့၌ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်စတင်သုံးစွဲ

ကျိုင်းတုံ ဇူလိုင် ၃

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့က ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်မှ ဖြန့်ဖြူးပေးသည့် လျှပ်စစ်ဓာတ်အားကို ဇွန် ၂၇ ရက်မှစတင်ပြီး ၂၄ နာရီ ရရှိသုံးစွဲလျက်ရှိသည်။



ယခင်က ကျိုင်းတုံမြို့ကို ဒီဇယ်မီးစက်များအသုံးပြု၍ အချိန်ပိုင်းလျှပ်စစ်မီးဖြန့်ဖြူးပေးရာမှ ပြည်သူလူထု ဓာတ်အားသုံးစွဲမှုများပြားလာသည့်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း(ကျိုင်းတုံမြို့)နှင့် စွမ်းအင်ကုမ္ပဏီတို့က ရေအားလျှပ်စစ်စက်ရုံများ တိုးချဲ့တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခဲ့ရာ ၂၄ နာရီ လျှပ်စစ်မီးမရရှိခဲ့သော်လည်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာ အထောက်အကူ ဖြစ်စေခဲ့ကြောင်း သိရသည်။

ယခုအခါ ကျိုင်းတုံမြို့အား လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရာတွင် ဓာတ်အားခွဲရုံ(၁)ကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ကျိုင်းတုံမြို့မှ ကြီးကြပ်တာဝန်ယူ ဖြန့်ဖြူးမည်ဖြစ်ကာ ဓာတ်အားခွဲရုံ(၂)ကို ကျိုင်းတုံ စွမ်းအင်ကုမ္ပဏီက ဆက်လက်တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့တွင် နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် ၂၄ နာရီ လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဖြူးပေးလျက်ရှိရာ အစိုးရ၏ ဓာတ်အားခ နှုန်းထားအတိုင်း မီတာခ ပေးဆောင်ရမည်ဖြစ်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းအတွင်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေကျပ် ၆၂ ဒသမ ၃၁ ဘီလီယံ အကုန်အကျခံ သုံးစွဲခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်**

(ပြန်/ဆက်)

# ပေါင်မြို့နယ် ကတိုက်ရေလှောင်တမံ မြောင်းအလိုက် ဆည်ရေအသုံးချသူများဖွဲ့စည်း

ပေါင် ဇူလိုင် ၃

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ ကတိုက်ရေလှောင်တမံ တူးမြောင်းမကြီးမှ ဆည်ရေသောက် တောင်သူများအား ရေအသုံးချသူများအဖွဲ့ဖွဲ့စည်းခြင်းကို ယမန်နေ့က အင်းမြောင်ကျေးရွာအုပ်စု ဖြူဘကျေးရွာ စာသင်ကျောင်း၌ ပြုလုပ်ခဲ့သည်။

ဆည်မြောင်းနှင့် ရေစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆) မှ ဦးစီးအရာရှိ ဦးတင်ဝင်းလှိုင်က ပူးပေါင်းပါဝင်သောဆည်မြောင်းစနစ်ကို အကောင်အထည်ဖော်သည့်လုပ်ငန်းများတွင် တောင်သူများ နားလည်သဘောပေါက်ကာ ပူးပေါင်းပါဝင်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ယခုကဲ့သို့ ရေအသုံးချသူအဖွဲ့ကိုဖွဲ့စည်းရခြင်းဖြစ်ကြောင်း၊ အကျိုးကျေးဇူးအနေဖြင့် တောင်သူအားလုံး ရေကိုအဆင်ပြေစွာရယူနိုင်ခြင်း၊ တောင်သူအချင်းချင်း အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ဆည်မြောင်းထိန်းသိမ်းရေးစနစ်များ ပိုမိုကောင်းမွန်ခြင်းအပြင် ရေလေလွင့်ဆုံးရှုံးမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော တောင်သူများ၏ မေးမြန်းမှုများအား ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားသည်။ ကတိုက်ရေလှောင်တမံ ဆည်ရေသောက်ဧရိယာအတွင်း ဇွန် ၂၉ ရက်အထိ ရေအသုံးချသူများအဖွဲ့ ၁၇ ဖွဲ့ကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သန်းလွင်**


### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/1217 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး (မိတ္ထီလာ)**

### အမည်မှန်

ဟသ်ာတမြို့နယ်၊ မဒေါ့တလုတ်ကုန်းကျေးရွာအုပ်စု၊ တောင်သလဲကျေးရွာနေ ဦးမြင့်ကြည်၏ သမီး မလင်းရွှေဇင် ၁၄/ ဟသတ(နိုင်)၃၃၀၆၅၉ ၏ အမည်မှန်မှာ မလင်းရွှေစင် ဖြစ်ပါသည်။ **မလင်းရွှေစင်**

### မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တက္ကသိုလ်နတ်စင်လမ်းနေ ဦးတင်အောင်နှင့် ဒေါ်အေးကျင်တို့၏သမီး၊ ဒေါ်ခင်စောမြင့် ၁၄/ဝခမ(နိုင်)၂၂၁၁၆နှင့် စန္ဒဝတ်ကျေးရွာအုပ်စု၊ ကျောက်ဖြူတောင်ရွာ၊ တောင်ကုန်းပိုင်ရပ်ကွက်နေ ဦးထွန်းမြတ်နှင့် ဒေါ်ကြည်တို့၏သား ဦးချစ်ဦး ၁၄/မမက(နိုင်)၀၇၅၆၀၆တို့သည် ကျွဲကူးရပ်ကွက်အုပ်ချုပ်ရေးမှူးထံ၌ ၂၁-၁-၂၀၁၈ရက်တွင် နှစ်ဦး သဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ကွာရှင်းပြတ်စဲပြီးဖြစ်သည့်အတွက် ကျွန်မဒေါ်ခင်စောမြင့်နှင့် ဦးချစ်ဦးသည် လုံးဝပတ်သက်သက်ဆိုင်မှုမရှိတော့ပါသဖြင့် ဦးချစ်ဦးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသည့် မည်သည့်ကိစ္စမဆို ကျွန်မ ဒေါ်ခင်စောမြင့်နှင့် လုံးဝမသက် ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စောမြင့်**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်ကျော်ဦး ၆/မမန(နိုင်)၂၀၃၆၆၉၏ ဒုတိယတန်း စက်ခန်းအုပ်လက်မှတ်အမှတ် စမဒ- ၄၁၉/၂၀၁၈ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၂၁၉၅၆၈၀**

### ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးချစ်ဆန်းမောင် ၆/သရခ(နိုင်)၁၀၄၂၅၈၏ ဒုတိယတန်း စက်ခန်းအုပ်လက်မှတ်အမှတ် စမဒ- ၁၅၉/၂၀၁၈မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၀၁၉၀၇၃၇**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ငါးသိုင်းချောင်းမြို့၊ ရှေ့ဆောင်ရပ်ကွက်၊ သရက်ကုန်းလမ်းနေ ဦးကျော်ဇေယျဝင်း-ဒေါ်ဇင်မာစိုးတို့၏သား မောင်အံ့ဘုန်းခန့် ၁၄/ ရကန(နိုင်)၁၈၁၁၉၃ သည် မိဘများ၏ ဆိုဆုံးမ စကားကို မနာခံဘဲ ၎င်းဆန္ဒအလျောက် နေအိမ်မှ ထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့် ဖြစ်ပေါ်လာမည့် ကိစ္စအဝဝကို လုံးဝ (လုံးဝ)တာဝန်မယူကြောင်းနှင့် လာရောက်နှောင့်ယှက်ပါက ဥပဒေအရ အရေးယူပါမည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**ဦးကျော်ဇေယျာဝင်း**
**၉/မလန(နိုင်)၁၀၄၄၇၀**

### ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ တိုးချဲ့(၁) မဇင်း၊ ဦးပိုင်အမှတ် (၆၅၅)၊ ဧရိယာ ဝဒသမ ၂၃၅ ဧကအား ဦးသံဝရ(ဘုရင့်နောင် ကမ္မဋ္ဌာန်းကျောင်း) အမည်ဖြင့် မြေပေးမိန့် လျှောက်ထားမည်ဖြစ်သည့်အတွက် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် အောက်ဖော်ပြပါ ကာယကံရှင်ထံသို့ လာ ရောက် ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**ဦးသံဝရ**
**ဘုရင့်နောင်ကမ္မဋ္ဌာန်းကျောင်းတိုက်**
**ပဲခူးမြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/2184 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်းအများသိစေရန်ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ပြင်ဆင်ဖတ်ရှုပါရန်

၃-၇-၂၀၂၀ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၇) အများသိစေရန် ကြော်ငြာတွင် မြောက်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ခ အစား စ ဟုလည်းကောင်း၊ (ခ)ရပ်ကွက်အစား (စ)ရပ်ကွက်ဟုလည်းကောင်း၊ မြေငှားစာချုပ် မဥ/ခ-၂၈၃ (၁၈-၉-၉)အစား မဥ/စ-၂၈၃(၁၈-၉-၉)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8H/3595KH/TTAYAR Z/T (KTR-003)P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသက်တင် ၁၂/ဥကမ(နိုင်) ၂၃၅၇၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

### ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-မြို့သစ်-ဂ၊ မြေကွက်အမှတ် ၂၃၄/ခ၊ ဧရိယာ ၁၂၀၀ဝ/ပ၊ မြေကွက် တည်နေရာအမှတ် ၂၃၄/ခ၊ ပိတောက် လမ်း၊ မြို့သစ်(ဂ)ရပ်ကွက်၊ အင်းစိန်မြို့နယ် ဦးစိုးညွန့် ၁၂/ကမတ(နိုင်) ဝ၄၆၄၄၄၊ ဒေါ်ခင်သန်းမြင့် ၁၂/ ကမတ (နိုင်) ဝ၄၆၃၆၃ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား ရန်ကုန်မြောက်ပိုင်း ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၁၈/ ၂၀၁၉ ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ် စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု ၂၆-၁၁-၂၀၁၉ ရက်စွဲပါ တရားရုံးစီရင်ချက်နှင့် ဒီကရီ၊ တရားမဇာရီမှုအမှတ် ၁/၂၀၂၀ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်လိုက်သည့် ၂၈-၁-၂၀၂၀ ရက်စွဲပါ တရားရုံး နေ့စဉ်မှတ်တမ်းနှင့် ထုံးပုံကျအပြီးသတ်အမိန့်၊ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးမှ ဒေါ်မေမိုး သီရိအား ဘီလစ်ခန့်အပ်ကြောင်း ၂၈-၁-၂၀၂၀ရက်စွဲဖြင့် ဌာနသို့ အကြောင်းကြားစာ ၊ အမည်ပေါက်၏ နှစ်(၆၀) မြေငှားစာချုပ်ဂရန် တင်ပြပြီး ဘီလစ်ဒေါ်မေမိုးသီရိ ၁၂/အစန(နိုင်)၂၃၉၁၈၄မှ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၂၀)
### ပဲခူးမြို့နယ်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၂၁၇

ဒေါ်မိမိခိုင် **နှင့်** ၁။ ဒေါ်စောမြင့်ထွေး၊ ၂။ ဦးအောင်ထွန်းမြင့်၊ ၃။ ဦးအောင်ထွန်းဖြူ ၄။ ကိုစောတင်အောင်ဖြူ

တရားလို တရားပြိုင်များ

မိုးညှင်းမြို့နယ်၊ နတ်မွန်ရုံကျေးရွာရပ်နေ ဦးအောင်ထွန်းမြင့်(ဘ)ဦးစောထွန်း သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မိမိခိုင်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ပြည့်နှစ် ဇူလိုင် ၁၄ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါတရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(ထက်ကိုဌေးလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပဲခူးမြို့နယ်တရားရုံး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/2211 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7J/2469 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက် ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/1977 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/41011 Honda Dream-100 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၉/သစန(နိုင်)၀၁၂၅၅၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/6383 Nissan Diesel ,Dmp Truck ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်နုရီ ၁၂/မရက(နိုင်) ၁၁၇၄၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံးခွဲ (ရန်ကုန်)**

# COVID-19 ကြောင့် ထိခိုက်နစ်နာမှုရှိနေသော လုပ်ငန်းများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီ ဆက်လက်ပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်မှ COVID-19 Fund သို့ ကျပ် (၁၀၀) ဘီလီယံ ထပ်မံဖြည့်တင်းပေးမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ကြေညာချက်အမှတ် (၂/၂၀၂၀)
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်
၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်

၁။ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော Coronavirus Disease 2019 (COVID–19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၀) ၏ ဆုံးဖြတ်ချက်အရ COVID–19 ကြောင့် ထိခိုက်နစ်နာမှု ရှိနေသော လုပ်ငန်းများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီ ဆက်လက်ပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်မှ COVID–19 Fund သို့ ကျပ် (၁၀၀) ဘီလီယံ ထပ်မံဖြည့်တင်းပေးမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် အောက်ပါတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါသည် –

(က) ပြည်ထောင်စု၏ ၂၀၁၉–၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံရန်ပုံငွေမှ ကျပ် (၁၅၀) ဘီလီယံကို အောက်ပါအတိုင်း လွှဲပြောင်းထုတ်ပေးပါမည်–

(၁) COVID–19 Fund သို့ ကျပ် (၁၀၀) ဘီလီယံ ဖြည့်တင်းရန်၊

(၂) COVID–19 Fund စတင် တည်ထောင်စဉ်က ထည့်ဝင်ထားသော လူမှုဖူလုံရေး အဖွဲ့ရန်ပုံငွေမှ ကျပ် (၅၀) ဘီလီယံကို လူမှုဖူလုံရေးအဖွဲ့ရန်ပုံငွေသို့ ပြန်လည်ပေးအပ်ရန်၊

စာမျက်နှာ ၆ ကော်လံ ၁ ■




# ဖိလစ်ပိုင်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် ဇူလိုင် ၃

ပြည်ပမှ COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုအန္တရာယ် တို့မှ ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပျံသန်းသည့် ခရီးစဉ်များ ယာယီရပ်ဆိုင်းမှုကြောင့် ဖိလစ်ပိုင်နိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ပြန်ရန် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅ ဦးနှင့် Carnival အပျော်စီးသင်္ဘောလိုင်း၏ Conquest၊ Dream၊ Holland America သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာသင်္ဘောသားအမှုထမ်း ၁၁၀ စုစုပေါင်း ၁၂၅ ဦးအား အဆိုပါသင်္ဘောကုမ္ပဏီနှင့် မြန်မာသံရုံးတို့၏

စာမျက်နှာ ၈ ကော်လံ ၅ ◆

# ဝက်ကူးစက်ရောဂါများနှင့် စပ်လျဉ်း၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ သတင်းထုတ်ပြန်ချက်

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးနှင့် အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးဟူသည့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အားလျော်စွာ ပြည်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်း၍ သန့်ရှင်းကောင်းမွန်သော အသားများ စားသုံးနိုင်ရန်အလို့ငှာ မိမိတို့ဌာနရှိ BSL – 2 အဆင့်ရှိသည့် ရန်ကုန်၊ မန္တလေးနှင့် ရွှေမြို့တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများတွင် ဝက်ကူးစက်ရောဂါများအပါအဝင် အခြားတိရစ္ဆာန်ကူးစက်ရောဂါများကို ရောဂါရှာဖွေစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကိုလည်း အစဉ်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယခုလက်ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပြည်နယ် (၁၀) ခုတွင် ရောဂါစူးစမ်းထောက်လှမ်းခြင်း ဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းတစ်ခုမှ ဝက်တုပ်ကွေးရောဂါ (Swine Flu – H1N1) ပိုးအသစ်တွေ့ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ COVID–19 ကာလနှင့် ဆက်စပ်၍

စာမျက်နှာ ၈ ကော်လံ ၁ ●

## စိုက်ပျိုး၊ စီးပွားဖွံ့ဖြိုးဖို့ သမဝါယမစွမ်းပကားဖြင့် ကူညီစို့

ဆောင်းပါး စာ–၁၀

## ကိုဗစ် – ၁၉ ကြောင့် ထိခိုက်ခဲ့ရသည့် အီးယူစီးပွားရေးအတွက် ဂျာမနီဝန်ကြီးချုပ် ရန်ပုံငွေရှာဖွေ

နိုင်ငံတကာရေးရာ စာ–၁၂

## ဂျပန်နိုင်ငံ ဒေသအချို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုများဖြစ်မည်

နိုင်ငံတကာရေးရာ စာ–၁၃

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၃-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ စာ–၁၅

# ဆာနေးကို အပြီးသတ်ခေါ်ယူလိုက်သည့် ဂျာမန်ချန်ပီယံ ဘိုင်ယန်

ဂျာမန်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် မန်စီးတီးအသင်းမှ လီရွိုင်ဆာနေးကို ကနဦး ပြောင်းရွှေ့ကြေး ပေါင် ၄၄ ဒသမ ၇ သန်းဖြင့် ၂၀၂၅ ခုနှစ် ဇွန် ၃၀ ရက်အထိ အပြီးသတ် စာချုပ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမား၏ ပြောင်းရွှေ့ကြေးသည် အပိုဆုကြေးများပါ ထည့်ပေါင်းပါက ပေါင် ၅၄ ဒသမ ၈ သန်းအထိ ရောက်ရှိသွားနိုင်ကြောင်း သိရသည်။

ဆာနေးသည် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူရန် ကာလရှည်ပစ်မှတ်ထားနေသော ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည် ၂၀၁၆ ခုနှစ်တွင် ပေါင် ၃၇ သန်းဖြင့် ရှော်လ်ကေး အသင်းမှ မန်စီးတီးအသင်းထံသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ပရီမီယာလိဂ်ဖလား နှစ်ကြိမ်၊ အက်ဖ်အေဖလား တစ်ကြိမ်နှင့် လိဂ်ဖလား နှစ်ကြိမ် ရရှိအောင် စွမ်းဆောင်ပေးနိုင်သူဖြစ်ကြောင်း သိရသည်။ ဆာနေးက ဘိုင်ယန်မြူးနစ်အသင်းနှင့် ငါးနှစ်စာချုပ် ချုပ်ပြီးနောက် "ကျွန်တော် ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဆုဖလားများစွာ ရယူချင်ပါတယ်။ ချန်ပီယံလိဂ်ဖလားကတော့ ပထမဦးစားပေးပေါ့" ဟု ပြောကြားခဲ့သည်။ ဆာနေးသည် မန်စီးတီးအသင်းအနေဖြင့် ပြီးခဲ့သည့်နှစ်က ပြည်တွင်းဖလားသုံးလုံးရရှိရာတွင် အဓိက အခန်းကဏ္ဍမှ

စာမျက်နှာ ၂၃ ကော်လံ ၅ ❁



KBZ LIFE Insurance
BEST LIFE INSURANCE COMPANY IN MYANMAR
01-2307001 | 09-957-777-999
Awarded by World Finance (2015) | (2016)
Asian Banking & Finance (2017, 2018, 2019)